# ပိဋကတ်ကျမ်းဂန်တော်လာ
# အစွမ်းထက်ဂါထာပရိတ်တော်များ



မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ
ဓမ္မာစရိယဦးအေးနိုင်(ဘီ၊ အေ)
ပြုစုသည်။

# ပိဋကတ်ကျမ်းဂန်တော်လာ
# အစွမ်းထက်ဂါထာပရိတ်တော်များ

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ
ဓမ္မာစရိယ ဦးအေးနိုင်(ဘီ၊အေ)
ပြုစုသည်။

ကျမ်းပြုသူ၏ အသက်(၈၀)ပြည့်မွေးနေ့
ဓမ္မဒါန
၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ

**စာအုပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၄/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၆၅/၂၀၀၂ (၁၂)

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ

(ပထမအကြိမ်)

အုပ်ရေ-၁၀၀၀

**ပုံနှိပ်သူ**

ဦးကျော်စန်းလင်း

**Ever Green Offset**

အမှတ် (၉၀)၊ (၈) လမ်း၊ လမ်းမတော်မြို့နယ်။

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်

ချိုတေးသံစာပေ၊ ရွှေနံ့သာစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

**စီစဉ်သူ**

ဒေါ်သက်သက်ခိုင် (မြတ်ဆုမွန်စာပေ)

၂၅၈၇၈

ကျေးဇူးရှင်မိဘနှစ်ပါးကိုအမှူးထား၍
သားသမီးမြေးများဖြစ်ကြသော

၁။ မောင်တင်ထွန်းနိုင်၊ မညိုညိုလွင်၊ မချမ်းမြေ့သီတာ၊
မပြည့်ဝန်းရတနာ၊

၂။ မောင်အောင်မျိုးနိုင်၊ မနီနီသိန်း၊ မစုသိင်္ဂါနိုင်၊

၃။ မနီလာအေး၊

၄။ မောင်ဝေလင်းနိုင်၊ မခင်စန္ဒာအေး၊ ပိတိ(ခ)ရွှေယမင်းဦး

တို့၏
အမြတ်ဆုံးဓမ္မဒါနကောင်းမှု

## ဓမ္မာစရိယ ဆရာကြီးဦးအေးနိုင်(ဘီ၊အေ)
### ရေးသားခဲ့သောစာအုပ်များ

၁။ ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် (အတွဲ–၁)
၂။ ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် (အတွဲ–၃)
၃။ ဝိုင်၊အမ်၊ဘီ၊အေ ရုပ်ပိုင်းပို့ချချက်များ
၄။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းဦးရှုဘွယ်(စာမူ)
၅။ ဆယ့်နှစ်ရာသီ မြန်မာ့ရိုးရာ ရာသီပွဲတော်များ
၆။ ဗုဒ္ဓယဉ်ကျေးမှုမြန်မာ့လေ့ပွဲတော်များ
၇။ ဝိုင်အမ်ဘီအေ (၃၈)ဖြာမင်္ဂလာ အမေးအဖြေ
၈။ မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ
၉။ မြတ်ဗုဒ္ဓ၏ကြီးပွားချမ်းသာရေးလမ်းညွှန်ချက်များ
၁၀။ ဖတ်စရာမှတ်စရာ ဓမ္မရေးရာပဒေသာ(ပထမတွဲ)
၁၁။ ဗုဒ္ဓကျမ်းလာနတ်ဒေဝါများ
၁၂။ ဗုဒ္ဓဘာသာဂုဏ်ရည်ကျမ်း(စာမူ)
၁၃။ မေတ္တာဂုဏ်ရည်(စာမူ)
၁၄။ မြတ်ဗုဒ္ဓဂုဏ်ရည်(ဗုဒ္ဓါနုဿတိဘာဝနာ) (စာမူ)
၁၅။ မြတ်ဆုမွန်ဘာသာရေးအမေးအဖြေများ(စာမူ)

# မာတိကာ


– အမှာစာနှင့်တိုက်တွန်းလွှာ– ၇

၁။ ဘေးရန်ကင်းပ ကြံ့သမျှအောင်မြင်သော
သဝေမပါကိုးဂါထာ ၂၀

၂။ လိုသမျှရ၊ ကြံ့သမျှအောင်မြင်၊ ဘေးရန်ဖဲကြဉ်သော
ဘုရားဂုဏ်တော်ကိုးပါး ၂၉

၃။ အရောင်းအဝယ်ကောင်း၊ အန္တရာယ်ကင်းသည့်
ဂုဏ်တော်ကွန်ခြာ ၃၈

၄။ အန္တရာယ်ခပ်သိမ်းကင်းငြိမ်း၊ ရာထူးရ၊ စီးပွားတက်သော
ပဋ္ဌာန်း(၂၄)ပစ္စည်း ၄၆

၅။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းသော ပဋိစ္စသမုပ္ပါဒ်တရားတော် ၅၄

၆။ အန္တရာယ်ကင်း၊ လာဘ်လာဘပေါသော
အာဝေဏိကဂုဏ်တော်များ ၆၃

၇။ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်း ရန်ခပ်သိမ်း
ကင်းငြိမ်းစေသော မြတ်ဗုဒ္ဓ၏
(အနန္တရာယိကဓမ္မ)ဂုဏ်တော်များ ၇၀

၈။ စီးပွားတက်၍ အသက်ဘေးမှလွတ်မြောက်သော
နတ်ချစ်ဂါထာများ ၇၇

၉။ သက်ရှည်ဘေးရှင်းရောဂါကင်းသည့် ဘုရားဟောဂါထာ ၈၃

၁၀။ ရန်သူမမြင်နိုင်သော ကိုယ်ပျောက်ဂါထာ ၉၀

၁၁။ လောကီလောကုတ္တရာ လိုရာအဖြာဖြာရသော
သမ္ဗုမင်္ဂလာဂါထာတော် ၉၄

၁၂။ အချုပ်အနှောင်မှလွတ်မြောက်
နေရာထိုင်ခင်းအဆင်ပြေသောဂါထာတော် ၁၀၀

၁၃။ အန္တရာယ်ခပ်သိမ်းကင်းငြိမ်းစေသော
ယေဖြာဟွဏာ–ဂါထာ ၁၀၆

၁၄။ ဘေးအန္တရာယ်ခပ်သိမ်းကို ကင်းငြိမ်းကာကွယ်သော
ဗုဒ္ဓ၏ မိန့်ခွန်းတော် ၁၁၃

၁၅။ ရာထူးတက် စာမေးပွဲအောင်
နိုးသားဓားပြဘေးကိုကာကွယ်စေသော မန္တန် ၁၁၇

၁၆။ အန္တရာယ်ကင်း လာဘ်ပေါ်များခြင်းကိုပေးစွမ်းသော
သမ္ဗုဒ္ဓေဂါထာတော်ကြီး ၁၂၀

၁၇။ အရာရာသိဒ္ဓိပေါက်အောင်မြင်နိုင်သော ပဌာန်း ဂါထာ ၁၂၉

၁၈။ ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားနှစ်ဖြာကို
ပေးစွမ်းနိုင်သောဂါထာ ၁၃၅

၁၉။ စာမေးပွဲအောင်ခြင်း စသောအကျိုးများရနိုင်သောဂါထာ ၁၄၀

၂၀။ ဘီလူး သားရဲဘေး စသောဘေးအမျိုးမျိုးမှ
လွတ်မြောက်နိုင်သောဂါထာ ၁၄၅

၂၁။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်သော
ဒုဋ္ဌဂါမဏိဂါထာတော် ၁၄၉

၂၂။ ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့
ပျောက်ကွယ်တားဆီးနိုင်သော
မာရ်လက်နက်ကိုးဖြာ အောင်ဇေယျ၀န္တနာဂါထာများ ၁၅၄

၂၃။ လိုသမျှရ၊ ကြံသမျှအောင်မြင်နိုင်သော "ဣစ္ဆန္တ"ဂါထာ ၁၆၀

၂၄။ အရာခပ်သိမ်းအောင်မြင်ပြီးငြိမ်းနိုင်သော
အောင်ရှစ်ချက်သစ္စာပန္နက်ဂါထာ ၁၆၅

၂၅။ ကျေးရှုးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဓမ္မသံဝေဂသြဝါဒကထာများ ၁၆၈

## အမှာစာနှင့်တိုက်တွန်းလွှာ
## ထေရဝါဒနှင့် ဂါထာမန္တန်ရွတ်ဆိုမှုများ

'ဂါထာမန္တန်များရွတ်ဆိုမှုသည် ထေရဝါဒနှင့်ဆန့်ကျင်ပါသလော?' ဟူသောအမေးကို အကျဉ်းချုပ်ဖြေဆိုတင်ပြမည်ဖြစ်သည်။ စာရေးသူတို့နိုင်ငံ၌ ဒုတိယကမ္ဘာစစ်မီးကြီး မတောက်လောင်မီကပင် အန္တရာယ်ကင်းဂါထာများကို အစဉ်အလာအရ ရွတ်ဆိုသူများရှိကြသည်။ သို့သော်လူနည်းစုမျှသာဖြစ်ပါ၏။ ကမ္ဘာစစ်ကြီးအတွင်း၌မူ ဗုံးဘေး၊ စက်သေနတ်ဘေး၊ ဓားပြဘေး စသည်တို့ကိုကြောက်သောကြောင့် ဂါထာရွတ်ဆိုသူများ တစ်စတစ်စ များလာ၏။ လူဝတ်ကြောင်များသာမဟုတ်၊ ရဟန်းသံဃာတော်များပါ ရွတ်ဆိုတော်မူကြသည်။ ကမ္ဘာစစ်ကြီးပြီးဆုံးသွားသည့်အခါ၌မူ ထိုဘေးများမရှိတော့သဖြင့် ဂါထာရွတ်ဆိုသူများ နည်းပါးသွားသည်ကို တွေ့ရ၏။

သို့သော ယခုမျက်မှောက်ခေတ်ကာလ၌မူ မည်သို့သောအကြောင်းကြောင့်မသိ ဂါထာရွတ်ဆိုသူများ ပြန်များလာကြ၏။ 'အစွမ်းထက်သည့်ဂါထာများ' စသော စာအုပ်များလည်း တစ်အုပ်ပြီးတစ်အုပ် ထွက်လာ၏။ ဘာသာရေးမဂ္ဂဇင်းများ၌ပင် ဂါထာအကျိုး၊ ဂါထာတန်ခိုး ဆောင်းပါးများ လွှမ်းမိုးလာ၏။ မဂ္ဂဇင်းအချို့ အမေးအဖြေကဏ္ဍ၌လည်း အနက်ပေး၍ရသော ဂါထာများ၊ အနက်ပေး၍မရသော ဂါထာများကို အနက်ပေးခိုင်းကြ၏။ ဂါထာသာမက 'ဥုံ မဏိ ပဒ္မေဟုံ' စသည့် တိဗက်မဟာယာနမန္တန်တို့ကိုပင် ရွတ်ဆိုမှုပြုလာကြသည့်အပြင် ဈေးဆိုင်များ၌ပင် ထိုမန္တန်ကတ်ကလေးများကို ချိတ်ဆွဲထားလာကြ၏။

ထိုအခါ ထေရဝါဒဗုဒ္ဓဘာသာဝင်များလောကတွင် ပြဿနာပေါ်လာ၏။ 'ထေရဝါဒဗုဒ္ဓဘာသာဝင်တွေဟာ ဂါထာမန္တန်တွေကို ရွတ်ဆိုကောင်းရဲ့လား'ဟု မေးစစ်လာကြ၏။ ထိုအမေးကို အတိုချုပ်ဖြေဆိုရလျှင် ထေရဝါဒပိဋကတော်လာဂါထာ၊ စုဏ္ဏိယများနှင့် ပိဋကတော်များနှင့် လိုက်လျောညီထွေဖြစ်သည့် ဂါထာ၊ စုဏ္ဏိယတို့ကိုသာ ရွတ်ဆိုကောင်းပါသည်။ ထေရဝါဒပိဋကတော်၌ 'မန္တန်'မရှိသဖြင့်(ဝါ)မန္တရဝါဒကို ဘုရားရှင် မလိုလားသဖြင့် မန္တန်ကို လုံးဝမရွတ်ဆိုကောင်းပါဟု ဖြေဆိုရမည်ဖြစ်ပါသည်။ (စုဏ္ဏိယ=ပါဠိစကားပြေ။)

**ဂါထာနှင့်မန္တန်**

ဆက်၍ဆိုပါဦးမည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဂါထာမန္တန်တို့၏အဓိပ္ပာယ်ကို ကွဲကွဲပြားပြားသိထားရန် လိုပါ၏။ ဂါထာဆိုသည်မှာ ဆန်းကျမ်းလာစည်းကမ်းချက်များနှင့်အညီ စီကုံးဖွဲ့ဆိုထားသည့် 'ပါဠိကဗျာ၊ ပါဠိသီချင်း'ဖြစ်၏။ တစ်ဂါထာမှာ ၄-ပါဒသော်လည်းကောင်း၊ ၆-ပါဒသော်လည်းကောင်းရှိသည်ဟု ထေရအဋ္ဌကထာ၌ မိန့်ဆိုထား၏။ ဆန်းကျမ်းအရ တစ်ပါဒလျှင် ၆-လုံးဘွဲ့မှစ၍ ၂၂-လုံးဘွဲ့အထိရှိ၏။ ပိဋကကျမ်းများ၌ကား '၈-လုံးဘွဲ့၊ ၄-ပါဒ'ရှိသည့် ဂါထာကများ၏။

သုတ္တန်ပါတ်ပါဠိတော်၌ကား ၃-ပါဒ၊ အက္ခရာ ၂၄-လုံးပါရှိသော 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'ဟူသော 'အရိယသာဝိတ္တိဂါထာ'လည်းရှိသည်ဟု ဟောထား၏။ အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသဆရာတော်ကမူ ထို'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်တို့ကိုပင် တစ်ပါဒကိုတစ်ဂါထာ သတ်မှတ်ကာ ဗုဒ္ဓါလင်္ကာရပျို့တွင် 'ကပ္ပိလသို့၊ နှစ်လခရီး၊ တောကြီးတောင်ခြေ၊ ရောက်ကုန်လေလည်း၊ သဝေမပါ၊ ကိုးဂါထာဟု၊ မြတ်စွာဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ သရဏံပီတိ၊ ဂစ္ဆာမိကို၊ ရွတ်ဘိနှုတ်ဝယ်၊ သရဏ္ဍာယ်ကာ၊ ဘယာနတ္ထိ၊ ဘေးမရှိသည်၊ သုခိချမ်းကြည်၊ များကုန်သည်တို့' စသည်ဖြင့် 'သဝေမပါ၊ ကိုးဂါထာ' ဟု ဖွဲ့ဆိုခဲ့သည်ကိုတွေ့ရ၏။

ဂါထာသည် ဘုရားဟောပိဋကပါဠိတော်များတွင် အရေးပါသော အဖွဲ့ဖြစ်၏။ အရှင်အဿဇိမထေရ်ဟောကြားသော 'ယေဓမ္မာ ဟေတုပ္ပ-ဘာဝါ'စသော ဂါထာဝက်မျှကို နာကြားရရုံဖြင့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်မှာ သောတာပန် တည်သွား၏။ ဥပတိဿက တစ်ဂါထာလုံးကို ပြန်လည်ဟောကြားသဖြင့် လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ်မှာလည်း သောတာပန်တည်သွား၏။ ဘုရားရှင် တစ်ဂါထာဟောကြားရုံမျှဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်သွားကြသည့် ပုဂ္ဂိုလ်များမှာ မရေမတွက်နိုင်အောင်ရှိ၏။

ထို့ပြင် ဘုရားဟောပိဋကတော်များ၌ ဟောပုံဟောနည်းအရ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ စသည်ဖြင့် အင်္ဂါကိုးတန်ရှိရာ 'ဂါထာ' မှာ အင်္ဂါရပ်တစ်ခုအဖြစ် ပါဝင်၏။ ဓမ္မပဒ၊ ထေရဂါထာ၊ ထေရီဂါထာ တို့နှင့် သုတ္တနိပါတ်ပါဠိတော်၌ သုတ်အမည်မပါ ဂါထာချည်းသက်သက် ဟောထားသည့် တရားတော်တို့ကား 'ဂါထာ'အမည်ရသည့် တရားတော်တို့တည်း။ ဤသည်မှာ ဂါထာ၏အဓိပ္ပာယ်အကျဉ်းဖြစ်၏။

မန္တ–ဟူသော ပါဠိမှ မန္တန်ဖြစ်လာ၏။ မန္တ–ပါဠိသည် မန္တန်အပြင် ဗေဒင်ကျမ်း၊ တိုင်ပင်ခြင်းဟူသော အနက်အဓိပ္ပာယ်များကိုလည်းပြဆို၏။ သက္ကတ–၌ မန္တရဟုရှိ၏။ ထိုမှ မန္တရားဖြစ်လာ၏။ မန္တာ ဝုစ္စတိ ပညာ–ဟု သုတ္တနိပါတ်အဋ္ဌကထာ၌ မိန့်ဆိုထားသောကြောင့် မန္တန်သည် ပညာရပ်တစ်ခုဖြစ်သည်။ ထိုမန္တန်ပညာရပ်ကား တန်ခိုးကြီးမား၏။ လောကီကျိုးများစွာရှိ၏။ ပိဋကတော်လာ ဇာတ်တော်များ၌ မန္တန်၏ တန်ခိုး အကျိုးတို့ကား များလှ၏။ နက္ခတ်အယှဉ်၌ ဝေဒဗ္ဗမန္တန်ကို မန်းမှုတ်လျှင် ရတနာမိုးရွာ၏။ အကာလဖလမန္တန်ဖြင့် သရက်ပင်ကို မန်းမှုတ်လျှင် အခါမဟုတ် သရက်သီး သီး၏။ ပထဝီဇယမန္တန်ကို မန်းမှုတ်လျှင် မြေပြင်ပေါ်ရှိရန်အပေါင်းကို အောင်နိုင်၏။ နိဓိဥဒ္ဓါရဏ မန္တန်ကို မန်းမှုတ်လျှင် မြေထဲ၌ရှိသော ရွှေငွေရတနာတို့ကို သိနိုင်၏။

သဗ္ဗရုတညာဏနှင့်မန္တန်ကို မန်းမှုတ်လျှင် သတ္တဝါအားလုံးတို့၏ ဘာသာစကားကို သိနိုင်၏ စသည်ဖြင့် များလှ၏။ သို့သော် ဇာတ်တော်များ၌ မန္တန်ကိုကား ဖော်မပြ၊ မန္တန်အမည်သာပါ၏။

ထို့ပြင် ပိလိန္ဒဝစ္ဆမထေရ်သည် လူဖြစ်စဉ်က စူဠဂန္ဓာရီမန္တန်ကို တတ်၏။ မန္တန်ဖြင့် ကောင်းကင်သို့ပျံသွားနိုင်၏။ သူတစ်ပါးတို့ စိတ်အကြံကို သိနိုင်၏။ ဝင်္ဂီသမထေရ်သည်လည်း လူဖြစ်စဉ်က ဆဝသီသမန္တန်ကို တတ်၏။ သေသူ၏ဦးခေါင်းခွံကို မန္တန်ဖြင့်မန်းလျှင် ဤသူငရဲသို့သွား၏။ နတ်ပြည်သို့သွား၏။ ပြိတ္တာဖြစ်၏ စသည်ဖြင့် သိနိုင်၏။ ဇာတ်တော်များ၌ မန္တန်စုပ်ပြီး ကောင်းကင်ပျံနိုင်သည့် မန္တန်ဝိဇ္ဇာဓိုရ်များကို များစွာတွေ့ရ၏။ ဇရိလသူဌေးကြီးသည်ပင် မန္တန်ဝိဇ္ဇာဓိုရ်၏သားဖြစ်၏။ ဆက္ကနိပါတ် ဝိဇ္ဇာဓရဇာတ်၌ ဝိဇ္ဇာဓိုရ်တစ်ဦးသည် မန္တန်စုပ်ပြီး သန်းခေါင်ယံအချိန်၌ ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးအခန်းသို့ဝင်လာပြီး မိဖုရားကြီးနှင့်ပေါင်းဖော်၏။ နောက် မင်းမှုထမ်းတို့ဝိုင်းဖမ်းကြရာ မန္တန်စုပ်၍ ကောင်းကင်သို့ပျံသွားကြောင်း တွေ့ရ၏။ မန္တန်မှာ လောကီပညာရပ်ဖြစ်၍ ဘုရားရှင် လိုလားတော်မမူ။ မန္တန်အတတ်ပညာရှင်များဖြစ်သည့် ပိလိန္ဒဝစ္ဆနှင့် ဝင်္ဂီသတို့ကို ရဟန်းပြုပေးတော်မူခြင်းဖြင့် လိုလားတော်မမူကြောင်း ထင်ရှား၏။

ဗားမဲ့ဆရာတော် လက်တွေ့ကျမ်း၌ 'ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းတို့၌လာသမျှကို ဂါထာ၊ ဉှပါသည်ကို မန္တန်၊ ဩြောင်း ပါသည်ကို မန္တရားခေါ်သည်'ဟု ခွဲခြားပြထား၏။ ရှေးကပင် မန္တန်များကိုအသုံးပြုသော တန္တရကိုဏ်း မန္တရကိုဏ်းများ ရှိခဲ့ကြ၏။ ဟိန္ဒူဗြာဟ္မဏတို့နှင့် မဟာယာနတို့သည် အများအားဖြင့် မန္တန်များကို အသုံးပြုကြ၏။ ဟိန္ဒူတို့သည် ကုလ္လာလိနိတန္တရ စသော ဟိန္ဒူတန္တရကျမ်းများကိုပင် ရေးသားကြ၏။ (တန္တရ=ဉာဏ်ပညာရကြောင်း မန္တန်)။

ထိုဂိုဏ်းများအဆိုအရ မန္တန်မှာ ယခုဘဝ လောကီကောင်းကျိုးမျှကိုသာမက မန္တန်ရွတ်ရုံဖြင့် နိဗ္ဗာန်ရနိုင်၏။ နတ်ပြည်ရောက်နိုင်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်များရနိုင်၏။ ပြုမိသမျှ မကောင်းမှုအကုသိုလ်ကံများ ပပျောက်၏။ ငရဲကျမည့်ဘေးမှလွတ်၏။ အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်ရန်မလို၊ သီလစောင့်ရန်မလို၊ မန္တန်ရွတ်ဖို့သာလို၏ဟု ဆို၏။ ဤကဲ့သို့ ကံကိုပယ်သောကြောင့် မန္တန်ဝါဒကို ကံကို အခြေခံထားသော ထေရဝါဒဗုဒ္ဓဘာသာက လက်မခံ၊ ပစ်ပယ်၏။ ရှုတ်ချ၏။ မြန်မာနိုင်ငံ၌ ပုဂံခေတ်တွင် အနော်ရထာဘုရင်သုတ်သင်ဖယ်ရှားခဲ့ရသော အရည်းကြီးတို့သည်ကား တိုတန္တရဂိုဏ်း၊ မန္တရဂိုဏ်း အဆက်အနွယ်များပင်ဖြစ်ကြသည်။ ဤသည်မှာ မန္တန်အကြောင်း အကျဉ်းချုပ်ဖြစ်၏။

**ထေရဝါဒနှင့်မန္တန်**

ဘုရားဟော ထေရဝါဒပိဋကပါဠိတော်များကို မန္တန်ဟု သုံးနှုန်းထားသည်ကို သံဂါယနာတင် ထေရဝါဒပိဋကတော်များ၌ လုံးဝ မတွေ့ရှိရပါချေ။ ဖော်ပြပါ ဝင်္ဂီသဝတ္ထု၊ ပိလိန္ဒဝစ္ဆဝတ္ထုတို့၌ ဝင်္ဂီသနှင့် ပိလိန္ဒဝစ္ဆတို့က ဗုဒ္ဓမန္တန်နှင့် မန္တန်ဝိဇ္ဇာပညာရပ်တို့ကို သင်ပေးဖို့ ဘုရားရှင်အား လျှောက်ထားသည့်အခါ ရဟန်းဝတ်မှသင်ပေးမည်ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြား၏။ ဝင်္ဂီသလုလင် ရဟန်းဝတ်ပြီးသည့်အခါ ဘုရားရှင်က (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပေး၍ 'ထိုမန္တန်၏ပရိကံကို သရဇ္ဈာယ်ဦးလော့'ဟု မိန့်ကြားတော်မူရာ လုလင်မှာ ထိုကမ္မဋ္ဌာန်းဖြင့်ပင် ရဟန္တာဖြစ်သွားခဲ့သည်။ ဤဝတ္ထုတို့၌ မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ်တို့ ရဟန္တာဖြစ်ရေးကိုငဲ့၍ ထိုပုဂ္ဂိုလ်၏အလိုသို့လိုက်ကာ ပရိယာယ်ဖြင့် မန္တန်ဟု သုံးနှုန်းမိန့်ကြားခြင်းသာဖြစ်၏။ ဗုဒ္ဓတရားတော်ကို မုချအားဖြင့် မန္တန်ဟု သုံးနှုန်းတော်မူခြင်းမဟုတ်ချေ။

တတိယသံဂါယနာကို ဦးဆောင်တင်တော်မူခဲ့သည့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်လောင်း ပုဏ္ဏားလုလင်ကလေးအား အရှင်သိဂ္ဂဝရဟန္တာမထေရ်မြတ်က စိတ္တယမိုက်လာ အဘိဓမ္မာပုစ္ဆာပါဠိတော်ကိုမေးရာ ဗေဒင်ကျမ်းများကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည့် ဝေဒပါရဂူ ပုဏ္ဏားလုလင်ကလေးမှာ မဖြေကြားနိုင်ဘဲရှိသဖြင့် 'ဒီဟာ

ဘာပညာပါလဲ'ဟု မေးလျှောက်လိုက်၏။ ထိုအခါ မထေရ်မြတ်က 'လုလင်၊ ဒါ ဗုဒ္ဓမန္တန်ဖြစ်တယ်'ဟု ပြန်လည်ဖြေကြားသည်ကို တွေ့ရ၏။ ဤ၍ရဟန္တာမထေရ်မြတ်၏အဖြေ၌ 'ဗုဒ္ဓမန္တန်'ဆိုသည်မှာ ဗေဒင်တတ်သည့်ပုဏ္ဏားဖြစ်သည့်အားလျော်စွာ 'ဗုဒ္ဓဗေဒင်'ဟု ဖြေဆိုခြင်းသာ ဖြစ်သည်။ မန္တရဂိုဏ်းသားတို့ရွတ်ဆိုသည့် မန္တန်မျိုးကို ဆိုလိုခြင်း မဟုတ်ပါချေ။ (မန္တ=ဗေဒင်။)

ထေရဝါဒ ပိဋကအဋ္ဌကထာကျမ်းများ၌လည်း 'ဗုဒ္ဓမန္တန်'ဟူသော သုံးနှုန်းထားသည်တို့ကိုလည်း တွေ့ရ၏။ ဥပမာအားဖြင့် ပုရိသလက္ခဏာကျမ်းမည်သည် ယောကျ်ားမြတ်ဖြစ်ကြကုန်သော ဘုရားစသူတို့၏ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာ စသော ဂန္ထပေါင်း တစ်သောင်း နှစ်ထောင်ရှိသော လောကီဗေဒင်ကျမ်းတည်း။ ထိုကျမ်း၌ ဂါထာပေါင်း တစ်သောင်းခြောက်ထောင်ရှိကုန်သော ဗုဒ္ဓမန္တန်တို့ ပါဝင်ကုန်၏ဟု အင်္ဂုတ္တရအဋ္ဌကထာ၌လည်းကောင်း၊ မန္တန်ဆိုသည်မှာ ဗေဒင်ကျမ်း ဖြစ်၏။ ထိုမန္တန်ခေါ် ဗေဒင်ကျမ်းတို့၌ ဘုရားလောင်းတောမထွက်မီ စောစောစီးစီး ကြိုတင်၍ သုဒ္ဓါဝါသပြဟ္မာကြီးတို့သည် ပုဒ်အက္ခရာ ဂါထာဝါကျတို့ကို ထည့်သွင်းကြ၍ ဤအပိုင်းတို့သည် ဗုဒ္ဓမန္တန်ပိုင်းတို့တည်း(ဝါ)ဗုဒ္ဓဗေဒင်ပိုင်းတို့တည်းဟု ပုဏ္ဏားဟန်ဆောင်၍ ဗေဒင်တို့ကို ပို့ချလာကြကုန်သတဲ့ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဗြဟ္မာယုသုတ်အဖွင့်၌ လည်းကောင်း မိန့်ဆိုထားကြ၏။ ထိုအဋ္ဌကထာတို့၌ ဗုဒ္ဓမန္တန်ဟူသော အဆိုအမိန့်တို့သည်လည်း ဗေဒင်ပညာကိုဆိုလိုကြောင်း ထိုအဋ္ဌကထာ စကားတို့ဖြင့်ပင် ထင်ရှားပေသည်။ (မန္တ=ဗေဒင်။)

ဆိုစရာရှိပါသေး၏။ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ အသုံးပြုနေကြသည့် ပရိတ်ကြီး(၁၁)သုတ်တွင် ဘုရားဟောမဟုတ်ဘဲ သုတ် အစ အစ၌ ရှေးဆရာတော်ကြီးများ စီရင်ရေးသားခဲ့ကြသည့် အကျိုးပြ အမွှန်းဂါထာများ သုတ်အတိုင်းပါရှိ၏။

ထိုတွင် ခန္ဓာသုတ်အမွှန်းဂါထာ၌ 'ဒိဗ္ဗမန္တ ၁ ဂဒံဝိယ' (နတ်မန္တန်၊ နတ်ဆေးဝါးကဲ့သို့)။ မောရသုတ်အမွှန်းဂါထာတွင် 'ပြဟ္မမန္တံ' (ထူးမြတ်သောမန္တန်တော်)။ 'ဗောဇ္ဈင်သုတ်အမွှန်းဂါထာ၌ 'သြသဓေ့ ဣမံ မန္တံ' (ရောဂါပျောက်ရေးဝယ် ဆေးသဖွယ်ဖြစ်သော၊ အန္တရာယ်ကင်းရေးဝယ် မန္တန်သဖွယ်လည်းဖြစ်သော ဤဗောဇ္ဈင်သုတ်ပရိတ်တော်ကို) ဟူ၍ အသီးသီးပါရှိကြ၏။ ဤသို့ပါရှိရာ၌ သုတ်ပရိတ်တော်များကို မုချကေန် မန္တန်ခေါ်သည်ဟု ဖွဲ့ဆိုရေးသားခဲ့ကြခြင်းမဟုတ်ပါချေ။

အမှန်အားဖြင့် လောကီလူသားများ ပို၍သဘောပေါက်နားလည်စေလိုသော ဆန္ဒမွန်များဖြင့် ပရိတ်သုတ်တော် အချို့ကို မန္တန်ဆေးတို့ဖြင့် နိုင်းနှိုင်း၍ ဥပမာအလင်္ကာမြောက်အောင် တင်စားရေးသားခဲ့ခြင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ကြောင့် ဘုရားဟောပါဠိတော်များကို အထူးသဖြင့် ဂါထာတော်များကို ဂါထာမန္တန်ဟုလည်းကောင်း၊ မန္တန်ဟုလည်းကောင်း မခေါ်ဝေါ်ရ၊ မသုံးနှုန်းရ။ ဟောပုံဟောနည်းကိုလိုက်၍ 'သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ ဂါထာ'စသည်ဖြင့်သာ ခေါ်ဝေါ်သုံးစွဲရ၏။

## ဂါထာစွမ်းအင် တန်ခိုးအာနိသင်

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ပရိတ်ဂါထာ စသောတရားတော်များ၏အာဏာစက်သည် အာဏာခေတ်ဟူသော စကြဝဠာကုဋေတစ်သိန်းအထိ အာဏာတော်ပျံ့နှံ့၏။ သို့ဖြစ်၍ ဘုရားဟောဂါထာများကို ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းအဖြစ် အကာအကွယ်အရံအတားအနေဖြင့် ရွတ်ဆိုမှုသည် ဘုရားရှင်လက်ထက်တော်ကပင် ရှိခဲ့၏။

တစ်နေ့တွင် ရဟန်းတော်တစ်ပါး မြွေကိုက်ခဲ၍ပျံလွန်တော်မူသွားသည့်အကြောင်းကို ဘုရားရှင် သိတော်မူသွား၍ မြွေနဂါးတို့ကို မေတ္တာမပို့သဖြင့် မြွေကိုက်ခံရခြင်းဖြစ်ကြောင်း' မိန့်တော်မူကာ 'ရဟန်းတော်များသည် မိမိတို့ခန္ဓာကိုယ်လုံခြုံရေးအတွက်(အတ္တဂုတ္တိယာ)။ မိမိကိုယ်ကို

စောင့်ရှောက်ရေးအတွက် (အတ္တရက္ခာယ)။ မိမိကိုယ်၏အကာအကွယ် အရံအတားအတွက်(အတ္တပရိတ္တာယ) ဝိရူပက္ခ စသော မြွေနဂါးလေးမျိုးတို့ကို မေတ္တာပို့သကြရန် ငါဘုရားခွင့်ပြုတော်မူ၏ဟု မိန့်တော်မူကာ 'ဝိရူပက္ခေဟိ မေ မေတ္တံ'စသော ၆-ဂါထာတို့ကို သင်ကြားပေးတော်မူ၏။ ရဟန်းတော်များကလည်း မြွေ စသော ဘေးရန်များမှကင်းရန် ထိုဂါထာများကိုရွတ်ဆိုကြသည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်'အဟိရာဇ'သုတ်၌တွေ့ရ၏။ ဤသုတ်သည် ပရိတ်ကြီးတွင် 'ခန္ဓသုတ်'အမည်ရှိသောသုတ်ဖြစ်၏။

ဘုရားရှင်သည် မေတ္တသုတ်ဂါထာတော်များကို ကမ္မဋ္ဌာန်းနှင့် အကာအကွယ်အရံအတားအတွက် ရဟန်းတော်များအား သင်ကြားပေးရာ ရဟန်းတော်တို့ ရွတ်ဆိုပွားများကြသဖြင့် နတ်တို့နှောင့်ယှက်နေသောဘေးရန်မှ ကင်းဝေးသွားကြသည့်အပြင် ဝါတွင်းမှာပင် အားလုံးရဟန္တာဖြစ်သွားကြ၏။ ဝေသာလီပြည်ကြီးတွင် အစာငတ်ဘေး ဘီလူးသရဲဘေးနှင့် ရောဂါဘေး ဟူသော ဘေးကြီးသုံးမျိုးကျရောက်နေစဉ်ကလည်း ဘုရားရှင်သည် အရှင်အာနန္ဒာအား ရတနသုတ်ဂါထာတော်များကို သင်ကြားပေးပြီး မြို့ကိုလှည့်ပတ်ရွတ်စေတော်မူရာ ဘေးများအားလုံးပျောက်ကင်းသွား၏။ ထို့ပြင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ လျှောက်ထားလာသော 'အာဋာနာဋိယသုတ်ဂါထာများ'ကို လက်ခံတော်မူပြီး 'ရဟန်းတို့အား သင်ယူကြ၊ လေ့လာကြ၊ နှုတ်တက် အာဂုံဆောင်ထားကြ၊ ရွတ်ဆိုကြ၊ ဤသုတ်သည် အကျိုးစီးပွားနှင့် စပ်၏။ နတ်ဘီလူးတို့မညှဉ်းဆဲနိုင်၊ ချမ်းချမ်းသာသာနေရ၏'ဟု ဘုရားရှင်ကိုယ်တော်တိုင် တိုက်တွန်းတော်မူ၏။

ထို့ပြင် တစ်ချိန်သောအခါက နန္ဒမာတာခေါ် အနာဂါမ်အမျိုးသမီးကြီးသည်ပင် မိုးသောက်ယံအချိန်၌ သုတ္တနိပါတ်ပါဠိတော်လာ ပါရာယနဝဂ်ဂါထာများကို ရွတ်ဆိုနေရာ တွေ့ဆုံစကားပြောဆိုရန် ခဲယဉ်းလှသော ကုဝေရခေါ် စတုမဟာရာဇ်နတ်မင်းကြီးနှင့်လည်း တွေ့ဆုံစကားပြောရ၏။ အဂ္ဂသာဝကကြီးနှစ်ပါး အမှူးရှိသော သံဃာတော်များ

ကိုလည်း နံနက်ဆွမ်းကပ်ရ၏။ (၁၃၅၀)အရေအတွက်ရှိသော စပါးကျီများ၌လည်း စပါးအားလုံး အလိုလိုပြည့်သွားပြီးနောက် ယုတ်လျော့သွားမှုမရှိခြင်း စသော အကျိုးတရားများကို ရရှိခံစားရ၏။ ဤသည်တို့မှာ ဂါထာများကိုရွတ်ဆိုရန် ဘုရားရှင်ကိုယ်တိုင် စေခိုင်းတိုက်တွန်းတော်မူခြင်းနှင့် ဂါထာစွမ်းအင် တန်ခိုးအာနိသင်အချို့တို့ဖြစ်ပါသည်။

**ဘုရားဟောမဟုတ်သော ဂါထာများ**

ယခု ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာဝင်များ ရွတ်ဆိုအသုံးပြုနေကြသည့်ဂါထာများတွင် ဘုရားဟောဂါထာများပါရှိသကဲ့သို့ ဘုရားဟောမဟုတ်သည့် ရှေးကျမ်းဂန်တတ်ဆရာတော်ကြီးများ စီရင်ရေးသားခဲ့ကြသည့် ဂါထာများလည်း အများအပြားပါဝင်လျက်ရှိ၏။ ထိုဘုရားဟောမဟုတ်သည့် ဂါထာများမှာ ပရိတ်ကြီး၌ သမန္တာ မှ ရာဇတောဝါအထိ ဂါထာစုဏ္ဏိယများ၊ ပရိတ်သုတ်တိုင်းရှိ ထိပ်ဆုံးမှအမွှန်းဂါထာများ၊ ဗောဇ္ဈင်္ဂသုတ်လာ ဂါထာများအားလုံး၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ ဥပ္ပါတသန္တိဂါထာများ၊ သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာ၊ စ-ဓ-ဗ-ဝ ဂါထာ၊ ရှင်သီဝလိဂါထာများ (ရှေ့ဆရာတော်ကြီးများ)၊ သုဝဏ္ဏဘုမ္မိဂါထာ(အဋ္ဌကထာ)၊ ပထမံဂါထာ (ဋီကာ)၊ ကူလဋ္ဌေဂါထာ(ဋီကာ) စသည်တို့ဖြစ်၏။ ပရိတ်ကြီး၌လည်း အာဋာနာဋိယသုတ်နှင့် ပုဗ္ဗဏှသုတ်တို့မှာ ဘုရားဟော, မဟော နှစ်မျိုးရော ဂါထာများဖြစ်ကြ၏။

ထို့ကြောင့် ထိုဘုရားဟောမဟုတ်သော ဂါထာများကို ရွတ်ကောင်း, မရွတ်ကောင်း၊ ထိုဂါထာများသည် ထေရဝါဒနှင့် ဆန့်ကျင်, မဆန့်ကျင် စိစစ်ရန်လိုလာ၏။ ထိုသို့စိစစ်ရန်အတွက် ထေရဝါဒပိဋကတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် နည်းဥပဒေသကြီးလေးပါးရှိ၏။ မဟာပဒေသကြီး လေးပါးဟုလည်း ခေါ်၏။ ထိုလေးပါးကို အဋ္ဌကထာကဖွင့်ဆိုရာတွင် (၁) သုတ္တ၊ (၂) သုတ္တာနုလောမ၊ (၃) အာစရိယဝါဒ၊ (၄) အတ္တနောမတိ- ဟူသော လေးပါးကိုလည်း ပကိဏ္ဏကမှတ်သားဖွယ်အဖြစ် ဖွင့်ဆိုထား၏။

ဤလေးပါးကို အဋ္ဌကထာလာ မဟာပဒေသလေးပါးဟု ဆရာတို့ဆိုကြ၏။ ဤလေးပါးဖြင့် စိစစ်လျှင်လည်း ဘုရားဟော မဟာပဒေသလေးပါးဖြင့် စိစစ်သည်နှင့် အတူတူပင်ဖြစ်၏။ ဤလေးပါးတွင် (၁) သုတ္တကား ပိဋကတ်သုံးပုံပါဠိတော်ဖြစ်၏။ (၂) သုတ္တာနုလောမကား ထိုပိဋကတ်သုံးပုံပါဠိတော်နှင့်လျော်ညီစွာ ကြံဆထားသောတရားဖြစ်၏။ (၃) အာစရိယဝါဒကား ပါဠိတော်ကိုဖွင့်ပြသော အဋ္ဌကထာဖြစ်၏။ (၄) အတ္တနောမတိကား ရှေ့သုံးပါးတို့နှင့်လျော်ညီစွာ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဖွင့်ဆိုသောတရားဖြစ်၏။ ဝါ–ဋီကာဖြစ်၏ဟုလည်း ဆို၏။

ဤလေးပါးတွင် သုတ္တကား ပဓာနဖြစ်သည်။ နောက်ဆုံးသုံးပါးတို့ကိုလည်း သုတ္တနှင့်ညီညွတ်မှ တရားမှန်ဟု လက်ခံမှတ်ယူရ၏။ ရှေ့တွင်တင်ပြခဲ့သည့် ဂါထာများမှာ ဘုရားဟောသုတ္တများ မဟုတ်ကြသော်လည်း အာစရိယဝါဒ(အဋ္ဌကထာ)၊ အတ္တနောမတိ(ဋီကာ)နှင့် သုတ္တာနုလောမ (ရှေးဆရာတော်ကြီးများ၏ စီရင်ပြေးသားချက်) များဖြစ်ကြ၏။ မှန်၏။ ထိုဂါထာများမှာ ရတနာသုံးပါးဂုဏ်တော်များကို ဖော်ပြချီးကျူး၍ ရှိခိုးသောဂါထာများ (ဗုဒ္ဓါနုဿတိ စသော ဘာဝနာများ)၊ ပရိတ်ကြီးလာ ဘုရားဟောဂါထာများကဲ့သို့ သစ္စာဆိုသောဂါထာများ(သစ္စာဝါစာ)၊ မေတ္တာပို့သသော ဂါထာများဖြစ်၍ သုတ္တခေါ် ဘုရားဟောပိဋကပါဠိတော်များနှင့် လျော်ကန်ညီညွတ်ကြသည့် သုတ္တာနုလောမဂါထာများလည်းဖြစ်ကြသည်။ အချို့မှာ အဋ္ဌကထာ၊ ဋီကာလာ ဂါထာများဖြစ်၍ သုတ္တနှင့်ညီညွတ်သော အာစရိယဝါဒ၊ အတ္တနောမတိ ဂါထာများလည်းဖြစ်သည်။

ဥပမာအားဖြင့်ဆိုသော် ပရိတ်ကြီးလာ ဗောဇ္ဈင်္ဂသုတ်ဂါထာများနှင့် အလားတူ၏။ ဗောဇ္ဈင်္ဂသုတ်လာဂါထာများသည် ဘုရားရှင် တိုက်ရိုက်ဟောထားသော ဂါထာများမဟုတ်သဖြင့် သုတ္တများ မဟုတ်ကြပေ။ သို့သော် ထိုဂါထာများမှာ မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင် ပါဠိစကားပြေ (စုဏ္ဏိယ)အားဖြင့် ဟောထားသည့် ပဌမ၊ ဒုတိယ၊ တတိယ၊ ဂိလာန

သုတ်တို့လာ အကြောင်းအရာတရားတော်များကိုပင် ဂါထာဖွဲ့နွဲ့စီကုံးကာ သစ္စာဆိုသောဂါထာများဖြစ်၍ သုတ္တခေါ် ပိဋကပါဠိတော်နှင့် လျော်ကန်ညီညွတ်သည့် သုတ္တာနုလောမဂါထာများဖြစ်ကြသည်။

ထို့ကြောင့် ယခု ဗုဒ္ဓဘာသာဝင်တို့ ရွတ်ဆိုနေကြသည့် ဂါထာများမှာ သုတ္တ၊ သုတ္တာနုလောမ စသော မဟာပဒေသလေးပါးနှင့် ညီညွတ်၍ ရွတ်ဆိုသင့် ရွတ်ဆိုကောင်းသော ဂါထာများဖြစ်ကြ၏။ ထေရဝါဒနှင့်မဆန့်ကျင်ပါ။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကလည်း ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သော သုတ္တန်ကြီး၊ သုတ္တန်ငယ်၊ ဂါထာကြီး ဂါထာငယ်တို့များစွာရှိရာ အရမကျက်နိုင်၍ မရွတ်ဆိုနိုင်လျှင် စာအုပ်ကြည့်၍ ဖတ်ရွတ်သည်မှာ ပုဒ်အက္ခရာပီသ၍ ပို၍ကောင်းကြောင်း သုကုမာရမဂ္ဂဒီပနီစာအုပ်တွင် တိုက်တွန်းထား၏။

သို့ဖြစ်၍ ဗုဒ္ဓါနုဿတိ စသော ဘာဝနာ၊ မေတ္တာဘာဝနာ၊ သစ္စာဝါစာများဖြစ်ကြသော ထိုဂါထာများကို အကြိမ်မှန်၊ အချိန်မှန် ရွတ်ဆိုပါလျှင် အာသေဝနသတ္တိရပြီးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာဘာဝနာ၊ သစ္စာဝါစာ စသည်တို့၏တန်ခိုးအစွမ်းကြောင့် ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့ ကင်းငြိမ်းချမ်းသာခြင်း စသောအကျိုးတရားတို့ကို ကောင်းရရှိခံစားနိုင်ကြမည်ဖြစ်ပေသည်။ ထိုရွတ်ဆိုကောင်းသောဂါထာ၊ စုဏ္ဏိယတို့ကို ယုံယုံကြည်ကြည်နှင့် အကြိမ်မှန် အချိန်မှန် ရွတ်ဆိုပူဇော်ကြသဖြင့် ဘေးအန္တရာယ်အသွယ်သွယ်တို့မှ အံ့ဩဖွယ်ရာလွတ်မြောက်သွားကြသည့် ဖြစ်ရပ်ဆန်းတို့ကိုလည်း စာတွေ့မဟုတ် ကိုယ်တွေ့မကြာခဏ တွေ့မြင်ကြားသိနေရပေသည်။

ဤနေရာ၌ အထူးသတိပေးလိုသည်မှာ မိမိတို့ဘာသာတရား၌ ကျွမ်းကျင်လိမ္မာ အသိဉာဏ်ပညာနည်းပါးပြီး ဘုမသိဘမသိနှင့် ဆရာကြီးလုပ်ပြီး 'ထိုသုတ္တာနုလောမဂါထာများကို မရွတ်ဆိုကောင်း၊ ထေရဝါဒနှင့် ဆန့်ကျင်တယ်'ဟု မတားမြစ် မပိတ်ပင်ကောင်းပါ၊ တားမြစ်လျှင်

ဓမ္မန္တရာယ်ဖြစ်၏။ 'ဓမ္မန္တရာယ်ဖြစ်လျှင် နောက်နောက်ဘဝတို့၌ သီလ သမာဓိ အကျင့်ကင်း၍ ယုတ်ညံ့ခြင်းအတိဖြစ်တတ်၏'ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏မှာထားချက်ကို သတိထားစရာ အလွန်ကောင်း၏။

**မရွတ်ဆိုကောင်းသောဂါထာများ**

ရွတ်ဆိုကောင်းသော ဂါထာများကို ရွတ်ဆိုလျှင် ကုသိုလ်ဖြစ်၍ အကျိုးရှိကြောင်း အတော်အတန်ပြည့်စုံအောင် ရှင်းပြခဲ့ပြီးပေပြီ။ ယခု မရွတ်ဆိုကောင်းသောဂါထာများကို ဆက်လက်တင်ပြပါဦးမည်၊ ရွတ်ဆို ကောင်းသော သုတ္တ၊ သုတ္တာနုလောမဂါထာများပင်ဖြစ်စေကာမူ ဂါထာ များထိပ်တွင် 'ဥုံ၊ ခြောင်း'တို့ပါလာလျှင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ မရွတ်ဆိုကောင်း။ ရွတ်ဆိုလျှင် ထေရဝါဒနှင့်ဆန့်ကျင်၏။ သုတ္တ၊ သုတ္တာ နုလောမဂါထာများလည်း မဟုတ်တော့ချေ။ အတန်ငယ်ရှင်းပြဦးအံ့။

ထို'ဥုံ၊ခြောင်း' ဟူသောဝေါဟာရတို့သည် ထေရဝါဒသုံးပါဠိ ဘာသာ၌ မရှိချေ။ ဟိန္ဒူဗြဟ္မဏဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ သုံးနှုန်းသောဝေါဟာရများဖြစ်ကြ၏။ 'အ+ဥ+အမ်'သုံးလုံးကို ပေါင်းစပ်၍ ဥုံဖြစ်လာသည်။ ဗြဟ္မဏ ဘာသာ၌ ဖန်ဆင်းရှင်ဗြဟ္မာကြီးကိုဟောသော 'ဗြဟ္မ'မှ အ၊ ဗိဿနိုးနတ်ကိုဟောသော 'ဗိဿုနိုး'မှ ဥ၊ သိဝနတ်မင်းကို ဟောသော'သျှိဗမ်'မှ အမ်၊ ဤသုံးလုံးတို့ကို ပေါင်းစပ်ရွတ်ဆိုသောအခါ ဥုမ်=ဥုံ ဖြစ်လာသည်ဟု မြန်မာစွယ်စုံကျမ်း၌ ဖွင့်ဆိုထား၏။ ခြောင်း မှာလည်း သူတို့၏သဒ္ဒါနည်းအရ ဥုံမှပြောင်းလာသော ဝေါဟာရဖြစ်၏။ ထို့ကြောင့် 'ဥုံ'စသည်တို့ကို မည်သို့ပင် 'ပြီးစီးအောင်မြင်ပါစေသတည်း' ဟု ကြံဆ အနက်ပေးစေကာမူ ဥုံ၊ ခြောင်းတို့မှာ မူရင်းက ဟိန္ဒူ နတ်ဘုရားသုံးပါးတို့၏ အတိုကောက်အထိမ်းအမှတ်နာမည်များဖြစ်သော ကြောင့် ထိုဘာသာခြားတို့၏ ဥုံ၊ ခြောင်း ဝေါဟာရတို့ထိပ်တွင်ပါသော ဂါထာများကား ဗုဒ္ဓဘာသာဝင်တို့ မရွတ်ဆိုကောင်းသော ဂါထာများ ဖြစ်ကြသည်၊ ထေရဝါဒနှင့် ဖြောင်းဖြောင့်ကြီးဆန့်ကျင်ပါ၏။ ဘုရားဟော

ဂါထာများထိပ်တွင်လည်း ထည့်မရွတ်မိကြရန် ထေရဝါဒဗုဒ္ဓဘာသာဝင်များ အထူးသတိထားကြရမည်ဖြစ်သည်။

တိုက်တွန်းစကားအထူးပြောကြားလိုသည်မှာ ရွတ်ဆိုကောင်းသော ဂါထာများကို ရွတ်ဆိုကြရာ၌–

(၁) ဂါထာပုဒ်၊ ပါဠိ အက္ခရာတို့ကို မှန်ကန်ပီသစွာ ရွတ်ဆိုရခြင်း၊

(၂) ရွတ်ဆိုစဉ် ဂါထာလာအဓိပ္ပာယ်ကို နားလည်သိမြင်ရခြင်း၊

(၃) မိမိရွတ်ဆိုသော ဂါထာအပေါ်၌ ယုံကြည်စိတ်အပြည့်အဝ ရှိရခြင်း

ဟူသော အင်္ဂါရပ်များနှင့် ညီနိုင်သမျှညီအောင် သတိထားရွတ်ဆိုကြရန်ဖြစ်သည်။ ဤသို့ရွတ်ဆိုနိုင်လျှင် ထိုဂါထာများက ဗုဒ္ဓနုဿတိဘာဝနာ၊ မေတ္တာဘာဝနာ၊ သစ္စာဝါစာများဖြစ်သည်နှင့်အညီ ကောင်းမွန်စွာ အစွမ်းပြအကျိုးပေးမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

အထူးသဖြင့် ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းခရီးများ သွားရာ၌ မိမိတို့နှုတ်ကို အအားမထားဘဲ ရွတ်ဆိုနေကြဂါထာများကို အာရုံစိုက်၍ ခေါက်ရေရနိုင်သမျှ ရွတ်ဆိုသွားပါ။ ကုသိုလ်လည်းရ၊ ဘေးဘယလည်းကင်းပကြပါလိမ့်မည်။

ဓမ္မာစရိယ ဦးအေးနိုင် (ဘီ၊အေ)

## အခန်း (၁)

## ဘေးရန်ကင်း၊ ကြံသမျှအောင်မြင်သော သဝေမပါကိုးဂါထာ

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၃) သံဃံ သရဏံ ဂစ္ဆာမိ။
(၄) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၅) ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၆) ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(၇) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၈) တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၉) တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဤ'သဝေမပါကိုးဂါထာ'ကိုဗုဒ္ဓဘာသာဝင်တိုင်းလိုလို နှုတ်တက်ရကြပြီးဖြစ်၏။ သို့သော် ထိုဂါထာများသည် 'သရဏဂုံသုံးပါး'ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း မသိရှိကြပေ။ အချို့က သရဏဂုံသုံးပါး ဆိုသည်မှာ– 'ဘုရား၊ တရား၊ သံဃာ' ဆိုသည့် ရတနာသုံးပါးဖြစ်သည်ဟု ဆိုကြသည်။ အမှန်က သရဏဂုံသုံးပါးကတခြား၊ ရတနာသုံးပါးကတခြား ဖြစ်သည်။ သရဏဂုံဆိုသည်မှာ သရဏဂမန ပါဠိမှ ဆင်းသက်လာသော ပါဠိသက်မြန်မာဝေါဟာရဖြစ်၏။ (သရဏဂမန=သရဏဂုမ်=သရဏဂုံ)။ အဓိပ္ပာယ်မှာ ရတနာသုံးပါးအား ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်နိုင်သည့် အရာဝတ္ထုများဟုသိခြင်း၊ ဆည်းကပ်ခြင်းကိုဖြစ်စေတတ်သည့် စိတ်၊ စေတသိက်များဟုဆိုလိုပါသည်။ သရဏဂုံမှာ 'သရဏ'က ကိုးကွယ်ဆည်းကပ်ရာ ရတနာသုံးပါးဖြစ်၍ 'ဂုံ'က ထိုရတနာသုံးပါးသို့ ဆည်းကပ်ခြင်းကိုဖြစ်စေတတ်သည့် စိတ်၊ စေတသိက် နာမ်တရားများဖြစ်သည်။

၂၅၈၄၈
သုတေသနဗဟိုကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်မြို့


သိလွယ်အောင်ဆိုရလျှင် (၁) ဘုရားကိုဆည်းကပ်ကိုးကွယ်ခြင်း၊ (၂) တရားကိုဆည်းကပ်ကိုးကွယ်ခြင်း၊ (၃) သံဃာတော်ကို ဆည်းကပ်ကိုးကွယ်ခြင်း သုံးမျိုးကို သရဏဂုံဟု ခေါ်ခြင်းဖြစ်သည်။

ထိုဂါထာများမှာ တစ်ကြောင်းတစ်ဂါထာဖြစ်၍ ကိုးကြောင်းကို ကိုးဂါထာဟု ခေါ်ခြင်းဖြစ်၏။ ထိုကိုးဂါထာလုံးတွင် သဝေထိုးမပါသော ကြောင့် 'သဝေမပါ ကိုးဂါထာ' ဟု ရှေးပညာရှင်ကြီးများ သုံးနှုန်းစီကုံး ခဲ့သည်ကို တွေ့ရ၏။ အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသ ဆရာတော်က 'ဗုဒ္ဓုပ္ပတ္တိပျို့'တွင် 'သဝေမပါ၊ ကိုးဂါထာဟု၊ မြတ်စွာ ဗုဒ္ဓံ၊ ဓမ္မံသံဃံ၊ သရဏံပီတိ၊ ဂစ္ဆာမိကို၊ ရွတ်ဘိနှုတ်ဝယ်၊ သရဇ္ဈာယ် ကာ၊ ဘယာနတ္ထိ၊ ဘေးမရှိသည့်၊ သုခိချမ်းကြည်၊ များကုန်သည်တို့' စသည်ဖြင့် သီကုံးနှုန်းဖွဲ့ခဲ့ပေသည်။

## ဂါထာများအနက်

(၁) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(၂) ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ ဘုရား။

(၃) သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(၄) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(၅) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ် ပါ၏ ဘုရား။

(၆) ဒုတိယမှ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(၇) တတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(၈) တတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ ဘုရား။

(၉) တတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

## ဂါထာများဖြစ်ပေါ်လာပုံ

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက်၊ သတ္တမသတ္တာဟအဖြစ် လင်းလွန်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကိုခံစားကာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပါသည်။ ခုနစ်ရက်စေ့မြောက်သည့် ဝါဆိုလဆန်း ၅–ရက် ဗုဒ္ဓဟူးနေ့တွင် ဥက္ကလာဇနပုဒ်မှ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းအစီးပေါင်း၄ါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းထွက်ခဲ့ရာ လမ်းခရီးတွင် ရှေးဘဝကဆွေမျိုးတော်စပ်ခဲ့ဖူးသည့် ရုက္ခစိုးနတ်၏တိုက်တွန်းချက်ဖြင့် ဘုရားရှင်အား မုန့်ဆွမ်းဆက်ကပ်ရန် ဘုရားရှင်သီတင်းသုံးတော်မူရာ လင်းလွန်းပင်ရင်းသို့ ရောက်လာကြသည်။

ဘုရားရှင်ထံတော်မှောက်သို့ရောက်ကြလျှင် 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဘုရားတပည့်တော်တို့၏ ကြွက်ကျစ်မုန့်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံတော်မူပါ။ အလှူခံတော်

မူခြင်းသည် ဘုရားတပည့်တော်တို့အဖို့ နေ့ရှည်ရက်လျား စီးပွားချမ်းသာ ဖြစ်ပါလိမ့်မည်ဘုရား'ဟု လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရား သည် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ လာရောက်ဆက်ကပ် သော ကျောက်သပိတ်လေးလုံးကို အနားလေးရစ်ရှိသော သပိတ်တစ်လုံး တည်းဖြစ်အောင် အဓိဋ္ဌာန်တော်မူ၍ ထိုသပိတ်တော်ဖြင့် အလှူခံတော် မူကာ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ထို့နောက် ကုန်သည်ညီနောင် တို့နှင့် သင့်လျော်သော အနုမောဒနာတရားကို ဟောကြားတော်မူသည်။

တရားဒေသနာတော်အဆုံး၌ ကုန်သည်ညီနောင်တို့သည် 'ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံဂစ္ဆာမိ ဓမ္မဉ္စ'စသည်ဖြင့် လျှောက်ထား၍ ဥပါသကာ(ဗုဒ္ဓဘာသာဝင်)အဖြစ်ကို ခံယူကြသည်။ အဓိပ္ပာယ်မှာ- 'အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ပါကုန်၏။ တရားတော်ကို ကိုးကွယ်ပါကုန်၏။ ယနေ့မှစ၍ အသက်ရှိသောကာလ ပတ်လုံး အကျွန်ုပ်တို့ကို သရဏဂုံဆောက်တည်သော ဥပါသကာ မှတ်တော်မူပါ'ဟု ဆိုလိုပါသည်။ ထိုအချိန်မှာ ဘုရားနှင့် တရားသာ ပေါ်သေး၍ သံဃာမပေါ်သေးသောကြောင့် ထိုကုန်သည် ညီနောင်တို့ ယူသော သရဏဂုံမှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ'ဟူ၍ ဘုရားနှင့်တရား နှစ်မျိုးနှစ်ခွန်းသာဆိုရသော 'ဒွေဝါစိက သရဏဂုံ' သာ ဖြစ်၏။ ဤကုန်သည်ညီနောင်တို့သည် လောက၌ ပထမဆုံး ဒွေဝါစိက သရဏဂုံတည်သည့် ဥပါသကာများဖြစ်ကြသည်။ ထိုအချိန်တွင် ကုန်သည်ညီနောင်တို့ကိုအကြောင်းပြု၍ သရဏဂုံနှစ်ပါး ပေါ်လာသည်။

ဗုဒ္ဓမြတ်စွာ မိဂဒါဝုန်တော၌ ပထမဝါဆိုတော်မူပြီးသည့်အခါ ထိုအချိန်ကရှိနေသော ရဟန္တာခြောက်ကျိပ်တို့ကို အရပ်ဒေသအသီးသီး သို့ သာသနာပြုစေလွှတ်တော်မူပါသည်။ ထိုအခါ သာသနာပြုရဟန္တာ ကြီးများသည် မိမိတို့သာသနာပြုကြရာ အရပ်ဒေသများ၌ ရှင်ပြုလိုသူ၊ ရဟန်းပြုလိုသူ၊ ရှင်လောင်း ရဟန်းလောင်းတို့ ပေါ်လာလျှင် ထိုသူ တို့ကို ဘုရားရှင်ထံ ခေါ်ဆောင်လာကြပြီး ရှင်ပြုပေး၊ ရဟန်းပြုပေး

ကြ၏။ ဤနည်းမှာ ရဟန္တာကြီးများနှင့် ရှင်လောင်း ရဟန်းလောင်းများ နှစ်ဦးလုံး ပင်ပန်းသောနည်းဖြစ်၍ မြတ်စွာဘုရားက ရဟန္တာကြီးများ ကိုယ်တိုင် ရောက်ရာဒေသမှာပဲ ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူ လိုက်ပါသည်။

ခွင့်ပြုတော်မူပုံမှာ- 'ရဟန်းတို့ သင်တို့သည်ပင် ရောက်ရာမြို့ရွာ ဇနပုဒ်တို့၌ ရှင်ပြုလို၊ ရဟန်းပြုလိုသော ရှင်လောင်း ရဟန်းလောင်း များကို ရှင်ပြုပေးကြ၊ ရဟန်းပြုပေးကြလော့၊ သင်တို့ကိုယ်တိုင် ရှင်၊ ရှင်ရဟန်းပြုပေးရန် ငါဘုရားခွင့်ပြုတော်မူ၏။

ရှင်၊ ရဟန်းပြုပေးပုံမှာ- ရှေးဦးစွာ ဆံမုတ်ဆိတ်များကို ပယ်ရိတ် ရမည်။ ပြီးလျှင် ဖန်ရည်စွန်းသော သင်္ကန်းများကို ဝတ်ဆင်စေရမည်။ ထို့နောက် လက်ကတော့ထိုးစေ၍ ရဟန်းတို့၏ခြေကိုရှိခိုးစေ၍ ဆောင့် ကြောင့် ထိုင်စေ၍၊ လက်အုပ်ချီစေကာ အောက်ပါအတိုင်း သရဏဂုံ သုံးပါးကို တိုင်တည်ချပေးရမည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

'ရဟန်းတို့-ယခုဆိုခဲ့သော သရဏဂုံသုံးပါးတို့ဖြင့် ရှင်ပြုပေး၊ ရဟန်းပြုပေးရန် ငါဘုရားခွင့်ပြုတော်မူ၏'ဟု မိန့်ကြားတော်မူပါသည်။

ဤသို့ ဘုရားရှင်တစ်ဝါရတွင် ရှင်ပြုပေး၊ ရဟန်းပြုပေးရန်အတွက် သရဏဂုံသုံးပါး အပြည့်အစုံ ပေါ်လာခြင်းဖြစ်ပါသည်။ သရဏဂုံနှစ်ပါး

ကို 'ဒွေဝါစိက သရဏဂုံ'၊ သရဏဂုံသုံးပါးကို 'တေဝါစိက သရဏဂုံ' ဟု ကျမ်းဂန်များ၌ ခေါ်ဆိုသုံးနှုန်းပါသည်။

## သရဏဂုံ၏ တန်ခိုးစွမ်းအင်

သရဏဂုံသုံးပါးကို 'သရဏဂုံ'မှန်း မသိသော်လည်း ဗုဒ္ဓဘာသာဝင်များမှာ ကလေးဘဝထဲက ရကြသည်။ ရကြသော်လည်း သရဏဂုံ၏ တန်ခိုး၊ သရဏဂုံ၏တန်ဖိုးကို မသိကြသဖြင့် ချင်းလက်ထဲရောက်သည့် ပတ္တမြားကဲ့သို့ တန်ဖိုးမရှိဖြစ်နေ၏။ သရဏဂုံကား တန်ခိုးစွမ်းအင်သတ္တိ အလွန်ကြီး၏။ တန်ခိုးအလွန်ရှိ၏။ သရဏဂုံဂါထာများမှာ သာဝတ္တိ ဆန်းဂါထာများဖြစ်သည်။ 'သာဝတ္တိ ဆန္ဒသော မုခံ'ဟူသော ဘုရားဟောအတိုင်း မင်းသည် လူတို့၏အကြီးအကဲဖြစ်သကဲ့သို့ သာဝတ္တိ ဆန်းဂါထာသည် ဆန်းကျမ်း၏အကြီးအကဲဖြစ်သည်ဟု ဟောထား၏။ ဘုရားလက်ထက်တော်မှစ၍ ယခုအချိန်အထိ သရဏဂုံကို ခံယူဆောက်တည်မှ ဗုဒ္ဓဘာသာဝင်(ဥပါသကာ)ဖြစ်၏။ ထို့ကြောင့် 'ဗုဒ္ဓဘာသာဝင် အစ၊ သရဏဂုံက'ဟုဆိုကြသည်။ ဘုရားလက်ထက်တော်က သရဏဂုံဖြင့် ရှင်သာမဏေဖြစ်ကြရသည်။ ရဟန်းဖြစ်ကြရသည်။ ယခုအချိန် အထိ ရှင်လောင်းသည် သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ပီပီသသ မရွတ်ဆိုနိုင်ပါက ရှင်သာမဏေ မဖြစ်ပေ။ ရှင်လောင်းသာ မဟုတ်၊ သရဏဂုံပေးသည့် ဆရာဘုန်းကြီးကိုယ်တိုင်ကလည်း ပီပီသသရွတ်ဆိုနိုင်မှ ရှင်သာမဏေဖြစ်သည်။ ဤသို့ သရဏဂုံသည် သာသနာတော်တွင် အလွန်အရေးပါ အရာရောက်သည်။

ဓမ္မပဒလာ၊ အင်္ဂုဒတ္တပုဏ္ဏားကြီးဝတ္ထု၌ မိမိထံဆည်းကပ်လာသည့် တပည့်တို့အား တော, တောင်, အရံ, အဓိကရသစ်ပင်ကြီးတွေကို ကိုးကွယ်ဆည်းကပ်ရန် ဆုံးမနေသည့် အင်္ဂုဒတ္တပုဏ္ဏား ရသေ့ဆရာကြီးနှင့် တပည့်ရသေ့အပေါင်းတို့ကို 'တော, တောင်, သစ်ပင်တွေကို ကိုးကွယ်ခြင်း'သည် ဘေးရန်ကိုလည်း မကင်းပျောက်စေနိုင်။ အကျိုးမရှိ၍ မြတ်သောကိုးကွယ်ခြင်းလည်းမဟုတ်။ ဆင်းရဲဒုက္ခအပေါင်းကို

ပယ်ဖျောက်၍ ချမ်းသာရောက်အောင်လည်း မစွမ်းနိုင်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည်သာ ဘေးရန် ခပ်သိမ်းကိုလည်း ကင်းငြိမ်းစေနိုင်၏။ ကောင်းကျိုးရ၍ မွန်မြတ်သော ကိုးကွယ်ခြင်းလည်းဖြစ်၏။ ဆင်းရဲမျိုးစုံကိုပယ်ဖျောက်၍ ချမ်းသာမျိုးစုံ ရောက်အောင်လည်း စွမ်းဆောင်နိုင်၏။ နောက်ဆုံး သစ္စာလေးပါး တရားကို သိမြင်၍ သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်သွားနိုင်၏'ဟု မြတ်စွာဘုရားဟောတော်မူထားရာ သရဏဂုံသုံးပါး၏စွမ်းအင် သတ္တိကို သိရှိနိုင်ပေသည်။ သရဏဂုံ၏တန်ခိုးဂုဏ်အင်၊ စွမ်းအင်သတ္တိကို ဖော်ပြသည့် ဝတ္ထုများကို ကျမ်းဂန်များ၌ များစွာတွေ့ရ၏။ သို့သော် ဤနေရာ၌ ယခုလက်ရှိဘဝ၌အကျိုးရသည့် မျက်မှောက်ဝတ္ထုတစ်ပုဒ်ကို အတိုချုပ်တင်ပြပါမည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီရိပ်သာဆရာတော်သည် ၁၉၄၈–ခုနှစ် လွတ်လပ်ရေးရပြီးစတွင် ရွှေတိဂုံစေတီတော်ကြီး၏ အဂ္ဂါထောင့်ရှိ ဇရပ်တွင် ဝါကပ်သည်။ တော်သလင်းလ၏ ညတစ်ညတွင် ရင်ပြင်တော်ပေါ်၌ တရားဘာဝနာများအားထုတ်နေစဉ် ဆရာတော်ကြီး တစ်ပါးကို အမှတ်မထင် ဖူးမြင်ခွင့်ရခဲ့သည်။ ဆရာတော်ကြီးက 'မောင်ပဥ္စင်း၊ နက်ဖြန်နံနက် အရုဏ်တက်ချိန်ကစပြီး သရဏဂုံကို ရွတ်ဖတ်ပွားများပြီး မင်းလိုရာဆုကိုတောင်း'ဟု ညွှန်ကြားသွား၏။

ပညာဝတီရိပ်သာဆရာတော်သည် ဆရာတော်ကြီး ညွှန်ကြားခဲ့သည့်အတိုင်း ထိုအချိန်မှစ၍ သရဏဂုံသုံးပါးကို ရွတ်ဆိုပွားများပြီး လိုရာကိုဆုတောင်း အဓိဋ္ဌာန်ပြုခဲ့သည်။ တစ်နေ့တွင် ဆွမ်းခံရန်အတွက် ရင်ပြင်တော်မှထွက်လာစဉ် လူမျိုးခြား၊ ဘာသာခြား ကုလားတစ်ဦးက ဆရာတော်ခြေကို ဦးခိုက်၍ ထူးထူးခြားခြား ရှိခိုးကန်တော့၏။ ဘုရား ရင်ပြင်ပေါ်၌ ဘုရားဝတ်ပြုနေသည့် အမျိုးသမီးကြီးက ထိုအခြင်းအရာကို မြင်ရ၍ ဆရာတော်ကိုကြည်ညိုသွားရာ နေစရာကျောင်းမရှိသော ဆရာတော်အား ကျောင်းဆောက်ရန် ယခုရိပ်သာနေရာ၌ မြေဝယ်လှူ၏။

နောက်ဒကာတစ်ဦးက ထိုမြေနေရာဝယ် ကျောင်းဆောက် လှူဒါန်း၏။ ထို့နောက် မူလမြေဒကာမကြီးက ပထမကျောင်း၏အနောက် ဘက်မြေကွက်လပ်တွင် ထိုခေတ် တစ်သိန်းကျော်တန်ဓမ္မဝိဟာရတိုက်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်း၏။ ထိုအချိန်မှစ၍ 'ပညာ့ဝတီရိပ်သာ' အမည်ဖြင့် ဝိပဿနာတရားရိပ်သာဖွင့်လှစ်၍ မိမိကိုယ်တိုင်လည်း အားထုတ်၊ တပည့် ဒကာ,ဒကာမများအားလည်း ဟောကြားအားထုတ်စေခဲ့သည်။

တစ်နေ့နံနက်ခင်းတွင် ဆရာတော်၏ညာလက်ရုံးပေါ်တွင် ကျိုးတစ်ကောင် ထူးဆန်းစွာဝင်ရောက်နား၍ ညာဘက်တွင် ဘုရားရှင်များ၏ ဓာတ်တော်များစွာကို ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရသည်ဟု အိပ်မက်မြင်မက်၏။ ၃–ရက်မြောက်နေ့တွင် ပုဂ္ဂိုလ်ထူးများက ဓာတ်တော်များကို ပင့်ဆောင်လှူဒါန်းသွား၏။ ၅–ရက်မြောက်တွင် ရန်ကုန်မြို့ ဝင်ဆာလမ်းက ဒကာမကြီးတစ်ယောက်က ကျောင်းဝင်းအတွင်းမှာ စေတီတော်တစ်ဆူနှင့် သိမ်တိုက်တစ်လုံး ဆောက်လုပ်လှူဒါန်းလိုကြောင်း လာလျှောက်၏။ ဆရာတော်က မိမိကြံစည်သည့်အတိုင်းဖြစ်လာခြင်းဖြစ်၍ လက်ခံလိုက်၏။ ဤသို့ဖြင့် 'ဆရာတော်၏ကျောင်းဝင်းထဲတွင် 'ကလျာဏသယဆုတောင်းပြည့်စေတီ' တစ်ဆူနှင့် သိမ်တိုက်ကြီး ပေါ်လာခဲ့ပါသည်။ ဆရာတော် ဤကဲ့သို့ ၉–နှစ်တာကာလအတွင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဘုန်းတန်ခိုးထွန်းတောက်ကျော်ကြားလာရခြင်းမှာ သရဏဂုံသုံးပါးကို နေ့ညမစဲ ရွတ်ဆိုခြင်းနှင့် သီလသမာဓိ၊ သစ္စာတို့၏ တန်ခိုးစွမ်းအင်ပင်ဖြစ်၏။

သရဏဂုံသုံးပါးကိုစွဲမြဲစွာရွတ်ဆိုခဲ့သည့် နိဗ္ဗာနကုသိုလ်နှင့် သရဏဂုံသုံးပါး၏တန်ခိုးသည် ဘာသာရေး၊ သာသနာရေးကိစ္စများ၌ ကြံတိုင်းအောင်မြင်ရုံမက ဖြစ်ပေါ်အံ့သောဘေးအန္တရာယ်များကိုလည်း မဖြစ်အောင် ကာကွယ်ပေးနိုင်သည်မှာလည်း ဆရာတော်ကိုယ်တွေ့ပင်ဖြစ်၏။ ဆရာတော်သည် ၁၉၅၀–ခုနှစ်လောက်တွင် မြင်းခြံနယ်ရှိ

ဇာတိရွာသို့ အလည်ပြန်ခဲ့သည်။ မြင်းခြံမှာ ညအိပ်ပြီး မိတ်ဟောင်းဖြစ်သူ ကားပိုင်ရှင်တစ်ဦး၏ ဘတ်စ်ကားနှင့် ဇာတိရွာသို့ ခရီးဆက်ခဲ့၏။ အတော်အတန် ကွာဝေးသည့်နေရာသို့ရောက်သည့်အခါ ဆရာတော် အား တစ်စုံတစ်ယောက်က ကားပေါ်မှ ဆွဲချနေသလိုခံစားရပြီး ဤ ဘတ်စ်ကားနှင့် ခရီးဆက်သွားလိုစိတ်မရှိဖြစ်လာ၏။ ဆရာတော်သည် မိတ်ဆွေကားပိုင်ရှင်ကို တောင်းပန်ပြီး လမ်းခုလတ်မှာပင် ကားပေါ်မှ ဆင်းနေရစ်ကာ မိုင်ဝက်ခန့်ဝေးသည့် မိတ်ဆွေဆရာတော်တစ်ပါး၏ ကျောင်းသို့ လယ်ကွင်းများဖြတ်ကာ ကြွတော်မူသတဲ့။

ဆရာတော် လယ်တစ်ကွက်ခန့်ဖြတ်ကျော်လိုက်မိချိန်တွင် ဘတ်စ် ကားမောင်းသွားသည့် ကားလမ်းဘက်မှ 'ဒိုင်း–ဒိုင်း–ဒိုင်း' ဆိုသည့် သေနတ်သံများကို ဆူညံစွာကြားလိုက်ရသဖြင့် မေတ္တာပို့ကာ ခရီးဆက် ခဲ့၏။ မိတ်ဆွေဘုန်းကြီးကျောင်းရောက်၍ ညပိုင်းတွင် 'ဆရာတော် စီးလာတဲ့ ဘတ်စ်ကားကို ဓားပြများ သေနတ်နဲ့ပိုင်းပစ်လို့ ခရီးသည်များ သေသူသေ၊ ဒဏ်ရာရသူရဖြစ်ကုန်ကြောင်း' ဆိုသည့် သတင်းဆိုးကြီးကို ဆရာတော်ကြားသိရာ 'မိမိအား ကားပေါ်မှဆွဲချနေတဲ့ သဘောနဲ့ ကားပေါ်မှဆင်းရစ်နေခဲ့လိုတဲ့စိတ်ဆန္ဒ ဖြစ်ပေါ်လာတဲ့သဘောတွေဟာ သရဏဂုံသုံးပါး ရွတ်ပွားမှုရဲ့ ဂုဏ်ကျေးဇူးတွေပဲ' ဟု နှလုံးသွင်းကာ ခရီးသည်များကို မေတ္တာပို့သရသည်ဟု ဆရာတော် မိန့်ကြားတော်မူ ပါသည်။

ထို့ကြောင့် တင်ပြခဲ့သောအကြောင်းအရာများအရ သရဏဂုံသုံးပါး၏ တန်ခိုးဂုဏ်အင်၊ သတ္တိစွမ်းအင်ကို ယုံယုံကြည်ကြည်နှင့် ဤသရဏဂုံ သုံးပါးကို(ရတနာသုံးပါးကို) အာရုံပြု၍ သုံးခေါက်ဖြစ်စေ၊ ဘုရားဂုဏ်တော် ကိုးပါးကိုအာရုံပြု၍ ကိုးခေါက်၊ တရားဂုဏ်တော်ခြောက်ပါးကိုအာရုံပြု၍ ခြောက်ခေါက်၊ သံဃာ့ဂုဏ်တော်ကိုးပါးကို အာရုံပြု၍ ကိုးခေါက် ပေါင်း ၂၄–ခေါက်ဖြစ်စေ နေ့စဉ်မှန်မှန် ရွတ်ပွားသင့်ကြပေသည်။

●

# အခန်း (၂)

## လိုသမျှရ၊ ကြံသမျှအောင်မြင်၊ ဘေးရန်ဖဲကြဉ်သော ဘုရားဂုဏ်တော်ကိုးပါး

၁။ အရဟံ

၂။ သမ္မာသမ္ဗုဒ္ဓေါ

၃။ ဝိဇ္ဇာစရဏသမ္ပန္နော

၄။ သုဂတော

၅။ လောကဝိဒူ

၆။ အနုတ္တရောပုရိသဒမ္မသာရထိ

၇။ သတ္ထာဒေဝမနုဿာနံ

၈။ ဗုဒ္ဓေါ

၉။ ဘဂဝါ

## ပါဠိအနက်

၁။ **အရဟံ**– လူနတ်ပြဟ္မာ၊ သတ္တဝါခပင်းတို့၏ ဝပ်စင်းကော်ရော်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ**– သိစရာမှန်သမျှ၊ မကျန်ရအောင်၊ ရှိသမျှဉဿုံ၊ အလုံးစုံသောတရားတို့ကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့်၊ မိမိအလိုလို၊ အစုံအလင်၊ အကုန်အစင်၊ ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော**– ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးဟူသော အသိဉာဏ်၊ စရဏတစ်ဆယ့်ငါးပါးသော အကျင့်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော– ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးဖြာတို့ကို ပြုကျင့်သောအားဖြင့် ကောင်းစွာကြွလာတော်မူ၍ နိဗ္ဗာန်သို့ ကောင်းစွာကြွသွားတော်မူသော မြတ်စွာဘုရား။

၅။ လောကဝိဒူ– သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသော လောကသုံးပါးတို့၏ အကြောင်းအရာ၊ အဖြစ်အပျက်တို့ကို ကောင်းစွာသိတော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ– မယဉ်ကျေးသေးသော နတ်လူ ဗြဟ္မာ၊ တိရစ္ဆာန်သတ္တဝါများကို ယဉ်ကျေးအောင်ဆုံးမတော်မူရာ၌ ပြိုင်ဘက်မရှိ တုဘက်ကင်းတော်မူသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ– ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ– သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တော်တိုင်လည်းသိမြင်၊ ဝေနေယျသတ္တဝါတို့အားလည်း သိစေတော်မူသော မြတ်စွာဘုရား။

၉။ ဘဂဝါ– ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူ၊ ဘုန်းခြောက်ဆူနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## ဂုဏ်တော်ကိုးပါး၏ တန်ခိုးစွမ်းအင် အကျိုးအာနိသင်

ဘုရားဂုဏ်တော် ကိုးပါးကား မြတ်စွာဘုရားကိုယ်တိုင် ဟောကြားထားတော်မူသော ဂုဏ်တော်ပါဠိများဖြစ်၏။ သုတ်, ဝိနည်း, အဘိဓမ္မာ, ပိဋကတ်သုံးပုံ ပါဠိတော်နေရာများ၌ ဤဂုဏ်တော်များကို ဟောကြားထားသည်ကို တွေ့ရ၏။ ထို့ကြောင့် ဤဂုဏ်တော်ပါဠိများသည် တကယ့်ဘုရားဟောအစစ်များဖြစ်သည်ဟု ယုံကြည်ထားရန်လိုပေသည်။ ဤသို့

ယုံကြည်မှုသဒ္ဓါရှိထားလျှင် ယုံကြည်သည်နှင့်အမျှ တန်ခိုးစွမ်းအင်ရှိ၏။ အကျိုးအာနိသင်ထက်၏။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဤဘုရားဂုဏ်တော်ကိုးပါးကို နည်းအမျိုးမျိုးနှင့် အသုံးပြုကြသည်။ အရဟံဟူသော ဂုဏ်တော်ပါဌ် တစ်ခုကိုပင် အခေါက်တစ်ထောင်ရအောင် ပုတီးနှင့်ပွားများသူများ ရှိသကဲ့သို့ အရဟံဂုဏ်တော်တစ်မျိုးကိုပင် အရဟံ၊ အရ–ဟံ၊ အ–ရဟံ ဟု သုံးမျိုးခွဲကာ ပွားများသူများလည်းရှိကြသည်။ ဂုဏ်တော် ကိုးပါးလုံးကို ပါဌ်မျှကိုပင် ပွားများသူ အလွန်နည်း၏။ ပါဋ္ဌိအနက် တွဲဖက်၍ ပွားများကြသူများကား မရှိသလောက်ရှား၏။

ဤ၌ ညွှန်ကြားလိုသည်မှာ ယခုဖော်ပြထားသော ဂုဏ်တော် ကိုးပါး ပါဋ္ဌိအနက်တို့ကို ကျေညက်အောင် ကျက်ရမည်၊ အလွတ်ရသည့် အခါ အရဟံဂုဏ်တော်မှစ၍ ဂုဏ်တော်တစ်ပါးစီ၏ ပါဋ္ဌိအနက်တို့ကို နှုတ်ဖြင့်တိုးတိုးရွတ်ဆို၍ဖြစ်စေ၊ စိတ်ဖြင့်အောက်မေ့၍ဖြစ်စေ ပုတီး တစ်ပတ်စီရအောင် ၉–ပတ် ပွားများရမည်။ နှုတ်ဖြင့်ရွတ်ဆိုခြင်းထက် စိတ်ဖြင့်အောက်မေ့နိုင်လျှင် ပို၍ကောင်းပါသည်။ စိတ်ဖြင့်အောက်မေ့ ခြင်းဆိုသည်မှာ စိတ်ဖြင့်ဆိုခြင်းပင်ဖြစ်၏။

စိတ်ဖြင့်အောက်မေ့ခြင်းသည် နှုတ်ဖြင့်ရွတ်ဆိုခြင်းထက် သမာဓိ ပိုရ၍ အကျိုးရှိ၏။ ပုတီးလွတ်ပွားများခြင်းလောက် သမာဓိစွမ်းအား မကောင်းပေ။ ထို့ကြောင့် သမာဓိစွမ်းအားမြန်မြန်တက်၍ အကျိုးပေး ထက်သန်လိုပါက ပုတီးမပါဘဲ အချိန်သတ်မှတ်၍ ပုတီးလွတ် ပွားများ နိုင်ကြပါသည်။

ဤဘုရားဂုဏ်တော်များကို နှုတ်ဖြင့်ရွတ်ဆိုခြင်း၊ စိတ်ဖြင့်အောက်မေ့ ပွားများခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်၏။ ဒါန, သီလ, ဘာဝနာကုသိုလ်တွင် သမထဘာဝနာကုသိုလ်ဖြစ်၏။

ဘာဝနာကုသိုလ်သည် ဒါနကုသိုလ်၊ သီလကုသိုလ်တို့ထက် ပို၍ မြတ်၏။ ပို၍အကျိုးကြီး၏။ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဆိုသည်မှာ

မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ပွားများရသည့် ကုသိုလ်ဟု အဓိပ္ပာယ်ရပါသည်။ ဂုဏ်တော်များကိုအောက်မေ့သည့်အခါ ဂုဏ်တော်၏အဓိပ္ပာယ်ကို ဖော်ပြသော အနက်မြန်မာပြန်ပါတွဲဖက်ပြီး အောက်မေ့မှ ဗုဒ္ဓါနုဿတိ ဘာဝနာစင်စစ်ဖြစ်၏။

အနက်မပါ အရဟံ, အရဟံ စသည်ဖြင့် ပါဠိသက်သက်ချည်း ရွတ်ဆိုခြင်း၊ အောက်မေ့ခြင်းသည် ဂုဏ်တော်၏အဓိပ္ပာယ်ကိုထိရောက်စွာ အာရုံမပြုနိုင်သည့်အတွက် အနက်ပါ တွဲဖက်အောက်မေ့ခြင်းလောက် အကျိုးမရှိနိုင်သည်ကို သတိပြုရန်ဖြစ်ပေသည်။ ဤ ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်၏ အကျိုးတရားများကား အလွန်များလှ၏။ ရှေးဦးစွာ ဘုရားဟောပါဠိတော်လာအကျိုးများကို ဖော်ပြပါမည်။

ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူစဉ် ဟံသာဝတီပြည်တွင် ကြွယ်ဝချမ်းသာသော နန္ဒ ခေါ်သည့် ပုဏ္ဏားလုလင်တစ်ဦးရှိခဲ့၏။ နန္ဒပုဏ္ဏားသည် အရွယ်ရောက်ချိန်တွင် ရသေ့ပြုကာ ဟိမဝန္တာတွင် ရသေ့တပည့်ပေါင်း ရှစ်သောင်းလေးထောင်နှင့်အတူ နေထိုင်လျက် တရားအားထုတ်နေ၏။

တစ်နေ့တွင် ပဒုမုတ္တရဘုရားသခင်သည် နန္ဒရသေ့ကြီးတို့ထံ ကြွသွားတော်မူကာ 'ဘာဝေဟိ ဗုဒ္ဓါနုဿတိ' အစချီကာ တရားဟော ကြားတော်မူခဲ့၏။ နန္ဒရသေ့ကြီးကား ဂေါတမဘုရားရှင်ထံတော်တွင် တောဒဂ်နှစ်တန်ရမည့် သုဘူတိမထေရ်လောင်းတည်း။

ထိုဂါထာတော်များ၏အဓိပ္ပာယ်မှာ–

'နန္ဒရသေ့၊ များစွာသော ဘာဝနာကမ္မဋ္ဌာန်းတို့ထက် အတုမရှိ လွန်ကဲထူးမြတ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါ။ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်းကြောင့် သင့်ရဲ့စိတ်အလိုဆန္ဒ တောင့်တချက်မှန်သမျှသည် မုချမသွေ ပြည့်စုံပေမည်။

'နှစ်ပေါင်းသုံးသောင်း တာဝတိံသာနတ်ပြည်၌ ဖြစ်ရမည်။ အကြိမ်ရှစ်ဆယ် သိကြားမင်းဖြစ်ရမည်။ စကြာမင်း အကြိမ်တစ်ထောင်၊ ပဒေသရာဇ်မင်း မရေမတွက်နိုင်အောင် ဖြစ်ရှိမည်။ ယခုဘဝမှစ၍ ဖြစ်လေရာရာ ဘဝသံသရာမှာ သုံးစွဲ၍မကုန်နိုင်သော စည်းစိမ်ဥစ္စာတို့ကိုရရှိမည်။

'ရရှိပြီးသောစည်းစိမ်ဥစ္စာ ရတနာတို့သည် ကုန်ခမ်းလျော့ပါးသွားခြင်းမရှိ။ ပကတိအတိုင်းတည်ရှိနေမည်။ ဂေါတမဘုရားရှင်လက်ထက်တွင် သုဘူတိမထေရ်ဟူသော အမည်ဖြင့် ရဟန္တာဖြစ်မည်။ ဤသည်မှာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရခြင်း၏အကျိုးဖြစ်ပေသည်'ဟု ဟောကြားတော်မူသည်။

ဤလောကီလောကုတ္တရာ အကျိုးတရားများကား ပဒုမုတ္တရမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် ဘုရားဟောအကျိုးတရားများဖြစ်၏။ ဘုရားရှင်ဟောကြားခဲ့သည့်အတိုင်း ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးတရားတို့ကို သူကိုယ်တိုင်ရရှိခံစားခဲ့ရကြောင်း သုဘူတိမထေရ်မြတ် ပြန်လည်ဟောကြားထားသည်ကို သုဘူတိထေရ်၏အပါဒါန်ပါဠိတော်၌ လေ့လာတွေ့ရှိရ၏။

## ဂုဏ်တော်ပွားကျိုး(၁၀)မျိုး

ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ အနုဿတိနိဒ္ဒေသ၊ ဗုဒ္ဓါနုဿတိကထာ၌ ဘုရားဂုဏ်တော်ပွားရကျိုးများကို ဆယ်မျိုးမိန့်ဆိုထား၏။ ထိုဆယ်မျိုးမှာ–

(၁) ဘုရားရှင်၏ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ပွားများသူသည် ဘုရားရှင်၌ ရိုသေလေးစားလာ၏။ ကျိုးနွံလာ၏။

(၂) သဒ္ဓါတရား, သတိတရား, ပညာတရား, ကုသိုလ်တရား ကြီးမား ပြန့်ပြောလာ၏။

(၃) ဂုဏ်တော်ပွားများနေစဉ် သာမန် နှစ်သက်ဝမ်းမြောက်မှု, ကြီးကျယ်သော နှစ်သက်ဝမ်းမြောက်မှု ပီတိတရားများ ဖြစ်ပွားလာ၏။

(၄) ကြောက်လန့်ဖွယ် ဘေးဒုက္ခကြီးငယ် အသွယ်သွယ်တို့ကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ သည်းခံနိုင်၏။

(၅) မည်သည့်နေရာမှာနေနေ ဘုရားရှင်နှင့်အတူ နေထိုင်ရသည်ဟု မှတ်ထင်၏။

(၆) ဗုဒ္ဓါနုဿတိဘာဝနာဖြင့် ထုံထားသူ၏ခန္ဓာကိုယ်သည် ဘုရားရှင် သီတင်းသုံးသည့် ဂန္ဓကုဋီတိုက်၊ စေတီအိမ်ကဲ့သို့ သတ္တဝါတို့၏ပူဇော်ခြင်းကိုခံထိုက်၏။

(၇) ဘုရားရှင်အား အကြည်ညိုပွားကာ မိမိကိုယ်တိုင် ဘုရားဖြစ်လိုစိတ်များ ဖြစ်ပွားလာ၏။

(၈) လွန်ကျူးဖွယ်ရာအာရုံများနှင့် တွေ့ကြုံရစေကာမူ မိမိရှေ့တွင် ဘုရားရှင် အစဉ်သီတင်းသုံးနေသကဲ့သို့ရှိ၍ တစ်စုံတစ်ခု မကောင်းမှုပြုရန် ရှက်ကြောက်နေ၏။

(၉) ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံလျက် ဝိပဿနာတရားအားထုတ်လျှင် မဂ်ဖိုလ်တရားကို လွယ်ကူစွာရနိုင်၏။

(၁၀) မဂ်ဖိုလ်ကို မရနိုင်သေးလျှင် ကောင်းရာသုဂတိဘာဝသို့ လားရောက်ရန်သေချာ၏ ဟူ၍ဖြစ်ပါသည်။

## ဂုဏ်တော်ပွားကျိုး(၁၇)မျိုး

ထေရထေရီပါဠိတော်နှင့် အဋ္ဌကထာတို့၌ ဟောကြားမိန့်ဆိုထားသည့် ဂုဏ်တော်ပွားကျိုး(၁၇)မျိုး ရှိသေး၏။ ထို(၁၇)မျိုးမှာ-

(၁) စေတီအိမ်နှင့်တူ၍ သူတစ်ပါးတို့၏ရှိခိုးမှုကိုခံထိုက်ခြင်း၊

(၂) စိတ်တည်ကြည်ရဲရင့်ခြင်း၊

(၃) မတွေမဝေ သေရ၍ သုဂတိဘာဝသို့ရောက်ခြင်း၊

(၄) ဘုရားရှင်နှင့်တွေ့သည့်အခါ ဘုရားဟောတရားကို သိလွယ်ခြင်း၊

(၅) မြတ်သောအမျိုး၌ဖြစ်ခြင်း၊
(၆) သူတစ်ပါးတို့၏အရိုအသေပြုမှုကိုခံရခြင်း၊
(၇) သျှိုးမွမ်းထိုက်သောကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း၊
(၈) အဆင်းလှခြင်း၊
(၉) ကိုယ်အနံ့ကြိုင်သင်းခြင်း၊
(၁၀) ခံတွင်းအနံ့ မွှေးပျံ့ခြင်း၊
(၁၁) ကြီးကျယ်သောဉာဏ်ပညာရှိခြင်း၊
(၁၂) နက်နဲသောဉာဏ်ပညာရှိခြင်း၊
(၁၃) ထက်မြက်သောဉာဏ်ပညာရှိခြင်း၊
(၁၄) လျင်မြန်သောဉာဏ်ပညာရှိခြင်း၊
(၁၅) ရွှင်သောဉာဏ်ပညာရှိခြင်း၊
(၁၆) ဆန်းကြယ်သောဉာဏ်ပညာရှိခြင်း၊
(၁၇) စကားကောင်းကိုပြောဆိုနိုင်ခြင်း တို့ဖြစ်ပါသည်။

ဤဂုဏ်တော်ပွားကျိုး(၁၇)မျိုးကို ရှေးပညာရှင်ကြီးများက အောက်ပါအတိုင်း လင်္ကာသီကုံးခဲ့ပါသည်။

စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမူပညာ၊ နတ်စွာထက်ရွှင်၊ လျင်မြန်ဆန်းကြယ်၊ ကောင်းကွယ်စကား၊ ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။

## အကျိုးပြသာဓကဝတ္ထု

ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးကို လက်တွေ့ခံစားကြရသည့် ဝတ္ထုသာဓကများကား တေဒင်္ဂရ ကာဠီအမျိုးသမီးဝတ္ထု၊ ဖုဿဒေဝမထေရ်ဝတ္ထု၊ မဟာကပ္ပိန္နမင်းကြီးဝတ္ထု၊ အနာထပိဏ်သူဌေးကြီးဝတ္ထု စသည်

ဖြင့် အလွန်များလှ၏။ မြန်မာ့သမိုင်းလာ မိဖုရားစောလုံ ဝတ္ထုတစ်ခု ကိုသာ တင်ပြပါမည်။

ပုဂံရာဇဝင်တွင် နောက်ဆုံးဘုရင်ဖြစ်သော နရသီဟပတေ့မင်း၌ စောလုံခေါ် မိဖုရားတစ်ဦး ရှိ၏။ ဘုရင်မင်းမြတ်၏ အမြတ်နိုးဆုံးမိဖုရား ဖြစ်၏။ နရသီဟပတေ့မင်းကြီးသည် နေ့ရာသီ၌ ရောဝတီမြစ်ကမ်း ယာယီနန်းတော်တည်ပြီး မောင်းမမိဿံ အခြွေအရံများနှင့်အတူ ရေကစားတော်မူလေ့ရှိ၏။ တစ်နေ့တွင် မိဖုရားစောလုံကို ကျီစယ်သော အားဖြင့် မျက်နှာ ဆံပင်ပါမကျန် ရေဖြင့်ပက်စေတော်မူ၏။

မိဖုရားစောလုံသည် ကျီစယ်သည်ကိုပင် အပြစ်ဟု ထင်မှား၍ ရန်ငြိုးထားကာ စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သစေသတဲ့။ မင်းကြီးသည် ပွဲတော်ကိုမစားသေးဘဲ ခွေးကိုကျွေးစေရာ ခွေးမှာ တစ်ခဏချင်းသေသွားရှာ၏။ မင်းကြီးက ပွဲတော်ဆက်သူကို စစ်မေး သည့်အခါ မိဖုရားစောလုံအပေါ် အပြစ်ရောက်သဖြင့် မိဖုရားစောလုံကို ခေါ်တော်မူ၏။ စစ်မေးသည့်အခါ မိမိကိုယ်လုံးစိုအောင် ရေပက်ခိုင်း၍ အရှက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကိုလုပ်ကြံ ကြောင်း၊ ပေးလိုသည့်အပြစ်ကို ပေးနိုင်ကြောင်း ခပ်မာမာပင် သံတော်ဦး တင်လိုက်၏။ မင်းကြီးသည် ပန်းပဲသမားများကို ချက်ချင်းခေါ်ကာ သံကျပ်စင်လုပ်ပြီး 'မိန်းမယုတ်စောလုံအား မီးရဲရဲညီးသော သံကျပ်စင် ပေါ်တင်၍ ဖိုကျင်ထိုးသတ်စေ' ဟု အမိန့်ချမှတ်လိုက်၏။

မိဖုရားစောလုံသည် ပန်းပဲသမားတို့ကို ရွှေငွေများစွာပေး၍ (၇)ရက် ကြာအောင် ကျပ်စင်ကိုပြုလုပ်စေပြီး (၇)ရက်လုံးလုံး သီလဆောက်တည် ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဆိုပွားများနေ၏။ ရတနာသုံးပါး၏ဂုဏ်တော်၊ ကျေးဇူးတော်များကို အောက်မေ့လျက် ပုတီးစိပ်သည်။ (၇)ရက်စေ့သောအခါ မိဖုရားစောလုံ သည် ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် ပုတီးစိပ်ကာ မီးရဲရဲ ညီးသော သံကျပ်စင်ပေါ်သို့ မကြောက်မရွံ့တက်ရာ အလွန်အေးမြ

မွေးကြိုင်လှသည့် ဂေါ်သီတစန္ဒကူးကိုထည့်လိုက်သကဲ့သို့ တစ်ခါတည်း မီးငြိမ်းသွား၏။ ရတနာသုံးပါးဂုဏ်တော်များကို အာရုံပြုကာ ပုတီးစိပ်နေသည့်အတွက် (၃)ကြိမ်တိုင်တိုင် မီးငြိမ်းသွား၏။ 'ငါသည် ကြမ္မာဝဋ်က လွတ်မြောက်ရန်မရှိပါက ဤခန္ဓာကိုယ်သည် ချက်ချင်း ပြာအတိကျပါစေသား'ဟု အဓိဋ္ဌာန်ပြုသောအခါမှ တစ်ခဏချင်း ပြာအတိဖြစ်သွားရလေသည်။

ဤကဲ့သို့ ဘုရားဂုဏ်တော်ကို ပွားများသော ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်သည် လိုသမျှရ၊ ကြံသမျှအောင်မြင်နိုင်သည့်အပြင် ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတံ့သော ရန်အပေါင်းမှလည်း လွတ်မြောက်ချမ်းသာနိုင်သော တန်ခိုးစွမ်းအင် အကျိုးအာနိသင်ရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် မိမိတို့ကိုးကွယ်နေသော ဘုရားရှင်၏ဂုဏ်တော်များကို နေ့စဉ် ဝတ်ထား၍ ကြိုးစားပွားများသင့်ကြပေသည်။

●

# အခန်း (၃)

## အရောင်းအဝယ်ကောင်း၊ အန္တရာယ်ကင်းသည့် ဂုဏ်တော်ကွန်ခြာ

(၁) သော ဘဂဝါ ဣတိပိ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
ပဌမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အရဟံ။

(၂) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊
ဒုတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

(၃) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊
တတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

(၄) သော ဘဂဝါ ဣတိပိ သုဂတော၊
သုဂတော ဝတ သော ဘဂဝါ၊

သုဂတံ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ၊
စတုတ္ထော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သုဂတော။

(၅) သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
လောကဝိဒူ ဝတ သော ဘဂဝါ၊
လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊
လောကဝိဒုံ သိရသာ နမာမိ၊
ပဉ္စမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ။

(၆) သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊
အနုတ္တရောပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရောပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရောပုရိသဒမ္မသာရထိံ သိရသာ နမာမိ၊
ဆဋ္ဌမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။

(၇) သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာဒေဝမနုဿာနံ သိရသာ နမာမိ၊
သတ္တမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။

(၈) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ၊
အဌမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

(၉) သော ဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဝတ သော ဘဂဝါ၊
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဘဂဝန္တံ သိရသာ နမာမိ၊
နဝမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။ ။

## အနက်အဓိပ္ပာယ်

(၁) သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဤသို့ နတ်လူတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ–အရဟာ မည်တော်မူ၏။ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ အရဟံ ဝတ–နတ်လူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေစွတကား။ အရဟန္တံ–နတ်လူတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။

အရဟန္တံ–နတ်လူတို့၏ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို၊ သိရသာ–ဦးခေါင်းဖြင့်၊ နမာမိ–ရှိခိုးပါ၏။ ပထမော–ပထမဖြစ်သော(ဝါ)ရှေးဦးစွာသော၊ ဝဇိရပါကာရော–ဝရဇိန်တံတိုင်းကြီးသဖွယ်ဖြစ်သော။ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဤသို့ နတ်လူတို့၏ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း၊ အရဟံ–အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

(၂) သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဤသို့ သိစရာ မှန်သမျှ မကျန်ရအောင်၊ ရှိသမျှဉဿုံ၊ အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသော အကြောင်းကြောင့် လည်း၊ သမ္မာသမ္ဗုဒ္ဓေါ–သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သိစရာမှန်သမျှ၊ မကျန် ရအောင် ရှိသမျှဉဿုံ၊ အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာ သိတော်မူပါပေစွတကား။ သမ္မာသမ္ဗုဒ္ဓံ–သိစရာ မှန်သမျှ မကျန်ရအောင် ရှိသမျှဉဿုံ၊ အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သမ္မာသမ္ဗုဒ္ဓံ–သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှဉဿုံ၊ အလုံး စုံသောတရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာဘုရားကို၊ သိရသာ–ဦးခေါင်းဖြင့်၊ နမာမိ–ရှိခိုးပါ၏။ ဒုတိယော– ဒုတိယဖြစ်သော(ဝါ)နှစ်ခုမြောက်ဖြစ်သော၊ ဝဇိရပါကာရော–ဝရဇိန် တံတိုင်းကြီးသဖွယ်ဖြစ်သော၊ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဤသို့ သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှဉဿုံ အလုံး စုံသောတရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာ သိမြင်သော အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ–သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

ကျန်တဲ့ ဂါထာ(၇)ပုဒ်ကို ယခု (၁)၊ (၂) ဂါထာများ အနက်ပေးသည့် နည်းကို နည်းယူပြီး အနက်ပေးရန်ဖြစ်ပါသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတ၊ လောကဝိဒူ စသည့် ဂုဏ်တော်များ၏အနက်ကိုရလျှင် အနက် ပေးတတ်မည် ဖြစ်ပါသည်။

## ဂုဏ်တော်ကွန်ခြာ ဆိုသည်မှာ

ဤဂုဏ်တော်ကွန်ခြာဂါထာများသည် ဘုရားဟောပါဠိတော်နှင့် အဋ္ဌကထာ၊ ဋီကာ စသည့် ထေရဝါဒကျမ်းဂန်များ၌ပါရှိသော ဂါထာများ မဟုတ်ပါ။ မြန်မာနိုင်ငံရှိ ရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများ စီရင်ရေးသားထားသည့် ဂါထာများဖြစ်ပါသည်။

သို့သော်လည်း ကျမ်းဂန်တတ်ဆရာတော်ဘုရားကြီးများသည် ပါဠိ အဋ္ဌကထာ၊ ဋီကာတို့၌လာရှိသည့် အကြောင်းအရာတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့လာ ပါဠိများဖြင့် ပြုစုရေးသားခဲ့သောကြောင့် ပါဠိ အဋ္ဌကထာ၊ ဋီကာတို့၌ တိုက်ရိုက်မလာရှိသော်လည်း၊ အဋ္ဌကထာ လာ မဟာပဒေသလေးပါးတို့တွင် သုတ္တာနုလောမ ဟူသော မဟာပဒေသနည်းအရ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ ဂါထာများဟုပင် ဆိုနိုင်ပါသည်။

ဂုဏ်တော်တစ်ပုဒ်တစ်ပုဒ်မှာ 'အရဟံ' စသည့် ဂုဏ်တော်များကို ကွန်ခြာယက်သကဲ့သို့ ဖွဲ့ဆိုစီမံထားသည့်အတွက် ဂုဏ်တော်ကွန်ခြာ ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုဂါထာများကို (၁)မှ (၉)အထိ အစဉ် အတိုင်း ရွတ်ဆိုပွားများပူဇော်ရန်ဖြစ်ပါသည်။ တောင်တန်းဆရာတော် ဘုရားကြီးဦးဥတ္တမသာရ၏ရွတ်ဆိုနည်းမှာ ပထမတစ်ကြိမ် အစဉ်အတိုင်း ရွတ်ဆိုပြီး ဒုတိယအကြိမ်၌ ကွန်ခြာယက်သကဲ့သို့ (၅)နံပါတ် လောကဝိဒူ ဂုဏ်တော်ဂါထာမှစပြီး ၅၊ ၄၊ ၆၊ ၃၊ ၇၊ ၂၊ ၈၊ ၁၊ ၉-ဂါထာနံပါတ် အစီအစဉ်အတိုင်း ရွတ်ဆိုသည့်နည်းဖြစ်ပါသည်။

ဆိုလိုသည်မှာ ၅-နံပါတ်ဂါထာကို ရွတ်ဆိုပြီး ထိုဂါထာ၏ဝဲဘက်၊ ယာဘက်ရှိ ဂါထာများကို ဖော်ပြပါအစဉ်အတိုင်း အပြန်အလှန် ရွတ်ဆို ပါဟု အဓိပ္ပာယ်ရပါသည်။ ဤရွတ်ဆိုပူဇော်နည်းသည် စာရွက်ကြည့်ပြီး ရွတ်လျှင် မခက်လှပါ။ ဂုဏ်တော် ၉-ပါးအစဉ်ကို ကျေပွန်လျှင် အလွတ်ရွတ်ဆို ပူဇော်နိုင်မည်ဖြစ်ပါသည်။

## ဂုဏ်တော်တန်ခိုး၊ ဂုဏ်တော်အကျိုး

ဤဂုဏ်တော်ကွန်ခြာဂါထာတော်များ၏ အနက်အဓိပ္ပာယ်ကို ကြည့်လျှင် ဘုရားရှင်၏ အရဟံ စတဲ့ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပုံကို အာရုံပြု၍ အောက်မေ့ပွားများခြင်း၊ ဂုဏ်တော်ရှင် ဘုရားသခင်ကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ရှိခိုးပူဇော်ခြင်းဆိုသည့် အချက်(၃)ချက်ကို ဂါထာတော်တိုင်း၌ တွေ့ရပါသည်။ ဤအချက်(၃)ချက်လုံးပင် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်စစ်စစ်ဖြစ်အောင် ရွတ်ဆိုသည့်အခါ အနက်အဓိပ္ပာယ်တို့ကို အာရုံပြုကာ အောက်မေ့ပွားများ ပူဇော်ကြရန်လိုပါသည်။

ဤဗုဒ္ဓါနုဿတိဘာဝနာအကျိုးနှင့်ပတ်သက်၍ အပဒါန်ပါဠိတော်၊ သုဘူတိတ္ထေရအပဒါန်မှာ ပဒုမုတ္တရာဘုရားသခင်နှင့် သုဘူတိမထေရ်လောင်း ရှာန်အဘိညာဉ်ရ နန္ဒရသေ့ကြီးအကြောင်းကို တင်ပြခဲ့ပေပြီ။

ထို့ပြင် ဤဂုဏ်တော်ကွန်ခြာ ဂါထာတော်များကို ရွတ်ဆိုပူဇော်ပါက ဈေးအရောင်းအဝယ်လည်း သိသိသာသာ ထူးထူးခြားခြား ကောင်းကြောင်း၊ ဘေးအန္တရာယ်လည်းကင်းကြောင်း တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးဦးဥတ္တမသာရက ပစ္စက္ခအထောက်အထားများနှင့် မိန့်ကြားတော်မူထားပါသည်။

## ဈေးရောင်းကောင်းသည့် အမျိုးသမီးကြီး

အထောက်အထားမှာ မန္တလေးမြို့မှ ဈေးရောင်းကောင်းသည့် အမျိုးသမီးကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံမှာ ဝံသာနုခေတ်က ထင်ရှားကျော်ကြားခဲ့သည့် ဆရာတော်တစ်ပါးမှာ ဘေးမဲ့ဆရာတော်ဘုရားကြီးဖြစ်ပါသည်။ ဘေးမဲ့ဆရာတော်ကြီး ငယ်ရွယ်စဉ် ပဥ္စင်းငယ်ဘဝက မန္တလေးမြို့ထဲဆွမ်းခံကြွသည့်အခါ ဆွမ်းခံအိမ်တစ်အိမ်က အမျိုးသမီးကြီးက ‘မောင်ပဥ္စင်းရယ်...ဈေးရောင်းရတာလဲ မကောင်းဘူး၊ ဈေးရောင်းကောင်းတဲ့ နည်းကလေးများရှိရင်ပေးစမ်းပါ’ဟု တောင်းသတဲ့။

ဦးပဥ္စင်းက 'ဈေးရောင်းကောင်းတဲ့နည်းကတော့ရှိတယ်၊ ဒကာမကြီး ရွတ်နိုင်ပါ့မလား'ဟု မေးလိုက်သည်။ 'အမယ်လေး...ပေးသာ ပေးပါ ဘုရား၊ ဈေးရောင်းရင်း ရွတ်ဆိုနေရရင် အပျင်းတောင်ပြေသေးတာပေါ့ ဘုရား'ဟု အမျိုးသမီးကြီးက ပြန်လျှောက်သည်။

ထိုအခါ ဦးပဥ္စင်းက ရှေးဆရာတော်ကြီးများထံမှ သူရထားခဲ့သည့် ဤဂုဏ်တော်ကွန်ခြာဂါထာတော်(၉)ပုဒ်ကို အမျိုးသမီးကြီးထံမှ ခဲတံနှင့် ကော်ပီစာအုပ်တောင်းပြီး ရေးပေးခဲ့သည်။ အမျိုးသမီးကြီးလည်း ဝမ်းပန်းတသာ ယုံယုံကြည်ကြည်ဖြင့် ဆိုင်မှာထိုင်နေသည့်အခါ နေ့စဉ် ရွတ်ဖတ်ရာ တစ်နေ့တခြား သိသိသာသာကြီး ဈေးရောင်းကောင်းလာခဲ့သည်။ ထို့ကြောင့် အမျိုးသမီးကြီး၏ဆိုင်မှာ စားကုန်သောက်ကုန်ရောင်းသည့် ဆိုင်ငယ်ကလေးကနေပြီး ကုန်စုံဆိုင်ကြီးဖြစ်လာကာ ကြီးပွားချမ်းသာသွားသည်ဟု ဆိုပါသည်။ ဤသည်မှာ ဈေးရောင်းကောင်းပြီး ဥစ္စာစီးပွားတိုးတက်ချမ်းသာလာပုံဖြစ်သည်။

အန္တရာယ်ကင်းပုံကို ဆက်လက်တင်ပြပါဦးမည်။ ထိုအမျိုးသမီးကြီး၏ဆွေမျိုးများသည် အမရပူရတစ်ဖက်က တောင်သမန်မှာ နေကြသည်။ အမျိုးသမီးကြီးက ပိုလျှံစုဆောင်းထားသည့်ငွေများကို အလကားမထားဘဲ ဆွေမျိုးများအား ချေးငှားထားသည်။ တစ်နေ့တွင် အမျိုးသမီးကြီးသည် တောင်သမန်ရှိဆွေမျိုးများထံကြွေးသွားတောင်းပြီး ငွေဒင်္ဂါးထုပ်ကြီးကို ခေါင်းပေါ်ရွက်ကာ ပြန်လာခဲ့သည်။ ထိုအကြောင်းကို အရက်သမား ယစ်ထုပ်ကြီးများက သိသည့်အတွက် 'ဒီသူဌေးမကြီး အပြန်မှာ ငွေဒင်္ဂါးထုပ်ကြီးကိုလုယူကြမယ်'ဟုကြံပြီး ဗားကရာတိုက်ပျက်ကြီးဘေးက ပုန်းပြီးစောင့်နေကြသည်။

အမျိုးသမီးကြီးကလည်း အပြန်မှာ သူရွတ်ဆိုနေကျဖြစ်သည့် ဂုဏ်တော်ကွန်ခြာကိုပင် ရွတ်ဆိုပြီးပြန်လာခဲ့သည်။ ယစ်ထုပ်ကြီးများ ပုန်းနေကြတဲ့နေရာသို့ ရောက်လာသည့်အခါ ယစ်ထုပ်ကြီးများက လုရန်အတွက် အမျိုးသမီးကြီးကိုကြည့်လိုက်သည့်အခါ တအံ့တဩဖြစ်သွား

ကြပြီး 'ဟော့...သွားမလုပ်ကြနဲ့၊ ဒီသူဌေးမကြီးက မညံ့ဘူးကွ။ သူ့ရှေ့က သေနတ်ထမ်းထားတဲ့ ပုလိပ်တစ်ယောက်၊ သူ့နောက်က သေနတ်ထမ်းထားတဲ့ ပုလိပ်တစ်ယောက် ခေါ်လာတယ်၊ သွားမလုပ်ကြနဲ့' ဆိုပြီး ပုန်းမြဲပုန်းနေကြလို့ အမျိုးသမီးကြီးသည် လူဆိုးများဘေးမှ လွတ်သွားသတဲ့။

အမှန်ကတော့ အမျိုးသမီးကြီးသည် မည်သည့်ပုလိပ်အစောင့်ကိုမျှ မခေါ်ခဲ့ဘဲ ဂုဏ်တော်ကွန်ခြာကိုသာ ရွတ်ဆိုလာခဲ့ခြင်းဖြစ်သည်။ ထိုအစောင့်ပုလိပ်နှစ်ယောက်ကိုလည်း အမျိုးသမီးကြီး မမြင်ရဘဲ လူဆိုးများကသာ တွေ့မြင်ရခြင်းဖြစ်သည်။ ဤသည်မှာ ဂုဏ်တော်ကွန်ခြာဂါထာတော်များ၏ တန်ခိုးအစွမ်းကြောင့် အန္တရာယ်ကင်းသည့်အကျိုးကို ရရှိပုံဖြစ်ပါသည်။

ပဒုမုတ္တရဘုရားရှင် ဟောတော်မူသည့် ဂုဏ်တော်၏တန်ခိုး၊ ဂုဏ်တော်၏အကျိုးများနှင့် တောင်တန်းသာသနာပြုဆရာတော်ကြီး တင်ပြသည့် ဝတ္ထုသက်သေအရ ပစ္စက္ခအကျိုးတို့အရ ယုံကြည်သောသဒ္ဓါဖြင့် အချိန်မှန်အကြိမ်မှန် ရွတ်ဆိုပွားများမှုဘာဝနာကို ပြုလုပ်နိုင်ရန် တင်ပြလိုက်ရပေသည်။

# အခန်း (၄)

## အန္တရာယ်ခပ်သိမ်းကင်းငြိမ်း ရာထူးရ စီးပွားတက်သော ပဋ္ဌာန်း(၂၄)ပစ္စည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊
အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။ ။

ဤပဋ္ဌာန်း(၂၄)ပစ္စည်းသည် ပဋ္ဌာန်းပါဠိတော် ပထမအုပ်တွင်ပါရှိ၍ ပစ္စည်းတရားအကျဉ်းမျှဖြစ်သောကြောင့် 'ပစ္စယုဒ္ဒေသ'ဟု ခေါ်၏။ (ပစ္စယ=ပစ္စည်း=အကြောင်းတရား+ဥဒ္ဒေသ=အကျဉ်း)။

## ၂၄–ပစ္စည်းအနက်

၁။ ဟေတုပစ္စယော– သစ်ပင်၏အမြစ်သည် သစ်ပင် မြဲမြံခိုင်ခံ့၊ တည်တံ့အောင် ထောက်ပံ့ကျေးဇူးပြုထားသကဲ့သို့ မိမိနှင့်အတူ ဖြစ်ပေါ်ဖြစ်ဖက် ရုပ်နာမ်တရားတို့ကို အမြစ်သဖွယ် ကျေးဇူး ပြုတတ်သော ဟိတ် ၆–ပါးအကြောင်းတရား။

၂။ အာရမ္မဏပစ္စယော- တောင်ဝှေး၊ ကြိုးတန်း စသည်တို့သည် မထနိုင် မရပ်နိုင်သောသူတို့ကို ထနိုင်ရပ်နိုင်အောင် ကျေးဇူးပြု သကဲ့သို့ စိတ်,စေတသိက်နာမ်တရားတို့၏ဆွဲကိုင်ရာ အာရုံအဖြစ် ဖြင့် ကျေးဇူးပြုတတ်သော အာရုံခြောက်ပါးအကြောင်းတရား။

၃။ အဓိပတိပစ္စယော- စကြဝတေးမင်းကဲ့သို့ တစ်ပါးတည်း အကြီး အမှူးအဖြစ်ဖြင့်ကျေးဇူးပြုတတ်သော အဓိပတိ ၄-ပါး အကြောင်း တရား။

၄။ အနန္တရပစ္စယော- ဘုရင်မင်းမြတ် နတ်ရွာစံခြင်းသည် အိမ်ရှေ့ မင်းသားအား မင်းအဖြစ်ကိုရအောင် ကျေးဇူးပြုသကဲ့သို့ အခြား တရားတစ်ပါးအား အခြားမဲ့၌ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ် သော အနန္တရအကြောင်းတရား။

၅။ သမနန္တရပစ္စယော- ဘုရင်မင်းမြတ် ရဟန်းပြုသွားခြင်းသည် အိမ်ရှေ့မင်းသားအား မင်းဖြစ်အောင် ကျေးဇူးပြုသကဲ့သို့ အခြား တရားတစ်ပါးအား ကောင်းစွာအခြားမဲ့၌ဖြစ်ပေါ်အောင် ကျေးဇူး ပြုတတ်သော သမနန္တရအကြောင်းတရား။

၆။ သဟဇာတပစ္စယော- ဆီမီးသည် အလင်းရောင်ဖြစ်ပေါ်အောင် ကျေးဇူးပြုသကဲ့သို့ အတူဖြစ်ဖော်ဖြစ်ဖက် ရုပ်နာမ်တရားတို့ကို ကျေးဇူးပြုတတ်သော သဟဇာတအကြောင်းတရား။

၇။ အညမညပစ္စယော- သုံးချောင်းထောက်သည် တစ်ချောင်းကို တစ်ချောင်း မယိမ်းယိုင်အောင် နာမ်အချင်းချင်း၊ ရုပ်အချင်းချင်း၊ ရုပ်နှင့်နာမ်အချင်းချင်း ကျေးဇူးပြုတတ်သော အညမညအကြောင်း တရား။

၈။ နိဿယပစ္စယော- မြေကြီးသည် သစ်ပင်၊ သတ္တဝါ စသော သက်ရှိသက်မဲ့ပစ္စည်းတို့အား မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြု သကဲ့သို့ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော နိဿယ အကြောင်းတရား။

၉။ ဥပနိဿယပစ္စယော– မိုးသည် မိုးကိုအမှီပြုကြရသည့် သစ်ပင် သတ္တဝါတို့အား အားကြီးသော မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူး ပြုသကဲ့သို့ အားကြီးသော မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြု တတ်သော ဥပနိဿယအကြောင်းတရား။

၁၀။ ပုရေဇာတပစ္စယော– ကမ္ဘာဦးကဖြစ်သော လ,နေ တို့သည် အလင်းရောင်ကို မှီကြရသည့် သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ ရှေ့ကဖြစ်၍ ကျေးဇူးပြုတတ်သော ပုရေဇာတအကြောင်းတရား။

၁၁။ ပစ္ဆာဇာတပစ္စယော– လင်းတငယ်၏ အာဟာရကို တောင့်တ ခြင်း အာသာဆန္ဒသည် နောက်မှဖြစ်ပေါ်၍ လင်းတ၏ခန္ဓာကိုယ် အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ရှေ့ဖြစ်နှင့်ပြီးသော တရားတို့ကို ကျေးဇူးပြုတတ်သော ပစ္ဆာဇာတအကြောင်းတရား။

၁၂။ အာသေဝနပစ္စယော– ရှေးက လိမ်းထားသော နံ့သာသည် နောက်လိမ်းသောနံ့သာအား အဆင်းအနံ့ လွန်စွာဖြစ်အောင် ကျေးဇူးပြုသကဲ့သို့ ရှေ့တရားတို့က နောက်သဘောတူတရား တို့အား အားကောင်းအောင် ကျေးဇူးပြုတတ်သော အာသေဝန အကြောင်းတရား။

၁၃။ ကမ္မပစ္စယော– မျိုးစေ့သည် အညွန့်အညှောက် အပင်ပေါက် အောင် ကျေးဇူးပြုသကဲ့သို့ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ကံတရားသည် အကျိုးတရားဖြစ်ပွားအောင် ကျေးဇူးပြုတတ် သော ကံအကြောင်းတရား။

၁၄။ ဝိပါကပစ္စယော– လေအေးသည် အရိပ်၌နေသောသူအား အေးငြိမ်းချမ်းသာအောင် ကျေးဇူးပြုတတ်သကဲ့သို့ အတူဖြစ်ပေါ် ဖြစ်ဖက် နာမ်အကျိုးတရားအချင်းချင်း ကျေးဇူးပြုတတ်သော ဝိပါကအကြောင်းတရား။

၁၅။ အာဟာရပစ္စယော– ကျားကန်ထားသောတိုင်သည် အဆောက် အဦအား မြဲမြံတည်တံ့အောင် ကျေးဇူးပြုသကဲ့သို့ ရုပ်နာမ်

အာဟာရတရားတို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရားအား မြဲမြံ တည်တံ့အောင် ကျေးဇူးပြုတတ်သော အာဟာရအရအကြောင်း တရား။

၁၆။ ဣန္ဒြိယပစ္စယော– အစိုးရဝန်ကြီးများသည် မိမိတို့ဆိုင်ရာဌာန၌ အစိုးရသောအားဖြင့် ကျေးဇူးပြုတတ်သကဲ့သို့ စက္ခုပသာဒ စသော ရုပ်တရားတို့သည် မိမိတို့ဆိုင်ရာဌာန၌ အစိုးရသော အားဖြင့် ကျေးဇူးပြုတတ်သော ဣန္ဒြိယအကြောင်းတရား။

၁၇။ ဈာနပစ္စယော– ကောင်းစွာကပ်ရှုတတ်သောအားဖြင့် ကျေးဇူး ပြုတတ်သော ဈာနအကြောင်းတရား။

၁၈။ မဂ္ဂပစ္စယော– သံသရာမှထွက်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော မဂ္ဂအကြောင်းတရား။

၁၉။ သမ္ပယုတ္တပစ္စယော– အတူတကွ စပ်ယှဉ်နှီးနှောသောအားဖြင့် ကျေးဇူးပြုတတ်သော သမ္ပယုတ္တအကြောင်းတရား။

၂၀။ ဝိပ္ပယုတ္တပစ္စယော– အတူတကွ မစပ်ယှဉ် မနှီးနှောသောအားဖြင့် ကျေးဇူးပြုတတ်သော ဝိပ္ပယုတ္တအကြောင်းတရား။

၂၁။ အတ္ထိပစ္စယော– ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အတ္ထိအကြောင်းတရား။

၂၂။ နတ္ထိပစ္စယော– ဆီမီးငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုတတ် သော နတ္ထိအကြောင်းတရား။

၂၃။ ဝိဂတပစ္စယော– နေရောင်ကင်းပျောက်ခြင်းသည် လရောင် ရောက်အောင် ကျေးဇူးပြုသကဲ့သို့ ကင်းသော(မရှိသော)အားဖြင့် ကျေးဇူးပြုတတ်သော ဝိဂတအကြောင်းတရား။

၂၄။ အဝိဂတပစ္စယော– မကင်းသောအားဖြင့် (ထင်ရှားရှိသော အားဖြင့်) ကျေးဇူးပြုတတ်သော အဝိဂတအကြောင်းတရားတို့ ဖြစ်ပါသည်။

## (၂၄)ပစ္စည်း ဖြစ်ပေါ်လာပုံ

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်၏ အနောက်ဘက်အရပ်ရှိ ရတနာဃရစံအိမ်တော်၌ စတုတ္ထသတ္တာဟ စံနေတော်မူပါသည်။ ယင်းသို့စံနေတော်မူစဉ် အဘိဓမ္မာ ၇–ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူလေသည်။

ရှေးဦးစွာ ဓမ္မသင်္ဂဏီကျမ်းကြီးမှစ၍ အစဉ်အတိုင်းသုံးသပ်ဆင်ခြင်တော်မူရာ ခြောက်ကျမ်းမြောက်ဖြစ်သည့် ယမိုက်ကျမ်းကြီးအထိ အံ့ဖွယ်သရဲ ထူးထူးကဲကဲဖြစ်ပေါ်မလာသေးပေ။ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသည့်အခါမှသာ ကိုယ်တော်မြတ်မှ ခြောက်ခြည်တော်ခြောက်ဖြာ ကွန့်မြူးထွက်ပေါ်လာခဲ့လေသည်။ ဤသို့ဖြစ်ပေါ်ခြင်းသည် အဘိဓမ္မာတရားတော်ချင်းတူသော်လည်း ဆင်ခြင်ပုံ ဆင်ခြင်နည်း ကွဲပြားခြားနားသောကြောင့်ဖြစ်ပါသည်။

မှန်ပါသည်။ အဘိဓမ္မာတရားတော်များကို ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်္ဂနည်း၊ ဓာတုကထာနည်း၊ ပုဂ္ဂလပညတ္တိနည်း၊ ကထာဝတ္ထုနည်း၊ ယမကနည်းဟူသော နည်းခြောက်မျိုးတို့ဖြင့် သုံးသပ်ဆင်ခြင်တော်မူသည့်အခါ ဆင်ခြင်သုံးသပ်နည်းများမှာ ကျယ်သင့်သလောက် ကျယ်သော်ငြားလည်း သဗ္ဗညုတဉာဏ်တော်စွမ်းအားနှင့်နှိုင်းစာလျှင် ဉာဏ်တော်စွမ်းအားက ကျယ်နေပြီး ဆင်ခြင်သုံးသပ်နည်းများက ကျဉ်းနေရကား ဉာဏ်တော်ကြီးမှာ စွမ်းအားရှိတိုင်း လူးလွန့်မြူးကွန့်နိုင်ခွင့်မရခဲ့ပါချေ။

ပဋ္ဌာန်းနည်းဖြင့်ဆင်ခြင်သုံးသပ်တော်မူသည့်အခါမှသာ ပဋ္ဌာန်းနည်းကလည်း အဆုံးအပိုင်းအခြားမရှိအနန္တ၊ သဗ္ဗညုတဉာဏ်တော်ကြီးကလည်း အဆုံးအပိုင်းအခြားမရှိအနန္တဖြစ်လေသောကြောင့် ဉာဏ်တော်က ကွန့်မြူးလေလေ တရားတော်ကလည်းကျယ်လာလေလေ ဖြစ်သည်။ ထိုအခါမှသာ သဗ္ဗညုတဉာဏ်တော်အစွမ်းရှိသမျှ ကွန့်မြူးကျက်စားနိုင်ခွင့်ရလေသည်။

ဥပမာအားဖြင့် မိုင်ပေါင်းများစွာရှည်လျားကြီးကျယ်သည့် တိမိရ ပိင်္ဂလ စသော ငါးကြီးများသည် ပင်လယ်ကမ်းခြေပိုင်းကဲ့သို့သော ကျဉ်းမြောင်းရေတိမ်သည့် နေရာမျိုးတို့၌ ကြိုက်သလို မကျက်စား မပျော်မြူးနိုင်ကြဘဲ အလွန်နက်ရှိုင်းကျယ်ဝန်းသည့် သမုဒ္ဒရာအလယ် ပိုင်း၌သာ ကျက်စားပျော်မြူးနိုင်သည်နှင့်တူပါသည်။

သဗ္ဗညုတဉာဏ်တော်ကြီးသည် အစွမ်းရှိသမျှ ကွန့်မြူးကျက်စား ရ၍ ကြည်လင်ရွှင်ပျလာသည့်အခါ ဉာဏ်တော်ကြီးနှင့်အတူ ယှဉ်တွဲ ဖြစ်ပေါ်လာကြသည့် စိတ်စေတသိက်တရားများသည်လည်း ကြည်လင် ရွှင်ပျလာကြသည်။ တစ်ချိန်တည်းမှာပင် ဉာဏ်တော်ကြီး၏တည်ရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးသည်လည်း ကြည်လင်တောက်ပလာ၏။ ထိုအခါ နှလုံးသွေးနှင့်ဆက်စပ်နေသည့် ရုပ်တရားများသည်လည်း ကြည်လင်တောက်ပလာပြီး ဗုဒ္ဓမြတ်စွာ၏ရူပကာယတော်မှ တဝင်းဝင်း တလက်လက် ရောင်ခြောက်စုံကွန့်မြူးပေါ်ထွက်လာခဲ့ခြင်းဖြစ်ပေသည်။

ဤသို့ ၂၄–ပစ္စည်း စသော ပဋ္ဌာန်းတရားတော်သည် ဘုရား ဖြစ်တော်မူပြီး စတုတ္ထသတ္တာဟအဖြစ် ရတနာဃရစံအိမ်၌ စံနေတော် မူစဉ် ဘုရားရှင်၏နှလုံးသားတွင် ဆင်ခြင်သောအားဖြင့် ဖြစ်ပေါ်လာ ပါသည်။ နှုတ်တော်ဖြင့် ထုတ်ဖော်ဟောကြားမှုကား မြတ်စွာဘုရား ခုနစ်ဝါမြောက် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလ ပတ်လုံး နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားတော်ကို အဆက်မပြတ် ဟောကြားတော်မူသည့်အခါ၌သာ ဖြစ်ပေါ်လာပါသည်။

## ပဋ္ဌာန်း၏ တန်ခိုးစွမ်းအင်နှင့်အကျိုးအာနိသင်

ပဋ္ဌာန်းတရားတော်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်၏ ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပေါ်ထွက် လာစေနိုင်ခြင်း၊ သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)သား မဟာဂတိဂမိယ တိဿဒတ္တမထေရ်ကြီးအား တစ်ထိုင်တည်း၌ပင် ကိလေသာကုန်ခမ်း

ရဟန္တာအဖြစ်သို့ ပို့ဆောင်နိုင်ခြင်း စသော တန်ခိုးစွမ်းအင်၊ အကျိုး အာနိသင်ရှိကြောင်း အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၌ လေ့လာဖတ်ရှု ရ၏။

(၂၄)ပစ္စည်းခေါ် အစတွင်ဖော်ပြခဲ့သော ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ တော်ကို မိမိမွေးနံ့အရပ်မှအစပြု၍ လက်ယာရစ်လှည့်ကာ အရပ်ရှစ်မျက်နှာ သို့မဟုတ် ဆယ်မျက်နှာစေ့အောင် ရွတ်ဆိုစည်းချ၍အိပ်ပါက မိမိတို့ အိမ်ထဲသို့ သူခိုးဓားပြ ရန်သူများမဝင်နိုင်၊ မကောင်းဆိုးဝါးများ မနှောင့် ယှက်နိုင်၊ ညအိပ်ရာဝင်, နံနက်အိပ်ရာထ နေ့စဉ်မှန်မှန် ရွတ်ဖတ် သရဇ္ဈာယ်ပါက ဘေးရန်ကင်းခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ စည်းစိမ်ဥစ္စာ တိုးတက်ခြင်း၊ ရာထူးရခြင်း၊ ရာထူးတက်ခြင်း၊ ကျန်းမာရွှင်လန်းခြင်း စသော အကျိုးများကို မုချရနိုင်ပါသည်။ မျက်မှောက်သာဓကတစ်ခုကို တင်ပြပါဦးမည်။

လွန်ခဲ့သည့် (၄၅)နှစ်ခန့်က ခရမ်းမြို့နယ်ရှိ ပေါက်ကုန်းရွာကလေး တွင် ဦးရိုး ခေါ် အသက်(၈၀)အရွယ်ရှိ အဘိုးကြီးတစ်ဦးရှိပါသည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ၍ ရွာအပြင်ဘက်ရှိ လယ်ကွင်းထဲတွင် တစ်အိမ်တည်း ကောင်းမွန်စွာဆောက်လုပ်နေထိုင်သည်။ထိုအဘိုးကြီးက ‘ပဋ္ဌာန်း ၂၄–ပစ္စည်းကို အိပ်ကာနီးမှာ ညစဉ်ရွတ်ပြီး စည်းချအိပ်ပါ၊ ဘယ်ရန်သူမှ မနှောင့်ယှက်နိုင်ပါ၊ မဖျက်ဆီးနိုင်ပါ။ အဘဟာ အိပ်ကာ နီးမှာ ပဋ္ဌာန်း ၂၄–ပစ္စည်းကို စည်းချအိပ်တဲ့အတွက် အဘအိမ်ကို လာတိုက်ကြတဲ့ဓားပြတွေဟာ ရွာအပြင်မှာ တစ်အိမ်တည်းထီးထီးကြီး ရှိနေတဲ့ အဘအိမ်ကိုရှာမတွေ့ကြဘူး၊ အဲဒါ တစ်ကြိမ်တည်းမဟုတ်ဘူး၊ အကြိမ်ကြိမ်ပဲ။ တစ်ခါကတော့ ဓားပြတွေဟာ အိမ်ကိုတော့ တွေ့ကြ တယ်၊ ဒါပေမယ့် အဘရဲ့အိမ်ဝိုင်းထဲမှာ စစ်တပ်စခန်းချနေတာကို တွေ့လို့ ပြန်ပြေးသွားကြရတယ်လို့ သိရတယ်–ဟု ပဋ္ဌာန်း ၂၄–ပစ္စည်း တန်ခိုးသတ္တိကြီးမားပုံကို မြေးဖြစ်သူ ဦးတင်အေး(ကုန်သွယ်ရေးဝန်ထမ်း တစ်ဦး)အား စိတ်ဝင်တစား ပြောကြားခဲ့ဖူးပေသည်။

ဦးတင်အေးကလည်း အဘိုးဦးရိုး ပြောကြားသည်ကို ယုံကြည်ပြီး ပဋ္ဌာန်း ၂၄–ပစ္စည်းကို ထိုအချိန်ကစ၍ ရွတ်ဆိုခြင်း၊ ရွတ်ဆိုပူဇော်ခြင်း တို့ကို အချိန်မှန်ပြုလုပ်ခဲ့သတဲ့။ ဦးတင်အေးလည်း ဤကဲ့သို့ ပဋ္ဌာန်း ၂၄–ပစ္စည်းကို အချိန်မှန်ရွတ်ဆိုခဲ့မှုကြောင့် မိမိထက်ပညာအရည်အချင်း ရှိသူ ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသားများထက်သာလွန်ပြီး မမျှော်လင့်သည့် အလုပ်အကိုင်အဆင့်အတန်းကိုရရှိခဲ့သည်။ ၁၉၆၈– ခုနှစ် (၁၄၄)ကြိမ်မြောက် အစိုးရသိန်းထီတွင် 'သားသားမိုးမြင့်ကံ' ဟူသော အတိတ်ဖြင့် ငါးထောင်ဆုပေါက်ခဲ့သည်။ ရောက်လေရာရာ အရပ်ဌာနတို့မှာ မျက်နှာပွင့်လန်းသည်။ လူချစ်လူခင်ပေါသည်။ ကူညီ မည့်သူများသည်ဟု သိရပေသည်။ နောက်ဆုံး ဦးတင်အေး ပြောကြား သည်မှာ–

'ကျွန်တော် ၁၉–နှစ်သားအရွယ်ကစပြီး ဖိုးလေးတော်သူ ဦးရိုး၏ စနစ်တကျ ညွှန်ပြသင်ကြားပေးခဲ့သည့် ပဋ္ဌာန်း ၂၄–ပစ္စည်းကို ထာဝစဉ် ရွတ်ဆိုခဲ့သည့်အတွက် စီးပွားတိုးတက်သည်ဟုတော့ မပြောလိုပါ။ ကြုံတွေ့ရတဲ့ ဘေးအန္တရာယ်အသွယ်သွယ်ကိုတော့ အမှန်တကယ် ကာကွယ်စောင့်ရှောက်ရုံမက ဘဝကံနည်း၍ မွဲပင်မွဲပါစေ၊ လူတန်းစေ့ အောင် ပြောင်ပြောင်ပဲမွဲပါသည်'ဟု သူ့ကိုယ်တွေ့ကို ပြောကြားဖူးပါ သည်။

သို့သော် ပဋ္ဌာန်းတရားတော်သည် တရားထူးဖြစ်၍ အကျိုးထူး များကိုပေးနိုင်သည်ဟု ယုံကြည်ကြရန်လိုသည်။ ယုံကြည်မှုသဒ္ဓါကို နေ့စဉ်မှန်မှန် ရွတ်ဆိုပွားများမှုဘာဝနာနှင့် ယှဉ်တွဲနိုင်ကြပါလျှင် အကြံ အစည်ဟူသမျှ ထမြောက်အောင်မြင်နိုင်ပါသည်။ ထို့ကြောင့် ပဋ္ဌာန်း ၂၄–ပစ္စည်းကို နိဗဒ္ဓဝတ်ထားပြီး အချိန်မှန်ရွတ်ဆို ပွားများသင့်ကြ ပေသည်။

●

# အခန်း (၅)

## ဘေးရန်ခပ်သိမ်းကင်းငြိမ်းသော ပဋိစ္စသမုပ္ပါဒ်တရားတော် (အနုလုံပါဠိ)

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာမရဏံ၊
သောကပရိဒေဝ ဒုက္ခ ဒေါမနဿု-
ပါယာသာ သမ္ဘဝန္တိ။
ဧဝ မေ တဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဤပဋိစ္စသမုပ္ပါဒ် (အနုလုံ၊ ပဋိလုံ) တရားတော်အစုံသည် သုတ္တန်ပါဠိတော်၊ ဝိနည်းပါဠိတော်၊ အဘိဓမ္မာပါဠိတော် သုံးမျိုးလုံး၌ ဟောကြားတော်မူထားသော တရားတော်ဖြစ်သည်။ အထူးသဖြင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်တစ်ခုလုံးတွင် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောကြားတော်မူထားသည်။

## အနက်

အဝိဇ္ဇာပစ္စယာ–မသိမှုအဝိဇ္ဇာ ဟူသော အကြောင်းကြောင့်၊ သင်္ခါရာ–အားထုတ်မှုသင်္ခါရတို့သည်၊ သမ္ဘဝန္တိ–ဖြစ်လာကြကုန်၏။ သင်္ခါရပစ္စယာ–အားထုတ်မှုသင်္ခါရဟူသော အကြောင်းကြောင့်၊ ဝိညာဏံ–ဘဝသစ်ဝိညာဏ်သည်၊ သမ္ဘဝတိ–ဖြစ်၏။ ဝိညာဏပစ္စယာ–ဘဝသစ်ဝိညာဏ် ဟူသော အကြောင်းကြောင့်၊ နာမရူပံ–နာမ်ရုပ်သည်၊ သမ္ဘဝတိ–ဖြစ်၏။ နာမရူပ ပစ္စယာ–နာမ်ရုပ်ဟူသောအကြောင်းကြောင့်၊ သဠာယတနံ–စက္ခုစသား အာယတနခြောက်ပါးသည်၊ သမ္ဘဝတိ–ဖြစ်၏။ သဠာယတနပစ္စယာ–သဠာယတနဟူသောအကြောင်းကြောင့်၊ ဖဿော– အာရုံကိုတွေ့ထိမှု ဖဿသည်၊ သမ္ဘဝတိ–ဖြစ်၏။ ဖဿပစ္စယာ–ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ–အာရုံကိုခံစားမှုဝေဒနာသည်၊ သမ္ဘဝတိ–ဖြစ်၏။ ဝေဒနာပစ္စယာ– ဝေဒနာဟူသောအကြောင်းကြောင့်၊ တဏှာ–အာရုံကိုတပ်မက်မှုတဏှာသည်၊ သမ္ဘဝတိ–ဖြစ်၏။ တဏှာပစ္စယာ– တဏှာဟူသောအကြောင်းကြောင့်၊ ဥပါဒါနံ–အာရုံကိုစွဲလမ်းမှုဥပါဒါန်သည်၊ သမ္ဘဝတိ–ဖြစ်၏။ ဥပါဒါနပစ္စယာ–ဥပါဒါန်ဟူသော အကြောင်းကြောင့်၊ ဘဝေါ–ကမ္မဘဝ, ဥပပတ္တိဘဝသည်၊ သမ္ဘဝတိ–ဖြစ်၏။ ဘဝပစ္စယာ–ကမ္မဘဝ ဟူသောအကြောင်းကြောင့်၊ ဇာတိ–ဘဝအသစ်ဖြစ်မှု ဇာတိသည်၊ သမ္ဘဝတိ–ဖြစ်၏။ ဇာတိပစ္စယာ–ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာမရဏံ–အိုခြင်း, သေခြင်းသည်လည်းကောင်း၊ သောက, ပရိဒေဝဒုက္ခ, ဒေါမနဿ, ဥပါယာသာ–စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, စိတ်နှလုံးပြင်းစွာပူပန်ခြင်းတို့သည် လည်းကောင်း၊ သမ္ဘဝန္တိ –ဖြစ်ပေါ်လာကြကုန်၏။

ဝေ-ဤသို့ ကြောင်းကျိုးဆက်နည်းဖြင့်၊ ကေဝလဿ- ချမ်းသာမဖက်, ဆင်းရဲသက်သက်ဖြစ်သော၊ ဒုက္ခက္ခန္ဓဿ- ဆင်းရဲစုဆင်းရဲပုံကြီး၏၊ သမုဒယော-ဆက်ကာဆက်ကာ ဖြစ်ပေါ်နေမှုကြီးသည်၊ ဟောတိ-ဖြစ်၏။

## ပဋိလုံပါဠိ

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ,မရဏံ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## အနက်

အဝိဇ္ဇာယတွေဝ-မသိခြင်းအဝိဇ္ဇာ၏သာလျှင်၊ အသေသ ဝိရာဂနိရောဓာ-ကြွင်းမဲ့ဉဿုံ, အလုံးစုံချုပ်ခြင်းကြောင့်၊ သင်္ခါရ နိရောဓော-သင်္ခါရချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ သင်္ခါရ နိရောဓာ-သင်္ခါရချုပ်ခြင်းကြောင့်၊ ဝိညာဏနိရောဓော-ဝိညာဉ် ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ ဝိညာဏနိရောဓာ-ဝိညာဉ် ချုပ်ခြင်းကြောင့်၊ နာမရူပနိရောဓော-နာမ်ရုပ်ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ နာမရူပနိရောဓာ-နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနနိရောဓာ- စက္ခုစသား, အာယတနခြောက်ပါး ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ သဠာယတနနိရောဓာ- သဠာယတနချုပ်ခြင်းကြောင့်၊ ဖဿနိရောဓော-ဖဿချုပ်ခြင်း

သည်၊ ဟောတိ–ဖြစ်၏။ ဖဿနိရောဓာ–ဖဿချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော–ဝေဒနာချုပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ ဝေဒနာနိရောဓာ–ဝေဒနာချုပ်ခြင်းကြောင့်၊ တဏှာနိရောဓော–တဏှာချုပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ တဏှာနိရောဓာ–တဏှာချုပ်ခြင်းကြောင့်၊ ဥပါဒါနနိရောဓာ–ဥပါဒါန်ချုပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ ဥပါဒါနနိရောဓာ–ဥပါဒါန်ချုပ်ခြင်းကြောင့်၊ ဘဝနိရောဓာ–ဘဝချုပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ ဘဝနိရောဓာ–ဘဝချုပ်ခြင်းကြောင့်၊ ဇာတိနိရောဓာ–ဇာတိချုပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ ဇာတိနိရောဓာ–ဇာတိချုပ်ခြင်းကြောင့်၊ ဇရာ,မရဏံ–ဇရာ,မရဏသည်လည်းကောင်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ–သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသတို့သည်လည်းကောင်း၊ နိရုဇ္ဈန္တိ–ချုပ်ကြကုန်၏။

ဧဝံ–ဤသို့ ကြောင်းကျိုးဆက်နည်းဖြင့်၊ ကေဝလဿ–ချမ်းသာမဖက်, ဆင်းရဲသက်သက်ဖြစ်သော၊ ဒုက္ခက္ခန္ဓဿ–ဆင်းရဲစု ဆင်းရဲပုံကြီး၏၊ နိရောဓော–ချုပ်ငြိမ်းသွားခြင်းသည်၊ ဟောတိ–ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ဖြစ်ပေါ်လာပုံ

ဘုရားလောင်းတော်တိုင်းပင် ဘုရားဖြစ်ကာနီး၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ, ပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူကြမြဲဓမ္မတာဖြစ်၏။ ကျွန်ုပ်တို့ မြတ်စွာဘုရားအလောင်းတော်သည် မဟာဗောဓိပင်ရင်း၊ အပရာဇိတပလ္လင်တော်ပေါ်၌ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီ ဒေဝပုတ္တမာရ်(ဝသဝတ္တီမာရ်နတ်)ကို အောင်မြင်တော်မူသည်။ ထို့နောက် ထိုနေ့ည ညဦးယံ၌ ပထမဝိဇ္ဇာဉာဏ်ခေါ်သည့် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ကိုရတော်မူ၍ သန်းခေါင်ယံတွင် ဒုတိယဝိဇ္ဇာဉာဏ်ခေါ်သည့် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရတော်မူပါသည်။

မိုးသောက်ယံတွင် ဘုရားလောင်းသည် ရှေးဘုရားလောင်းတော်တို့ နည်းတူ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ၊ပဋိလုံ သုံးသပ်ဆင်ခြင်တော်မူပါသည်။ ထိုအခါ ဇာတိခေတ် စကြဝဠာတိုက်ပေါင်း လောကဓာတ်တစ်သောင်းလုံး ရေဆုံးအောင် တုန်လှုပ်လေ၏။ ထိုနောက် ဘုရားလောင်းသည် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးကို အင်္ဂါတစ်ပါး တစ်ပါးလျှင် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာယာဉ်တင်ကာ ကုဋေသုံးသန်းခြောက်သိန်းသော မဟာဝဇိရဝိပဿနာသမ္မသနဉာဏ်တော်ကို ဖြစ်စေတော်မူပြီး၊ နောက်ဆုံးအရဏ်တက်ချိန်တွင် အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်များရရှိကာ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အသာဓာရဏ ဉာဏ်တော်ခြောက်ပါး၊ ဗုဒ္ဓဉာဏ်တော်တစ်ဆယ့်လေးပါး၊ အာဝေဏိက ဉာဏ်တော်တစ်ဆယ့်ရှစ်ပါး၊ ဝေသာရဇ္ဇဉာဏ်တော်လေးပါး စသော ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးတော်များနှင့်တကွ သဗ္ဗညုတဉာဏ်တော်ကြီးကိုပါရတော်မူကာ ဘုရားအဖြစ်သို့ရောက်တော်မူပါသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ဘုရားဖြစ်ကာနီး ဘုရားလောင်းဘဝတွင် နှလုံးသွင်းဆင်ခြင်သောအားဖြင့် ပထမဆုံးဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် ၁-ရက်နေ့ တစ်နေ့လုံး ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်တို့ကို ဝင်စားလျက် ဝိမုတ္တိချမ်းသာ(အရဟတ္တဖိုလ်ချမ်းသာ)ကို ခံစားသုံးဆောင်တော်မူ၍ ညဉ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ, ပဋိလုံ ဆင်ခြင်တော်မူကာ ‘ယဒါဟဝေ’စသည့် ပထမဉဒါန်းဂါထာတော်ကို ရွတ်ဆိုကျူးရင့်တော်မူ၏။ ထို့အတူ သန်းခေါင်ယံနှင့် မိုးသောက်ယံတို့၌လည်း ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုပင် အနုလုံ,ပဋိလုံ ဆင်ခြင်တော်မူကာ ဒုတိယဉဒါန်းဂါထာနှင့် တတိယဉဒါန်းဂါထာတော်တို့ကို အသီးသီး ရွတ်ဆိုကျူးရင့်တော်မူပါသည်။

ပလ္လင်္ကသတ္တာဟ ပြည့်မြောက်သည့် ခုနစ်ရက်မြောက်ညဉ့်၌မူ ညဉ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်၍ ပထမဉဒါန်း

ဂါထာကိုရွတ်ဆိုကြောင်း၊ သန်းခေါင်ယံ၌ ပဋိလုံအားဖြင့်ဆင်ခြင်တော်မူ၍ ဒုတိယဥဒါန်းဂါထာကိုရွတ်ဆိုကြောင်း၊ မိုးသောက်ယံ၌ အနုလုံ ပဋိလုံအားဖြင့်ဆင်ခြင်တော်မူ၍ တတိယဥဒါန်းဂါထာကို ရွတ်ဆိုကျူးရင့်တော်မူကြောင်း ဥဒါန်းပါဠိတော်၌ဟောတော်မူထား၏။ ဤသို့ မြတ်စွာဘုရားသန္တာန်တော်၌ ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဖြစ်ပေါ်လာပါသည်။

## ပဋိစ္စသမုပ္ပါဒ်တရားတော်၏ တန်ခိုးစွမ်းအင်

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ဘုရားဟောတရားတော်အစစ်ဖြစ်၏။ ဘုရားတရားတော်များသည် စကြဝဠာကုဋေတစ်သိန်းအထိ အာဏာပျံ့နှံ့၏။ ဘုရားအလောင်းတော်တိုင်း ဘုရားဖြစ်ကာနီးတွင် မလွဲကေန်၊ အမှန်ဆင်ခြင်ရကြသည့် တရားထူးဖြစ်၏။ ထိုတရားတော်မှာ လွန်စွာသိမ်မွေ့နက်နဲ၍ သိမြင်ဖို့ရန်လည်း ခက်ခဲ၏။ ဗုဒ္ဓတရားတော်များ၌ အခက်ကြီးလေးမျိုးရှိကြောင်း အဋ္ဌကထာများ၌ ဖွင့်ဆိုထား၏။ ယင်းတို့မှာ သစ္စာလေးပါးအကြောင်း၊ သတ္တဝါအကြောင်း၊ ပဋိသန္ဓေအကြောင်းနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်အကြောင်းတို့ဖြစ်၏။ ထိုတရားလေးပါးကို သိမြင်နားလည်ဖို့ ခက်၏။ သိမြင်ပြီးလျှင်လည်း သူတစ်ပါးနားလည်အောင် ဟောကြားဖို့ ပို၍ခက်သည်ဟု မိန့်ဆိုထား၏။ မြတ်စွာဘုရားသည်ပင်လျှင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုအဦးမူသဖြင့် ဝိပဿနာနှလုံးကျင့်သုံးတော်မူခဲ့သောကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကြီးများကို ရရှိတော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် ခက်ခဲနက်နဲသလောက် အစွမ်းထက်သော တရားတော်ဖြစ်သည်ဟု ယုံကြည်ထားရန်ဖြစ်ပါသည်။

## ဦးဇော်ဝိတ်တို့မိသားစု၏ ဖြစ်ရပ်ထူးများ

ဤ၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အမြဲရွတ်ဆိုပူဇော်ခဲ့သဖြင့် တွေ့ကြုံရမည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်မှ လွတ်မြောက်ခဲ့ပုံများကို ဆက်လက်တင်ပြပါမည်။ ဦးဇော်ဝိတ်ဆိုသည်မှာ သရက်ခရိုင်

ကမ္မမြို့တွင်နေထိုင်သူဖြစ်၏။ ပင်စင်ယူသည့်အထိ မူလတန်းကျောင်းအုပ် အဖြစ် အမှုထမ်းခဲ့သည်။ ဦးဇော်ဝိတ်တို့မိသားစု တစ်စုလုံး ရတနာ သုံးပါးကို လွန်စွာဆည်းကပ်ကြသူများဖြစ်၍ ညစဉ်ညတိုင်း ပဋ္ဌာန်းသမုပ္ပါဒ် တရားတော် စသောတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဝိပဿနာ တရားကို စွမ်းနိုင်သမျှ အားထုတ်ကြသည်ဟုဆို၏။

ဦးဇော်ဝိတ်သည် ဂျပန်ခေတ် စစ်ပြေးကာလ တစ်နေ့တွင် ကမ္မမြို့မှ မင်းတုန်းမြို့သို့ လှည်းဖြင့် ကုန်အပြည့်တင်သွားခဲ့ရာ ည(၉)နာရီတွင် ဓားပြလူဆိုးများနှင့် တွေ့ရသည်။ လူဆိုးများက လှည်းကိုဝိုင်းကာ ရပ်တန့်စေပြီး ဓားပြဗိုလ်ဟုထင်ရသူက 'ဘယ်ကလာသလဲ၊ ဘာပါ သလဲ၊ နာမည်ဘယ်လိုခေါ်သလဲ' စသည်ဖြင့်မေးရာ မေးသမျှကို အမှန်အတိုင်း ဖြေဆို၏။ ထို့နောက် ဓားပြဗိုလ်ဟု ထင်ရသူကပင် 'ကဲ-ကဲ ကျုပ်တို့လာတုန်းကတော့ လူသတ်,ဓားပြတိုက်ဖို့ လာတာပဲ၊ ဒါပေမယ့် ခင်ဗျားကုသိုလ်ပဲ၊ ခင်ဗျားနာမည်က ဦးဇော်ဝိတ် ဆိုတော့ ဆန်းတယ်၊ တိုက်ချင်တဲ့စိတ်လဲ မရှိတော့ဘူး၊ ရှေ့နားကျရင်လဲ ဓားပြ တစ်ဖွဲ့ တွေ့လိမ့်ဦးမယ်၊ တွေ့ရင် ကျုပ်နာမည်ပြောပြီး ကျုပ်ရဲ့လူလို့ ပြော'ဟုဆိုကာ သူ့လူများကိုခေါ်၍ တောတန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။ ဤသို့ ဓားပြဘေးမှ လွတ်မြောက် ခဲ့ပါသည်။

ဂျပန်တော်လှန်ရေးကာလဖြစ်ပါသည်။ တစ်နေ့တွင် စစ်ရေးအခြေ အနေအရ ပွဲရုံပိုင်ရှင်များက သူတို့ပွဲရုံများကိုဖောက်၍ မည်သူမဆို လိုသည့်ပစ္စည်းများကို ယူနိုင်ကြကြောင်း ကြေညာသဖြင့် ငါးရံ့ခြောက်၊ ဆီ၊ ဆား၊ ကြက်သွန် စသည့် ပစ္စည်းများကို သူ့ထက်ငါ သွားရောက် ယူနေကြသည်။ ထိုအချိန်တွင် ဦးဇော်ဝိတ်၏သူငယ်ချင်း ဦးမြ ဆိုသူ လှည်းဖြင့်ရောက်လာပြီး 'ဟေ့-ဇော်ဝိတ်၊ ပွဲရုံတွေမှာ ပစ္စည်းတွေ သွားယူကြရအောင်၊ ငါနဲ့လိုက်ခဲ့ကွာ၊ ငါ့မှာ လှည်းပါတယ်'ဟု ခေါ်၏။ ဦးဇော်ဝိတ်က 'ထည့်စရာ လွယ်အိတ်ရှာနေလို့ ခဏစောင့်ပါ'ဟု ပြောပြီး

လွယ်အိတ်ရှာနေ၏။ ဦးမြကမည်သို့ကြားသည်မသိ၊ မစောင့်ဘဲ လှည်းကိုမောင်းထွက်သွား၏။ ထို့ကြောင့် ဦးဇော်ဝိတ် ပစ္စည်းများကို သွားမယူဖြစ်တော့ပေ။ ဦးမြ သွားပြီး တစ်နာရီခန့်အကြာတွင်– ဦးမြ သည် ဂျပန်တပ်နှင့်တွေ့သွား၍ အသတ်ခံရပြီး မန်ကျည်းပင်တွင် ဇောက်ထိုးဆွဲထားခြင်းခံရကြောင်း၊ ဦးမြကဲ့သို့ပင် အခြားလူလေးငါး ယောက်ကိုပါ သတ်ထားကြောင်း သတင်းဆိုးကြီးကိုပါ ကြားရပါသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်တရားတော်၏ ဂုဏ်ကျေးဇူးကြောင့် ဦးဇော်ဝိတ် မှာ သေဘေးမှ သီသီကလေးလွတ်မြောက်ခဲ့ရခြင်းဖြစ်ပါသည်။

ဦးဇော်ဝိတ်တို့မိသားစုသည် ဤမျှသာမဟုတ်သေး၊ ခေတ်ပျက် ခေတ်ဆိုးကြီးအတွင်း၌ လေယာဉ်ပျံများဖြင့် ဗုံးကြဲခြင်း၊ စက်သေနတ် များဖြင့် တရစပ်ပစ်ခတ်ခြင်း၊ တိုက်ပွဲနှစ်ခုကြားတွင်ပိတ်မိနေခြင်း စသည့် ဘေးအန္တရာယ်ဆိုးအမျိုးမျိုးနှင့် တွေ့ကြုံရသော်လည်း တစ်စုံတစ်ရာမျှ ထိခိုက်ဒဏ်ရာရမှုမရှိကြပေ။ သူတို့နှင့် အတူသွား၊ အတူပုန်းနေကြသူ များမှာ အချို့မိသားစုအားလုံးသေဆုံးကြရခြင်း၊ အချို့ခြေပြတ်လက်ပြတ် စသည်ဖြင့် ဒဏ်ရာရခြင်းများ၊ ရင်နင့်ဖွယ်ရာများ ကြုံတွေ့ကြရသည်။

ဂျပန်များ မြန်မာနိုင်ငံအတွင်း စစ်မြေပြင်များမှ ပြန်လည်ဆုတ်ခွာ နေချိန်ဖြစ်သည်။ ဦးဇော်ဝိတ်တို့မိသားစုသည် ဂျပန်ဘေးမှလွတ်မြောက် ရန် ခြေဦးတည့်ရာပြေးလွှားကြရာ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် တောတောင်ဒေသသို့ရောက်သွားကြ၏။ မိုးသံလေသံတွေကြားမှ 'ရှေ့က လူတွေ ရှေ့ကိုဆက်မသွားကြနဲ့၊ နောက်ကိုပြန်လှည့်လာခဲ့ကြ'ဟု အသံ ကုန် အော်ဟစ်ပြောဆိုသံကို နောက်ဘက်မှကြားကြရ၏။ ဦးဇော်ဝိတ်၏ ဇနီးက 'ကျွန်မတို့ကိုခေါ်တာလား၊ ဘယ်ကိုလာခဲ့ ရမှာလဲ'ဟု ဟစ်အော် မေးရာ 'ဟုတ်တယ်၊ ဒီဘက်ကိုလာခဲ့'ဟု ပြန်ပြောသတဲ့။

ထိုအခါ ဦးဇော်ဝိတ်တို့မိသားစုသည် နောက်ကြောင်းပြန်လှည့်၍ ခပ်လှမ်းလှမ်းရောက်သည့်အခါ လူစလူနကို လုံးဝမတွေ့ရသဖြင့် ဦးဇော်ဝိတ်က 'ဘယ်ကခေါ်တာလဲဗျို့၊ ဘယ်ကို လာရမှာလဲ'ဟု

ဟစ်အော်အသံပေးသော်လည်း မည်သည့်စကားသံကိုမျှ မကြားရပေ။ ထို့ကြောင့် မူလဦးတည်သွားခဲ့သည့်နေရာဆီသို့ ပြန်လှည့်သွားကြရာ ဒုတိယအကြိမ် ထပ်မံ၍ နောက်မှခေါ်သံကြားရပြန်သည်။ ဤသို့ သုံးကြိမ်တိုင်တိုင် နောက်မှခေါ်ငင်သည့်အတွက် ဦးဇော်ဝိတ်တို့ စိတ်လေးလာကြသည်။ ရှေ့သို့ဆက်သွားချင်သည့်စိတ်ဆန္ဒလည်း မရှိတော့၍ နောက်ကြောင်းပြန်လှည့်လာပြီး (၃)မိုင်အရောက်တွင် ယာခင်းတဲတစ်ခု တွေ့၍ တဲရှင်အဘိုးကြီး၏ခွင့်ပြုချက်အရ တစ်ည တည်းခိုကြရ၏။

နောက်တစ်နေ့နံနက်တွင် အခြားသူများရောက်ရှိလာကြသဖြင့် 'ယမန်နေ့က ဦးဇော်ဝိတ်တို့သွားမယ့်နေရာမှာ ဦးဇော်ဝိတ်တို့သွားတဲ့ အချိန်လောက်က ဂျပန်တပ်တွေကတွေ့သမျှ ယောကျ်ား,မိန်းမ,ကလေး ပါမကျန် အားလုံးကို နှိပ်စက်သတ်ဖြတ်လို့ လူအတော်များများ သေဆုံးခဲ့ရကြောင်း သတင်းဆိုးကြီးကို ကြားရသည်။ လူများအသတ်ခံရသည့် နေရာမှာ ဦးဇော်ဝိတ်တို့ ခေါ်သံကြား၍ နောက်ကြောင်းပြန်လှည့်လာသည့်နေရာနှင့် နှစ်ဖာလုံသာ ကွာဝေးသည်ဟု ဆိုပါသည်။ ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပဋ္ဌာနမဟာပဋ္ဌာန်းတရားတော်၏တန်ခိုးကြောင့် တောစောင့်နတ်၊ တောင်စောင့်နတ်များက သတိပေးနှိုးဆော်၍ ခေါ်သည့် အသံဖြစ်ရမည်ဟု ဦးဇော်ဝိတ်တို့မိသားစုက ယုံကြည်ကြသည်။

ဤသို့ ပဋ္ဌာနမဟာပဋ္ဌာန်းတရားတော်ကြီးသည် အံ့ဩဖွယ်ကောင်းလောက်အောင် ဘေးရန်ခပ်သိမ်းကို ကင်းငြိမ်းစေနိုင်ပေသည်။ထို့ကြောင့် ပဋ္ဌာနမဟာပဋ္ဌာန်းတရားတော်ကြီးကို တစ်နေ့လျှင် အနည်းဆုံး အနုလုံပဋ္ဌာန်းတစ်ခေါက် ရွတ်ဖတ်ပူဇော်သင့်ကြပေသည်။

●

## အခန်း (၆)

## အန္တရာယ်ကင်း လာဘ်လာဘပေါ်သော အာဝေဏိကဂုဏ်တော်များ

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
(၄) ဣမေဟိ တီဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၇) ဣမေဟိ ဆဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ။
(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
(၉) နတ္ထိ ဝီရိယဿ ဟာနိ။
(၁၀) နတ္ထိ သမာဓိဿ ဟာနိ။
(၁၁) နတ္ထိ ပညာယ ဟာနိ။
(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ။
(၁၃) ဣမေဟိ ဒွါဒသဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ။
(၁၄) နတ္ထိ ရဝါ။
(၁၅) နတ္ထိ အဖုဋံ။
(၁၆) နတ္ထိ ဝေဂါယိတတ္တံ။
(၁၇) နတ္ထိ အဗျာဝဋမနော။
(၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

## အနက်အဓိပ္ပာယ်

(၁) ဘဂဝတော-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ အတီတံသေ-အတိတ်အဖို့၌၊ အပ္ပဋိဟတံ-အဆီးအတား အပိတ်အပင်မရှိ သိမြင်သည်၊ ဟောတိ-ဖြစ်၏။

(၂) ဘဂဝတော-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ အနာဂတံသေ-အနာဂတ်အဖို့၌၊ အပ္ပဋိဟတံ-အဆီးအတား အပိတ်အပင်မရှိ သိမြင်သည်၊ ဟောတိ-ဖြစ်၏။

(၃) ဘဂဝတော-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ ပစ္စုပ္ပန္နံသေ-ပစ္စုပ္ပန်အဖို့၌၊ အပ္ပဋိဟတံ-အဆီးအတား အပိတ်အပင်မရှိ သိမြင်သည်၊ ဟောတိ-ဖြစ်၏။

(၄) ဣမေဟိ တီဟိ ဓမ္မေဟိ-ဤဂုဏ်တော်သုံးပါးတို့နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ ဘဂဝတော-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏၊ သဗ္ဗံ-အလုံးစုံသော၊ ကာယကမ္မံ-ကာယကံသည်၊ ဝါ-ကိုယ်ဖြင့်ပြုလုပ်မှုမှန်သမျှသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိ၏။ ဉာဏာနုပရိဝတ္တံ-ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ-ဖြစ်၏။

(၅) သဗ္ဗံ-အလုံးစုံသော၊ ဝစီကမ္မံ-ဝစီကံသည်၊ ဝါ-နှုတ်တော်ဖြင့် ဟောကြားမှုမှန်သမျှသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိ၏၊ ဉာဏာနုပရိဝတ္တံ-ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်၊ ဟောတိ-ဖြစ်၏။

(၆) သဗ္ဗံ-အလုံးစုံသော၊ မနောကမ္မံ-မနောကံသည်၊ ဝါ-စိတ်တော်ဖြင့် ဆင်ခြင်သမျှသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်ပြဋ္ဌာန်းခြင်း

ရှိ၏၊ ဉာဏာနုပရိဝတ္တံ–ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်၊ ဟောတိ–ဖြစ်၏။

(၇) ဣမေဟိ ဆဟိ ဓမ္မေဟိ–ဤဂုဏ်တော်ခြောက်ပါးတို့နှင့်၊ သမန္နာဂတဿ–ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ ဘဂဝတော–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်အား၊ ဆန္ဒဿ–ဆန္ဒတော်၏၊ ဝါ–သတ္တဝါတို့၏အကျိုးစီးပွားကိုပြုလိုသော ဆန္ဒတော်၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၈) ဓမ္မဒေသနာယ–တရားဒေသနာတော်၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၉) ဝီရိယဿ–လုံ့လကြိုးကုတ် အားထုတ်တော်မူသော ဝီရိယတော်၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၀) သမာဓိဿ–စိတ်တည်ကြည်မှု သမာဓိတော်၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၁) ပညာယ–ဉာဏ်တော်မှန်သမျှ၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၂) ဝိမုတ္တိယာ–အရဟတ္တဖိုလ် ဝိမုတ္တိ၏၊ ဟာနိ–ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၃) ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ–ဤဂုဏ်တော်တစ်ဆယ့်နှစ်ပါးတို့နှင့်၊ သမန္နာဂတဿ–ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ ဘဂဝတော–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်အား ဒဝါ–အပျက်အချော် ပျော်လို၍ပြုမှုမျိုးသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၄) ရဝါ–ရုတ်တရက် ကတိုက်ကရိုက် ပြုမှုမျိုး၊ ဝါ–ချွတ်ချော်တိမ်းပါး၊ အမှားမှားအယွင်းယွင်းပြုခြင်းမျိုးသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၅) အဖုဋ္ဌံ–ဉာဏ်တော်ဖြင့် မတွေ့မထိ၊ မသိသောတရားသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၆) ဝေဂါယိတတ္တံ–ရေးကြီးသုတ်ပျာ၊ လျင်မြန်စွာပြုမှုမျိုးသည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၇) အဗျာဝဋမနော–အတ္တ,ပရ ကျိုးနှစ်ဝအတွက် ကြောင့်ကြမဲ့ ဖြစ်သော စိတ်နှလုံးတော်သည်၊ နတ္ထိ–ရှိတော်မမူပေ။

(၁၈) အပ္ပဋိသင်္ခါနုပေက္ခာ–အဆင်အခြင်မဲ့မှု၊ အသိဉာဏ်ကင်းမှုမျိုး သည်၊ နတ္ထိ–ရှိတော်မမူပေ။

## အာဝေဏိကဂုဏ်တော်ဆိုသည်မှာ-

ဤဖော်ပြပါဂုဏ်တော်(၁၈)ပါးကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ 'ဗုဒ္ဓဓမ္မ'ဟု အမည်တပ်ထားကြ၏။ မိလိန္ဒပဉှပါဠိတော်၌ 'မင်းကြီး–ဘုရားရှင်တို့သည် တစ်ဆယ့်ရှစ်ပါးသော ဗုဒ္ဓဓမ္မတို့နှင့် ပြည့်စုံကြကုန်၏' (မဟာရာဇ၊ ပ၊ အဋ္ဌာရသဟိ ဗုဒ္ဓဓမ္မေဟိ သမန္နာဂတာ)ဟု လည်းကောင်း၊ ပါထိကဝဂ္ဂအဋ္ဌကထာ၌ 'တစ်ဆယ့်ရှစ်ပါးကုန်သော ဗုဒ္ဓဓမ္မတို့၏အစွမ်းအားဖြင့်လည်း မြတ်စွာဘုရားအား ဒုစရိုက်တရားမရှိကြောင်းကို သိအပ်၏။ (အဋ္ဌာရသန္နံ ဗုဒ္ဓဓမ္မာနံ ဝသေနာပိ ဘဂဝတော ဒုစ္စရိတာဘာဝေါ ဝေဒိတဗ္ဗော)ဟုလည်းကောင်း မိန့်ဆိုထားကြ၏။

ဤဗုဒ္ဓဓမ္မ၌ ဓမ္မဟူသော ဝေါဟာရသည် တရားဟု အဓိပ္ပာယ်မရ၊ 'ဂုဏ်'ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် ဗုဒ္ဓဓမ္မဆိုသည်မှာ 'ဘုရားရှင်တို့၏ဂုဏ်တော်များ'ဟု ဆိုလိုပေသည်။ ထိုဂုဏ်တော်တစ်ဆယ့်ရှစ်ပါးကို တခြားပုဂ္ဂိုလ်တို့ မရနိုင်။ တခြားပုဂ္ဂိုလ်တို့နှင့်မဆိုင်။ ဘုရားရှင်တို့နှင့်သာဆိုင်သော ဂုဏ်တော်များဖြစ်သည်။ (ဗုဒ္ဓါနံယေဝ ဓမ္မာ ဂုဏာ၊ န အညေသန္တိ ဗုဒ္ဓဓမ္မာ)ဟု ပါထိကဝဂ္ဂ၊ သံဂီတိသုတ်ဋီကာ၌ ဖွင့်ဆိုထား၏။ ထိုသို့ တခြားသူများနှင့်မသက်ဆိုင်၊ မြတ်စွာဘုရားတို့သာ ရနိုင်သော တစ်သီးတခြားဂုဏ်တော်များဖြစ်၍ ထိုဂုဏ်တော်များကို 'အာဝေဏိကဂုဏ်တော်'များဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဓမ္မဒါနပြုနေကြသည့် ဘာသာရေး စာအုပ်ငယ်ကလေးများ၌ 'ဓာရဏသုတ်'အမည်ဖြင့် သုတ်တစ်သုတ်

ပါရှိ၏။ ထိုဓာရဏာသုတ်မှာ ဤအာဝေဏိကဂုဏ်တော် ၁၈–ပါးနှင့် မြတ်ဗုဒ္ဓ၏ အနန္တရာယိကဓမ္မတစ်ပါးတို့ကို စုပေါင်းပြီး ဘုရားခုနစ်ဆူကို ရှိခိုးကာ သုတ်တော်၏တန်ခိုးစွမ်းအင်၊ အာနိသင်တို့ကို ဘုရားရှင်က အရှင်အာနန္ဒာအား ဟောကြားသည့်ဟန် စီမံထား၍ နောက်ဆုံးတွင် သစ္စာပြုထားသောသုတ်ဖြစ်၏။

ယခု စာရေးသူတင်ပြထားသည်မှာ ဘုရားရှင်တို့၏ အာဝေဏိကဂုဏ်တော် ၁၈–ပါးသတ်သတ်ကို ဖော်ပြထားပြီး ထိုအာဝေဏိကဂုဏ်တော် ၁၈–ပါးနှင့်ပြည့်စုံတော်မူကြသည့် ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဘုရားရှင်ခုနစ်ဆူတို့ကို ရှိခိုးသည့် ဘုရားရှိခိုးဖြစ်သည်။ ဤသို့ ဘုရားရှင်တို့၏အာဝေဏိကဂုဏ်တော်များကို အောက်မေ့၍ ရွတ်ဖတ်ရှိခိုးခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်၏။

ထို့ပြင် ထိုအာဝေဏိကဂုဏ်တော်များကို ရွတ်ဆိုရှိခိုးခြင်းကြောင့် မာရဏာသုတ်မှာ ဖော်ညွှန်းထားသည့်အတိုင်း သူတစ်ပါးလက်နက်ဖြင့် သေရခြင်း၊ မီးလောင်သေရခြင်း၊ ရေနစ်၍သေရခြင်း၊ ကားတိုက် ကားမှောက်၍သေရခြင်း၊ အဆိပ်သင့်၍သေရခြင်း၊ လျောင်ဘေးဒဏ်ကြောင့် သေရခြင်း စသော ဥပစ္ဆေဒကကံကြောင့် အချိန်မကျဘဲသေခြင်းမျိုးမှ လွတ်မြောက်နိုင်၏။

## အာဝေဏိကဂုဏ်တော်ကြောင့်
## သေဘေးမှလွတ်မြောက်ခဲ့သူများ

ဦးသိန်းထွန်းကား ဒဂုံမြို့သစ် (၁၆)ရပ်ကွက်၌ နေထိုင်သူဖြစ်၏။ ရတနာသုံးပါးကို ထူးထူးခြားခြား ကြည်ညိုဆည်းကပ်၏။ ဥပုသ်နေ့တိုင်းလိုလို ဥပုသ်သီလစောင့်ထိန်း၏။ နံနက်အရုဏ်တက်ချိန် တစ်ကြိမ်၊ ညအိပ်ရာဝင်ကာနီးတစ်ကြိမ် အချိန်မှန်အကြိမ်မှန် ဘုရားရှိခိုး၏။ အာဝေဏိကဂုဏ်တော် ၁၈–ပါး ပါသည့် ဓာရဏာပရိတ်ကို အမြဲရွတ်ဖတ်

ပူဇော်ပွားများ၏။ မေတ္တာပို့၏။ ဤကား သူရဲ့ နေ့စဉ် ဘာသာရေး လုပ်ငန်းတာဝန်များဖြစ်၏။

တစ်ချိန်တွင် ဦးသိန်းထွန်းသည် ဟသ်ာတက ဆွေမျိုးများထံမှ ပြန်ရန် သင်္ဘောပေါ်တက်ခဲ့သည်။ သင်္ဘောမှာ ခရီးသည်များကလည်း အပြည့်အကြပ်၊ ကုန်များကလည်းပြည့်ကြပ်နေသည့်အပြင် အောက်ထပ် တစ်ပိုင်းကို ခြံခတ်ပြီး နွားကောင်ရေတစ်ရာ့ငါးဆယ်လောက် သွင်းထား သေး၏။ သင်္ဘောရဲ့ အဲဒီအခြေအနေတွေကိုမြင်ရတော့ ဦးသိန်းထွန်း တစ်ယောက် စိတ်ပျက်မိ၏။ ဖြစ်မှဖြစ်ပါ့မလားဟု စိုးရိမ်မိ၏။ ထို့နောက် 'မိန်းမတွေ၊ ကလေးတွေတောင် ပါသေးတာပဲ'ဟု စိုးရိမ်စိတ်ကို ဖြေဖျောက်ပြီး ညနေ ၅-နာရီ သင်္ဘောစထွက်ချိန်မှာ ထမင်းစားပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဓာရဏပရိတ်ကို သက်စေ့ရွတ်ဆိုနေသတဲ့။

ဦးသိန်းထွန်းသည် အိပ်မပျော်တိုင်း အာဝေဏိကဂုဏ်တော် ၁၈-ပါး ပါတဲ့ ဓာရဏပရိတ်ကိုဖတ်ပြီး ရွတ်နေ၏။ သန်းခေါင်ချိန်လောက် ရောက်တော့ အောက်ထပ်မှာခြံခတ်ထားတဲ့နွားတွေဝေ့လို့ ဝုန်း-ဝုန်း-ဒိုင်း-ဒိုင်းနှင့် သင်္ဘောတစ်စင်းလုံးဆူညံသွားပြီး သင်္ဘောကြီး တစ်ဖက် စောင်းကာ နစ်မြုပ်သွား၏။ ဦးသိန်းထွန်းက အေးခနဲဖြစ်သွားတာပဲ သိလိုက်တယ်၊ နောက် ဘာမှမသိတော့ဟုဆို၏။ သူပြန်လည်သတိရတဲ့ အခါ ကမ်းစပ်ပေါ်မှာတစ်ပိုင်း၊ ရေထဲမှာတစ်ပိုင်း မှောက်လျက်သား တင်နေ၏။အချိန်မှာ မိုးလင်း၍ နေထွက်စအချိန်ဖြစ်၏။ ဦးသိန်းထွန်း တင်နေသည့်နေရာသည် သင်္ဘောနစ်သည့်နေရာနှင့် လေးငါးခြောက်မိုင် ခန့်ဝေးသည်ဟုဆို၏။ ဤသို့ဖြင့် ဦးသိန်းထွန်းသည် အံ့ဩဖွယ်ရာ သေဘေးမှလွတ်မြောက်ခဲ့ပါသည်။

မြတ်စွာဘုရား၏အာဝေဏိကဂုဏ်တော် စသည့် ဂုဏ်တော် ကျေးဇူး တော်များမှာ- 'ဝံ အစိန္တိယျာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယျာ'ဒေသနာ တော်လာသည့်အတိုင်း ကြံစည်စဉ်းစား၍ မရနိုင်လောက်အောင် အံ့ဩ

ဖွယ်ရာများနှင့် ပြည့်နှက်နေ၏။ ထိုဂုဏ်တော်ကျေးဇူးတော်များကို ရွတ်ဆို ပွားများသူအားလည်း ကြံစည်စဉ်းစား၍မရနိုင်လောက်အောင် အံ့သြ ဖွယ်ရာအကျိုးတရားများကို ခံစားနိုင်သည်ဟု ယုံကြည်သောသဒ္ဓါဖြင့် မြတ်ဗုဒ္ဓ၏ 'အာဝေဏိက' စသော ဂုဏ်တော်များကို နေ့စဉ်မှန်မှန် ရွတ်ဆိုပွားများသင့်ကြပေသည်။

## အခန်း (၇)

## အန္တရာယ်ခပ်သိမ်း, ဘေးခပ်သိမ်း, ရန်ခပ်သိမ်း ကင်းငြိမ်းစေသော မြတ်ဗုဒ္ဓ၏(အနန္တရာယိကဓမ္မ)ဂုဏ်တော်များ

၁။ ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ တထာမေ ဟောတု။

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၄။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

### ဂုဏ်တော်များအနက်

(၁) ဗုဒ္ဓါနံ-မြတ်စွာဘုရားတို့၏၊ ဇီဝိတဿ-အသက်တော်၏၊ အန္တရာယော-ဘေးအန္တရာယ်ကို၊ ကေနစိ-တစ်စုံတစ်ယောက်သောသူသည်၊ ဝါ-တစ်စုံတစ်ခုသောအရာသည်၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်,မစွမ်းနိုင်။ တထာ-ထို့အတူ၊ မေ-အကျွန်ုပ်အား၊ ဟောတု-ဘေးအန္တရာယ်မျိုးစုံ မပြုလုပ်နိုင်ကုန်သည် ဖြစ်ပါစေသတည်း။

(၂) ဗုဒ္ဓါနံ-မြတ်စွာဘုရားတို့၏၊ သဗ္ဗညုတဉာဏဿ-သဗ္ဗညုတဉာဏ်တော်ကြီး၏၊ အနန္တရာယော-ဘေးအန္တရာယ်ကို၊ ကေနစိ-တစ်စုံတစ်ယောက်သောသူသည်၊ (ဝါ)တစ်စုံတစ်ခုသောအရာသည်၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်,မစွမ်းနိုင်။ တထာ-ထို့အတူ မေ-အကျွန်ုပ်အား၊ ဟောတု-ဘေးအန္တရာယ်မျိုးစုံ မပြုလုပ်နိုင်ကုန်သည်ဖြစ်ပါစေသတည်း။

(၃) ဗုဒ္ဓါနံ–မြတ်စွာဘုရားတို့အား၊ ဥဒ္ဒိသ–ရည်စူး၍၊ အဘိဟဋာနံ–ရှေ့ရှုဆောင်ယူလာကြကုန်သော၊ စတုန္နံပစ္စယာနံ–ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ဟူသော ပစ္စည်းလေးပါးတို့၏၊ အန္တရာယော–ဘေးအန္တရာယ်ကို၊ ကေနစိ–တစ်စုံတစ်ယောက်သောသူသည်၊ (ဝါ) တစ်စုံတစ်ခုသောအရာသည်၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကာ–မတတ်နိုင်,မစွမ်းနိုင်။ တထာ–ထို့အတူ၊ မေ–အကျွန်ုပ်အား၊ ဟောတု–ဘေးအန္တရာယ်မျိုးစုံ မပြုလုပ်နိုင်ကုန်သည် ဖြစ်ပါစေသတည်း။

(၄) ဗုဒ္ဓါနံ–မြတ်စွာဘုရားတို့၏၊ အသီတိယာ အနုဗျဉ္စနာနံဝါ–ရှစ်ဆယ်သော လက္ခဏာငယ်တော်တို့၏လည်းကောင်း၊ ဗျာမပ္ပဘာယဝါ–တစ်လံမျှဖြာထွက်တော်မူနေသည့် ရောင်ခြည်တော်ခြောက်သွယ်၏လည်းကောင်း၊ အန္တရာယော–အန္တရာယ်ကို၊ ကေနစိ–တစ်စုံတစ်ယောက်သောသူသည်၊ (ဝါ) တစ်စုံတစ်ခုသောအရာသည်၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကာ–မတတ်နိုင်,မစွမ်းနိုင်။ တထာ–ထို့အတူ၊ မေ–အကျွန်ုပ်အား၊ ဟောတု–ဘေးအန္တရာယ်မျိုးစုံ မပြုလုပ်နိုင်ကုန်သည် ဖြစ်ပါစေသတည်း။

## အန္တရာယ်ကင်းဂုဏ်တော်များ ဖြစ်ပေါ်လာပုံ

ဤ မြတ်စွာဘုရား၏အန္တရာယ်ကင်းဂုဏ်တော်လေးပါးကို မိလိန္ဒပဥှပါဠိတော် 'ဗုဒ္ဓလာဘအန္တရာယပဥှ'အခန်း၌ 'အနာဝရဏီယဂုဏ' ဟု ဟောကြားထား၏။ အနာဝရဏီယဂုဏ–ဆိုသည်မှာ မည်သူတစ်ဦးတစ်ယောက်ကမျှ မတားဆီးမပိတ်ပင် မနှောင့်ယှက်နိုင်သည့် ဂုဏ်တော်များဟု အဓိပ္ပာယ်ရ၏။ မိလိန္ဒပဥှပါဠိတော်၌ အနာဝရဏီယဂုဏ်လေးပါးကို– (၁) ဘုရားရှင်ကိုရည်စူး၍ ဆောင်ယူလာသောလာဘ်လာဘ(ပစ္စည်းလေးပါး)၊ (၂) ကိုယ်တော်မှအစဉ်ထွက်နေသော

တစ်လုံးမျှသောရောင်ခြည်တော်၊ (၃) ဘုရားရှင်၏သဗ္ဗညုတဉာဏ်တော်၊ (၄) ဘုရားရှင်၏အသက်တော်တို့ဖြစ်ပါသည်။

မဟာဗုဒ္ဓဝင်အဋ္ဌကထာ၊ ပါရာဇိကကဏ်အဋ္ဌကထာတို့၌မူ ရှစ်ဆယ်သောလက္ခဏာငယ်တို့ကိုပါ မိန့်ဆိုထားသဖြင့် ထိုအဋ္ဌကထာ အဆိုအမိန့်များနှင့် မိလိန္ဒပဉှာပါဠိတော်တို့နှင့်အညီ တင်ပြထားပါသည်။ ဤ 'အနာဝရဏီယဂုဏ်တော်'လေးပါးကို အဋ္ဌကထာဋီကာတို့၌ 'အနန္တရာယိကဓမ္မ'ဟုဖွင့်ဆိုထားကြ၏။ အနန္တရာယိကဓမ္မဆိုသည်မှာ ဘုရားရှင်အပေါ်၌ အန္တရာယ်မပြုနိုင်သည့်တရား(ဂုဏ်တော်)ဟု အဓိပ္ပာယ်ရ၏။

မြတ်စွာဘုရားသခင် ဝေရဉ္ဇာပြည်၌ဝါဆိုတော်မူသည့်အခါ ဝေရဉ္ဇာပြည်ကြီး တစ်ပြည်လုံး ငတ်မွတ်ခေါင်းပါးခြင်းဘေး (ဒုဗ္ဘိက္ခန္တရကပ်) ဆိုက်ရောက်သဖြင့် ဘုရားအမှူးရှိသည့် သံဃာတော်များ ဆွမ်း စသည့် ပစ္စည်းလေးပါးအတွက် အလွန်ဆင်းရဲဒုက္ခရောက်ကြရ၏။ ထိုအခါ ထိုသို့ဖြစ်ခြင်းသည် မာရ်နတ်ကြီးက ဒကာ ဒကာမများကို ဆွမ်းမလှူအောင် လှည့်ပတ်ဖြားယောင်းထားသည့်အတွက် ဖြစ်လေသလော-ဆိုသည့်ပြဿနာနှင့်ပတ်သက်၍လည်းကောင်း၊ မြတ်စွာဘုရား ပဉ္စသာလဆိုသည့် ပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူသည့်အခါ မည်သည့်အရာမျှ မရဘဲ ဆေးတော်မူထားတဲ့ သပိတ်အတိုင်း ထွက်ခဲ့ရာ၌ မာရ်နတ်ကြီး လှည့်ပတ်ဖြားယောင်းထားလေသလော-ဆိုသည့် ပြဿနာနှင့်ပတ်သက်၍လည်းကောင်း ဤအနာဝရဏီယဂုဏ(အနန္တရာယိကဓမ္မ)လေးပါးကို ကျမ်းဂန်များ၌ ပြဆိုကြခြင်းဖြစ်ပါသည်။

မိလိန္ဒပဉှပါဠိတော်၌မူ 'အကယ်၍ မာရ်နတ်သည် မြတ်စွာဘုရားအားရည်စူး၍ ယူဆောင်လာသည့်အသုံးအဆောင်ပစ္စည်း၏ အန္တရာယ်ကိုပြုရင် မာရ်နတ်ရဲ့ဦးခေါင်းဟာ အစိတ်တစ်ရာ၊ အစိတ်တစ်ထောင်ကွဲသွားလိမ့်မယ်၊ ခန္ဓာကိုယ်ဟာလဲ ဖွဲ၊ ဆန်ကွဲပမာ အစိတ်စိတ်ပြန့်ကြဲသွားလိမ့်မယ်'ဟု အရှင်နာဂသေနမထေရ်မြတ်က မိလိန္ဒမင်းကြီးကို ဟောကြားတော်မူပါသည်။

## ဂုဏ်တော်များ၏ တန်ခိုးစွမ်းအင်

ဤဂုဏ်တော်များသည် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၌ အမှန်တကယ်ရှိသော သီးခြားဂုဏ်တော်များဖြစ်သည်။ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာ စသော သာဝကများ၌ ဤဂုဏ်တော်မျိုးမရှိ။ ထို့ကြောင့် အချို့က ဤဂုဏ်တော်လေးပါးကို အာဝေဏိက(သီးခြား)ဂုဏ်တော် ဟုဆိုကြသည်။ သို့သော် အာဝေဏိကဂုဏ်တော်ဟု ကျမ်းဂန်များ၌ အဆိုအမိန့် မရှိပေ။ 'အနာဝရဏီယဂုဏ်တော်လေးပါး၊ အနန္တရာယိက ဓမ္မလေးပါး'ဟုသာ အဆိုအမိန့်ရှိပေသည်။ ဗုဒ္ဓဓမ္မ ၁၈–ပါးကိုသာ 'အာဝေဏိကဂုဏ်တော် ၁၈–ပါး'ဟု ကျမ်းဂန်များ၌မိန့်ဆိုထား၏။

မြတ်စွာဘုရားတို့မှာသာ သီးခြားရှိသော ဤအနန္တရာယိကဓမ္မ ခေါ် အနာဝရဏီယဂုဏ်တော်များကို အကြိမ်များစွာ နေ့စဉ် ရွတ်ဆို ပွားများသောသူအား မည်သူမျှ အသက်အန္တရာယ်ကိုသော်လည်း ကောင်း၊ ပစ္စည်းဥစ္စာအခြံအရံတို့၏ အန္တရာယ်ကိုသော်လည်းကောင်း မပြုလုပ်နိုင်။ ရွတ်ဆိုသောသူသည် မည်သည့်အခါမှ အကာလမရဏ သေခြင်းမျိုးဖြင့် မသေရပေ။ အကာလမရဏ ဆိုသည်မှာ သေချိန် မရောက်သေးဘဲ ရုတ်တရက် သူတစ်ပါးလက်နက်ဖြင့် သေရခြင်း၊ သူတစ်ပါးပယောဂဖြင့် သေရခြင်း၊ ရေနစ်သေရခြင်း၊ ကားတိုက် ကား မှောက်ပြီးသေရခြင်း၊ မီးလောင်သေရခြင်း၊ အမြင့်မှကျသေရခြင်း၊ လေယာဉ်ပျံပျက်၍သေရခြင်း စသည်ဖြင့် ဥပစ္ဆေဒကကံကြောင့် သေရ ခြင်းမျိုးဖြစ်သည်။ ဤဂုဏ်တော်များကို ရွတ်ဆိုသူ၊ ရွတ်ဆိုပုတီးစိပ်သူ တို့သည် ထိုအကာလမရဏသေခြင်းအမျိုးမျိုးတို့မှ ကေန်လွတ်မြောက် နိုင်သည်။

ဘုရားဂုဏ်တော်များကို ရွတ်ဆိုပွားများခြင်းသည် ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်ဖြစ်သောကြောင့် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းနိုင်သည့် အပြင် 'ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ'ဆိုသည့် ဘုရားဟောနှင့်အညီ မိမိအလိုရှိသမျှ ပြီးပြည့်စုံနိုင်ပေသည်။

## ကိုယ်တွေ့ဝတ္ထု

သက်သေသာဓကအဖြစ် မျက်မှောက်ဝတ္ထုတစ်ပုဒ်ကို ထုတ်ဆိုပါဦးမည်။ မုံရွာမြို့၊ ရွှေဒေါင်းယဥ်သက်န်းတိုက်ပိုင်ရှင် ဦးထွန်းလှဆိုသူသည် ဤဂုဏ်တော်များကို ၁၃၁၅–ခုနှစ်လောက်က မုံရွာမြို့ ရွှေကျောင်းနိကာယဂိုဏ်းချုပ် ကျောက်ကာဆရာတော်ဘုရားကြီးထံမှ ရခဲ့သည်။ ရချိန်မှစ၍ ဤဂုဏ်တော်များကို နေ့စဉ် ဘုရားဝတ်ပြုတိုင်း ရွတ်ဆိုပွားများသည့်အပြင် နေ့စဉ်ပုတီးစိပ်ပြီး ပွားများခဲ့ပါသည်။

ရွတ်ဆိုပွားများ၍ ၄–၅ နှစ်အကြာတွင် ဤဂုဏ်တော်များ၏အစွမ်းသတ္တိများ စတင်ထူးခြားလာ၏။ ၁၃၁၉–ခုနှစ် ကဆုန်လဆန်းတွင် မုံရွာတွင် မြို့လုံးကျွတ်နီးနီး မီးအကြီးအကျယ်လောင်ခဲ့ပါသည်။ ရပ်ကွက်ပေါင်း ၁၆–ရပ်ကွက်အနက် ၁၃–ရပ်ကွက်အထိ မီးလောင်ခံခဲ့ရသည်။ ဦးထွန်းလှ တိုက်အိမ်နှင့် မျက်နှာချင်းဆိုင် တိုက်အိမ်တန်းအားလုံး မီးလောင်သွားပါသည်။ ဦးထွန်းလှ၏တိုက်အိမ်နှင့် ပေတစ်ရာလမ်းသာခြားပါသည်။ အရှိန်နှင့်တက်လာသောမီးတောက်ကြီးသည် လမ်းမကြီးကို ဖြတ်ကူးရန်ကြိုးစားနေရာမှ မီးညွန့်ကျိုးသွား၍ ဦးထွန်းလှတို့ တိုက်အိမ်မှာ မီးဘေးမှလွတ်ကင်းသွားပါသည်။

တစ်ခါကလည်း ဦးထွန်းလှအိမ်တွင် ဝင်ထွက်စားသောက်နေသည့် မောင်မြင့်ဆိုသူအား ဦးထွန်းလှက မန္တလေး စိန်ပန်းရိပ်သာတွင် တရားအားထုတ်နေသည့် ဇနီးထံ စားသောက်ဖွယ်ရာနှင့်ပစ္စည်းများ ဘတ်စ်ကားနှင့် နေ့ချင်းပြန်အပို့ခိုင်းရာ အပြန်တွင် ဘုရင့်သက်န်းတိုက်မှ တက်ထရွန်သက်န်း(၈)စုံနှင့် အင်းလေးပိုးစစ်လုံချည်(၁၃)အုပ်ကိုပါ ဝင်ယူခဲ့ရန် စာရေးပေးလိုက်ပါသည်။

နေ့ချင်းပြန်လွှတ်လိုက်သည့် မောင်မြင့်သည် နောက်တစ်နေ့နံနက် ရှစ်နာရီအထိ ပြန်မလာသဖြင့် ဘုရင့်သက်န်းတိုက်သို့ ဖုန်းဆက်၍မေးရာ မနေ့ နေ့လယ်(၁)နာရီခန့်တွင် ပေးစာအရ ပစ္စည်းအားလုံး လာယူသူ

လူငယ်အား ပေးလိုက်ပြီဖြစ်ကြောင်း ပြန်ကြားပါသည်။ ပစ္စည်းနှစ်ရပ် စုစုပေါင်းတန်ဖိုးမှာ(၆၀၀၀)ကျပ်ခန့် ဖြစ်ပါသည်။

မုံရွာမြို့ထဲ မောင်မြင့်ကို လိုက်လံရှာဖွေရာ တစ်နေကုန်သော်လည်း သတင်းစကားကိုပင် မကြားသိရပါ။ နောက်ဆုံးတွင် မတတ်သာတော့ဘဲ ရဲဌာနတွင်တိုင်ကြားပြီး အမှုဖွင့်ရပါတော့သည်။ ရဲဌာနက မုံရွာ၊ မန္တလေး၊ ရွှေဘိုမြို့များသို့ ရဲသားနှစ်ယောက်စီစေလွှတ်ပြီး စုံစမ်းရှာဖွေခိုင်းပါ၏။ သို့သော် အကြောင်းမထူးခဲ့ပါ။

ဦးထွန်းလှအဖို့ ရတနာသုံးပါးနှင့်အန္တရာယ်ကင်းဂုဏ်တော်များကိုသာ အားကိုးစရာရှိတော့၏။ ထို့ကြောင့် ဦးထွန်းလှသည် ပစ္စည်းများပြန်မရသည့် နောက်တစ်နေ့မှစ၍ သစ္စာအဓိဋ္ဌာန်လည်းပြုသည်။ တစ်နေ့(၆)ကြိမ် ဘုရားဝတ်ပြုသည်။ အန္တရာယ်ကင်းဂါထာတော်များကို အထပ်ထပ် ရွတ်ပွားသည်။ ဤသို့ဖြင့် (၁၂)ရက်ပင်ရှိခဲ့သည်။ ပစ္စည်းများနှင့်ပတ်သက်၍ သတင်းအစအနမျှကိုပင် မကြားရပါ။

၁၂–ရက်ပြည့်သည့်နေ့တွင် ဦးထွန်းလှသည် အလွန်စိတ်မကောင်းဖြစ်ကာ အသက် ၈၅–နှစ်အရွယ်ရှိ မိခင်ကြီးနှင့် သမီးကြီးတို့ရှေ့တွင် 'ကျွန်တော့်မှာ ဒီလို ထောင်နဲ့ချီပြီး တစ်ခါမျှ မဆုံးရှုံးခဲ့ဖူးဘူး၊ ဒီနေ့ဆိုရင် ၁၂–ရက်ရှိသွားပြီ၊ ဒီပစ္စည်းတွေ ပြန်ရတော့မယ်မထင်ပါဘူး၊ ရတနာသုံးပါးကို အကြွင်းမဲ့ယုံကြည်ဆည်းကပ်ပြီး ကုသိုလ်ကောင်းမှုတွေကိုပြုနေပါလျက်နဲ့ နတ်ကောင်းနတ်မြတ်တွေ ပစ်ထားကြတယ် ထင်ပါရဲ့'ဟု ညည်းတွားပြီး တိုက်အပေါ်ထပ်သို့ တက်သွားပါသည်။ တိုက်အပေါ်ထပ် ဘုရားစင်ရှေ့တွင်ထိုင်၍ ဘုရားဝတ်ပြုပြီး အန္တရာယ်ကင်းဂုဏ်တော်များကို ရွတ်ပွားပူဇော်နေပါသည်။ ရွတ်ပွားပြီး ဘုရားကိုဦးချနေစဉ် သမီးကြီးတက်လာပြီး 'ဖေဖေ–အောက်မှာ မိန်းမကြီးတစ်ယောက် အင်းလေးလုံချည်တွေ လာရောင်းနေတယ်၊ သမီးတို့လုံချည်တွေနဲ့တူတယ်၊ လာကြည့်ပါဦး'ဟု ခပ်တိုးတိုးလာပြောသည်။

ဦးထွန်းလှသည် သမီးနှင့်အတူ ဆင်းလိုက်သွားပြီး ကြည့်ရှုရာ ထည့်လာသည့်အိတ်နှင့် လုံချည်များပါ သူ့ပစ္စည်းများဖြစ်ကြောင်း သိရှိသွား၏။ ထို့နောက် လုံချည်များကိုဈေးဆစ်နေစဉ် သမီးအား ရဲဌာနသို့ ဖုန်းဆက်ခိုင်းသည်။ မကြာမီ ရဲသားနှစ်ယောက်ရောက်လာပြီး အဒေါ်ကြီးကို ရဲဌာနသို့ခေါ်သွား၏။ ထိုအချိန်တွင် ဦးထွန်းလှ ပစ္စည်းယူခိုင်းခဲ့သည့် မောင်မြင့် ရောက်လာပြီး ရှိခိုးတောင်းပန်၏။ သူ့ကို ရဲလက်ထဲ မအပ်ရန် ပြောဆိုတောင်းပန်၏။ မကြာမီ ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး မောင်မြင့်အား ရဲဌာနသို့ခေါ်ဆောင်သွား၏။

ရဲဌာနမှ စစ်ဆေးမေးမြန်း သိမ်းဆည်းပေးသဖြင့် တက်ထရွန်သက်န်း (၈)စုံ၊ အင်းလေးလုံချည်(၁၂)အုပ်နှင့်တစ်ထည် စသည်ဖြင့် ပစ္စည်းအားလုံး ပြန်ရသည်။ ဤသို့ ဆုံးပြီဟုယူဆထားသည့် ပစ္စည်းများ ပြန်၍ အိမ်ပေါ်ရောက်လာခြင်းသည် ဤ'အန္တရာယ်ကင်းဂုဏ်တော်များ'၏ အစွမ်းသတ္တိပင်ဖြစ်ပါသည်ဟု ဦးထွန်းလှက ပြောပြပါသည်။

ဤသည်မှာ 'အန္တရာယ်ကင်းဂုဏ်တော်များ'ကို ရွတ်ဆိုပူဇော်ရကျိုးနှင့် ထိုဂုဏ်တော်များ၏ တန်ခိုးစွမ်းအင်အာနိသင်များဖြစ်ပါသည်။ ယုံယုံကြည်ကြည်ဖြင့် မိမိနှစ်သက်သလို ရွတ်ဖတ်ပူဇော်နိုင်ကြပါသည်။

# အခန်း (၈)

## စီးပွားတက်၍ အသက်ဘေးမှလွတ်မြောက်သော နတ်ချစ်ဂါထာများ

၁။ သင်္ကိဒေဝ မဟာရာဇ၊
သဗ္ဗိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊
နာ သဗ္ဗိ ဗဟုသင်္ဂမော။

၂။ သဗ္ဗိရေဝ သမာသေထ၊
သဗ္ဗိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ န ပါပိယော။

၃။ ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဥ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဗိ ပဝေဒယန္တိ။

၄။ နဘံစ ဒူရေ ပထဝီစ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဥ္စ ဓမ္မော အသတဥ္စ ရာဇ။

ဤဂါထာများသည် ဇာတကပါဠိတော်၊ အသီတိနိပါတ်၊ မဟာသုတသောမဇာတ်တော်တွင်လာရှိသော ဘုရားဟောဂါထာတော်များ ဖြစ်၏။ ဤဂါထာများ၏ အနက်အဓိပ္ပာယ်များမှာ–

(၁) မဟာရာဇ–မင်းကြီး၊ သဗ္ဗိ–သူတော်ကောင်းတို့နှင့်၊ သမာဂမော–ပေါင်းဖော်ခြင်းသည်၊ သင်္ကိဒေဝ–သင်္ကိဝေ–တစ်ကြိမ်သာလျှင်၊

ဟောတိ–ဖြစ်၏။ သာ သင်္ဂတိ–ထို တစ်ကြိမ်မျှပေါင်းဖော်ခြင်းသည်၊ နံ–ထိုပေါင်းဖော်သူကို၊ ပါလေတိ–ဘေးမရောက်အောင် စောင့်ရှောက်တတ်၏။ အသဗ္ဘိ–သူတော်မဟုတ်၊ လူသူယုတ်တို့နှင့်၊ ဗဟုသင်္ဂမော–ကြိမ်ဖန်များစွာ ပေါင်းဖော်ခြင်းသည်၊ နပါလေတိ–ပေါင်းဖော်သူကို ဘေးမရောက်အောင် မစောင့်ရှောက်နိုင်။ (သကိံဒေဝကို သကိံဝေ၊ နာသမ္ဘိကို န အသမ္ဘိ ဟု ပုဒ်ခွဲ)။

(၂) မဟာရာဇ–မင်းကြီး၊ သဗ္ဘိရေဝ–သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ–ပေါင်းသင်းကြကုန်ရာ၏။ သဗ္ဘိ–သူတော်ကောင်းတို့နှင့်၊ သန္တဝံ–ပေါင်းသင်းခြင်းကို၊ ကုဗ္ဗေထ–ပြုကြကုန်ရာ၏။ သတံ–သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ–သူတော်ကောင်းတရားကို၊ အညာယ–သိ၍၊ သေယျော– ပစ္စုပ္ပန်, သံသရာ နှစ်ဖြာ ကောင်းကျိုး တိုးတက်စေတတ်၍ မြတ်သည်၊ ဟောတိ–ဖြစ်၏။ ပါပိယော–ယုတ်မာသောသူသည်၊ နဟောတိ–မဖြစ်ပေ။ (သဒ္ဓမ္မမညာယကို သဒ္ဓမ္မံအညာယ ဟု ပုဒ်ခွဲ)။

(၃) မဟာရာဇ–မင်းကြီး၊ သုစိတ္တာ–ဆန်းဆန်းကြယ်ကြယ် ပြုလုပ်ထားကုန်သော၊ ရာဇရထာ–မင်းစီးရထားတို့သည်၊ ဝေ–စင်စစ်ကေန် အမှန်အားဖြင့်၊ ဇီရန္တိ–ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ ရောက်ကြကုန်၏။ အထော–ထိုမှတစ်ပါး၊ သရီရမ္ပိ–သတ္တဝါထိုထို ခန္ဓာကိုယ်သည်လည်း၊ ဇရံ–ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့၊ ဥပေတိ–ဆိုက်ရောက်ရ၏။ သတံ–ဘုရားရဟန္တာ အရိယာစသား သူတော်ကောင်းများ၏၊ ဓမ္မောစ–နိဗ္ဗာန်ချမ်းသာ တရားမှာမူကား၊ ဇရံ–ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့၊ နဥပေတိ–မရောက်နိုင်။ ဟဝေ–အမှန်စင်စစ်၊ သန္တော–သူတော်ကောင်းတို့သည်၊ သဗ္ဘိ–သူတော်ကောင်းတို့နှင့်၊ ပဝေဒယန္တိ–နိဗ္ဗာန်တရားကို ချီးကျူး စကား ပြောကြားကြကုန်၏။

(၄) နဘံစ– ကောင်းကင်သည်လည်း၊ ဒူရေ– မြေကြီးနှင့်ဝေး၏။ ပထဝီစ–မြေကြီးသည်လည်း၊ ဒူရေ–ကောင်းကင်နှင့်ဝေး၏။ သမုဒ္ဒဿ–သမုဒ္ဒရာ၏၊ ပါရံ–ဤမှာဘက်ကမ်းသည်၊ တံတေန– ထိုမှာဘက်ကမ်းနှင့်၊ ဒူရေ–ဝေး၏။ ဤတိ–ဤသို့၊ အာဟု– ဆိုကြကုန်၏။ ရာဇ–မင်းကြီး၊ ဟဝေ–အမှန်စင်စစ်၊ တတော– ထိုကောင်းကင်နှင့် မြေကြီး၊ သမုဒ္ဒရာကမ်း တစ်ဖက်နှင့်တစ်ဖက် ဝေးကြသည်ထက်၊ သတံ–သူတော်ကောင်းတို့၏၊ ဓမ္မောစ– တရားသည်လည်း၊ အသတံ–သူယုတ်မာတို့၏၊ ဓမ္မေန–တရား နှင့်၊ ဒူရတရံ–ပို၍ဝေး၏ဟု၊ ဝဒန္တိ–ဘုရားစသား၊ သူတော် ကောင်းများ၊ ဟောကြားကြကုန်၏။ (တဒါ ဟု–ကို 'တံ အာဟု' ဟု ပုဒ်ခွဲ၊ တံ–ကို 'တေန' ဟုပြင်)

## ဂါထာများဖြစ်ပေါ်လာပုံ

ဤဂါထာများဖြစ်ပေါ်လာပုံမှာ အမှန်အားဖြင့် ဤဂါထာလေးပုဒ် သုံးသည် ကဿပဘုရားရှင် ဟောကြားတော်မူခဲ့သည့် ဂါထာတော် များဖြစ်၏။ အစဉ်အဆက် ကျက်မှတ်ယူခဲ့ကြရာ ကပိလတိုင်း၊ ဥတ္တရ ပဥ္စာလပြည့်ရှင်၊ ပဥ္စာလဘုရင်တို့လက်ထက်အထိ ပုဏ္ဏားပညာရှိများ ရနေကြသည်ဟု အသီတိနိပါတ်၊ မဟာသုတသောမဇာတ်မှာ တွေ့ရ၏။ ဤဂါထာများသည် အနက်အဓိပ္ပာယ်လည်း ကောင်းကြ၏။ သဒ္ဒါလည်း ကောင်းကြ၏။ အလွန်နက်နဲသော အဓိပ္ပာယ်လည်းရှိကြ၏။ ရာဂ ကိုလည်း ကုန်ခန်းစေနိုင်ကြ၏။ သေခြင်းကင်းရာ နိဗ္ဗာန်သို့လည်း ရောက်စေနိုင်ကြ၏။ ကောင်းကျိုးစီးပွားများကိုလည်း ရစေနိုင်ကြ၏– ဟု အသီတိနိပါတ်၌ မြတ်စွာဘုရား ဟောကြားထား၏။

ရှေးအခါက တက္ကသိုလ်ပြည်တွင် ဤလေးဂါထာတို့ကို တတ်သိ သည့် နန္ဒခေါ် ပုဏ္ဏားကြီးတစ်ဦးရှိ၏။ တစ်နေ့တွင် ထိုနန္ဒပုဏ္ဏားသည် တက္ကသိုလ်ပြည်မှ ယူဇနာ(၁၂၀)ကွာဝေးသည့် ဣန္ဒပတ္တနဂိုရ်ပြည်သို့ ရောက်လာသည်။ နန္ဒပုဏ္ဏားသည် နံနက်နေထွက်ချိန်တွင် ခေါင်းဆေး

မင်္ဂလာပြုရန် မြို့၏အရှေ့တံခါးမှထွက်တော်မူလာသည့် မဟာသုတသောမမင်းကိုတွေ့မြင်လျှင် လက်ကိုဆန့်၍ အောင်ဆုပေး၏။ မင်းကြီးက မေးမြန်းသောအခါ နန္ဒပုဏ္ဏားက ကဿပဘုရားရှင် ဟောကြားခဲ့တဲ့ 'သတာရဟ' ဂါထာလေးပုဒ်ကို အရှင်မင်းကြီး၏ကောင်းကျိုးစီးပွားအတွက် အရှင်မင်းကြီးအား ဟောကြားရန်လာခဲ့ကြောင်း လျှောက်တင်၏။ မဟာသုတသောမမင်းက ငါသည် နန်းတော်သို့ပြန်ရန် မသင့်ပါ၊ ဖုသျှနက္ခတ်နှင့်ယှဉ်ချိန်တွင် ခေါင်းဆေးမင်္ဂလာပြုဖို့ထွက်လာခြင်းဖြစ်သည်။ နက်ဖြန်မှပဲ နာယူပါမည်ဟုပြောကြားပြီး ပုဏ္ဏားအား နေရာထိုင်ခင်းပေးပြီး ဥယျာဉ်တော်သို့ ဆက်လက်ကြွချီတော်မူ၏။

မဟာသုတသောမမင်းသည် ဥယျာဉ်တော်၌ ခေါင်းဆေးမင်္ဂလာပြုစဉ် လူသားစား ပေါရိသာဒ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုခံရ၏။ သို့ရာတွင် မဟာသုတသောမမင်းသည် နန္ဒပုဏ္ဏား၏ ဂါထာတော်လေးဂါထာတို့ကို နာယူရန်အတွက် ပေါရိသာဒထံ ကျိန်စာဆို၍ နန်းတော်သို့ပြန်လာခဲ့၏။ နန်းတော်သို့ရောက်လျှင် နန္ဒပုဏ္ဏားအား ဆံမုတ်ဆိတ်များပြုပြင်၍ ရေချိုး နံ့သာလိမ်း၊ အဝတ်တန်ဆာ ဆင်ယင်ပြီး ခေါ်ခဲ့ရန် အမိန့်ပေး၏။ နန္ဒပုဏ္ဏားရောက်လျှင် မိမိကိုယ်တိုင်ရေချိုး၊ နံ့သာလိမ်းပြီး နန္ဒပုဏ္ဏားအား မိမိစားတော်ပွဲကို ပေးစေ၏။ ထို့နောက် မိမိကိုယ်တိုင်စား၍ နန္ဒပုဏ္ဏားအား ပလ္လင်ထက်၌နေစေပြီး ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ နိမ့်သောနေရာ၌နေလျက် သတာရဟ ဂါထာတို့ကို ဟောကြားရန် တောင်းပန်၏။

ထိုအခါ နန္ဒပုဏ္ဏားသည် နံ့သာတို့ဖြင့် လက်ကိုပွတ်သပ်ပြီး လွယ်အိတ်ထဲမှ ရွှေပေကိုထုတ်၍ လက်နှစ်ဖက်တို့ဖြင့်ကိုင်ကာ 'သကိံဒေဝ မဟာရာဇ၊ သဗ္ဘိဟောတိ သမာဂမော' စသော ဂါထာလေးဂါထာတို့ကို ရွတ်ဆိုဟောကြား၏။ ဘုရားလောင်းသုတသောမမင်းသည် ဂါထာတော်များကို နာကြားပြီးသောအခါ ငါပြန်လာခြင်းသည် အကျိုးရှိသောပြန်လာခြင်းဖြစ်၏။ ဤဂါထာများကို သာဝကများလည်း မဟော

နိုင်၊ ရသေ့များလည်း မဟောနိုင်၊ ဘုရားမှတစ်ပါး မည်သူမျှမဟော နိုင်၊ သဗ္ဗညုဘုရားသာ ဟောနိုင်၏။ ဤဂါထာတော်များသည် မည်မျှ အဖိုးထိုက်သနည်းဟု စဉ်းစားသည့်အခါ စကြဝဠာတိုက်ကြီးကို ပြဟ္မာ့ ပြည်အထိ ရတနာခုနစ်ပါးအပြည့်ဖြင့် ပေးသော်လည်း တန်ဖိုးမပြည့်စုံ၊ ဤနန္ဒပုဏ္ဏားအား ဤကုန္ဒပတ္တနဂိုရ်ပြည်၌ မင်းအဖြစ် ပေးသင့်၏ဟု ကြံစည်ပြီး မင်းဖြစ်ထိုက်သည့်ဘုန်းကံ ရှိ,မရှိ အင်္ဂဝိဇ္ဇာအတတ်ပညာ ဖြင့် ကြည့်သည့်အခါ မင်းဖြစ်ထိုက်သည့်ဘုန်းကံကိုမမြင်။ ထို့နောက် စစ်သူကြီး အစရှိသည်တို့ကို ဖြစ်ထိုက်,မဖြစ်ထိုက်ကို ဆက်လက် ကြည့်ရှုရာ နောက်ဆုံး ရွာစားပင်ဖြစ်ထိုက်သောဘုန်းကံမရှိ။ ဥစ္စာ အသပြာပင် လေးထောင်မျှသာရထိုက်သော ဘုန်းကံကိုသာမြင်၍ 'ဆရာ–ဆရာတို့သည် အခြားသောမင်းတို့အား ဤဂါထာများကို ဟောကြားသည့်အခါ ဥစ္စာအဘယ်မျှရပါသနည်း'ဟု နန္ဒပုဏ္ဏားအား မေး၏။ နန္ဒပုဏ္ဏားက 'အရှင်မင်းကြီး၊ တစ်ဂါထာ တစ်ဂါထာအတွက် အသပြာတစ်ရာစီ ရပါသည်။ ထို့ကြောင့် သတာရဟာဂါထာ မည်ပါ သည်ဟု လျှောက်တင်၏။

ထိုအခါ ဘုရားလောင်း သုတသောမမင်းက 'ဆရာ့ ဆရာတို့သည် မိမိဟောကြားနေသည့် ဂါထာများရဲ့တန်ဖိုးကိုမသိ၊ ယနေ့မှစ၍ တစ် ဂါထာ တစ်ဂါထာသည် အသပြာတစ်ထောင်စီထိုက်စေသတည်း'ဟု ဆိုကာ အသပြာလေးထောင်ကို နန္ဒပုဏ္ဏားအား ဆုအဖြစ် ချီးမြှင့်လိုက် လေသည်။ အမှန်အားဖြင့်ဆိုရသော် ဤမဟာသုတသောမ ဇာတ်လမ်း၌ ဤဂါထာများသည် နန္ဒပုဏ္ဏားအားသာ အသပြာလေးထောင်ရစေသည် မဟုတ်ပါ။ မဟာသုတသောမမင်းကိုယ်တိုင် ဤဂါထာများကို လူသားစား ပေါရိသာဒအား ဟောကြားသဖြင့် အသက်ဘေးမှ လွတ်မြောက်ချမ်းသာ သွားသည့်အပြင် ပေါရိသာဒသည်ပင် လူသားစားဘဝမှ ကျွတ်လွတ် သွားခဲ့ပေသည်။ ဤသည်တို့မှာ ဤဂါထာကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားများဖြစ်သည်။

ဤဂါထာများသည် နန္ဒပုဏ္ဏားကြီး အမေးအရ အသပြာတစ်ရာ ထိုက်တန်တဲ့အတွက် 'သတာရဟ'ဂါထာများဟု ပါဠိတော်များ ဟော ထားပါသည်။ (သတာရဟ= သတ–တစ်ရာ၊ အရဟ–ထိုက်တန်သည့် ဂါထာ) မဟာသုတသောမမင်းက တစ်ရာစီမက အသပြာတစ်ထောင်စီ ထိုက်တန်တဲ့ ဂါထာများဖြစ်သည်ဟုဆိုပြီး လေးဂါထာအတွက် အသပြာ လေးထောင် ချီးမြှင့်တဲ့အတွက် 'သဟဿာရဟ' ဂါထာများဟု ဆိုရ မည်ဖြစ်ပါသည်။ (သဟဿာရဟ= သဟဿ–တစ်ထောင်၊ အရဟ– ထိုက်တန်သည့်ဂါထာ)။

မဝုရသဝါဟိနီ ဆိုတဲ့ သီဟိုဠ်ဖြစ်ကျမ်းမှာ ဤဂါထာများသည် ဘုမ္မစိုး၊ ရုက္ခစိုး စသည့်နတ်များ အလွန်နာလိုကြသည့် ဂါထာများ ဖြစ်၍ နတ်ချစ်ဂါထာများဖြစ်သည်ဟုဆို၏။ ထို့ကြောင့် တောင်တန်း သာသနာပြုဆရာတော်ဘုရားကြီး ဤဂါထာများကို အမြဲရွတ်ဆိုလေ့ ရှိကြောင်း မိန့်တော်မူပါသည်။ ဤဂါထာများသည် နတ်များ အလွန် နာလိုကြသည့် ဂါထာများဖြစ်သည့်အတွက် ဤဂါထာများကို အနက် အဓိပ္ပာယ်များကို အာရုံပြုရွတ်ဖတ်မည်ဆိုလျှင် နတ်များကလည်း ကြည်ညိုလေးစား၊ မေတ္တာထားကြပါလိမ့်မည်။ ဓမ္မာနုဿတိဘာဝနာ ကုသိုလ်လည်း ဖြစ်မည်၊ စီးပွားလည်းတက်မည်၊ သေနိုင်သည့်ဘေး အန္တရာယ်မှလည်း လွတ်မြောက်ချမ်းသာနိုင်ပါသည်။ ထို့ကြောင့် ဤ ဂါထာများကို အချိန်မှန်အကြိမ်မှန် ရွတ်ပွားနိုင်ပါသည်။

●

## အခန်း (၉)

## သက်ရှည်ဘေးရှင်း ရောဂါကင်းသည့် ဘုရားဟောဂါထာ

နာညတြ ဗောဇ္ဈာ တပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

ဤဂါထာသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝပုတ္တသံယုတ်၊ အနာထပိဏ္ဍိကဝဂ်၊ သုဗြဟ္မာသုတ်မှာ သုဗြဟ္မာနတ်သားကို အကြောင်းပြုပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဘုရားဟောဂါထာ အစစ်ဖြစ်ပါသည်။ ဂါထာ၏အနက်မှာ–

ဗောဇ္ဈာ– ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားပွားများခြင်းကိုလည်းကောင်း၊ တပသာ–ခြိုးခြံစွာကျင့်သော ဓုတင်အကျင့်ကိုလည်းကောင်း၊ အညတြ–မကျင့်မပွား၊ ကြဉ်ဖယ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခွင့်ကို၊ နပဿာမိ–ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယသံဝရာ–မျက်စိ စသော ဣန္ဒြေခြောက်ခု စောင့်စည်းမှုကို၊ အညတြ–ကြဉ်ဖယ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခွင့်ကို၊ နပဿာမိ–ငါဘုရားမြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ–အလုံးစုံငြိတွယ်ခြင်းကင်းသော နိဗ္ဗာန်ကို၊ အညတြ–ကြဉ်ဖယ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခွင့်ကို၊ နပဿာမိ–ငါဘုရား မြင်တော်မမူ။ (နာညတြ–ပုဒ်ကို 'န+အညတြ' ဟုပုဒ်ခွဲ၊ နာညတြိန္ဒြိယသံဝရာ–ကို 'န+အညတြ+ဣန္ဒြိယသံဝရာ' ဟု ပုဒ်ခွဲ။ နကို ပဿာမိနှင့် တွဲပြီး နပဿာမိ ဟု တွဲဖက်အနက်ပေးရမည်။)

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာဖြစ်ပေါ်လာပုံမှာ နေ့တစ်နေ့မှာ တာဝတိံသာနတ်ပြည်က သုဗြဟ္မာနတ်သားသည် မြူးထူးပျော်ပါးကစားရန် နတ်သမီးပေါင်း တစ်ထောင်ရံကာ နန္ဒဝန်ဥယျာဉ်တော်သို့ထွက်လာပြီး ပင်လယ်ကသစ်ပင် ရင်း၌ ခင်းထားသည့်နေရာမှာ ထိုင်ပါသည်။ နတ်သမီးငါးရာက ပန်းပင် များပေါ်တက်၍ သီချင်းတကြော်ကြော်သီဆိုကာ ပန်းများကို ခူးချပေးကြ သတဲ့။ ကျန်နတ်သမီးငါးရာတို့က အောက်သို့ကျလာသမျှ ပန်းများကို ကောက်ယူသီကုံးပြီး သုဗြဟ္မာနတ်သားကို ပန်ဆင်ပေးနေကြသည်။

ထိုသို့ ပျော်တပြုံးပြုံး မော်မဆုံးရှိနေကြစဉ် သစ်ပင်ပေါ်တက်ပြီး ပန်းခူးနေကြသည့် နတ်သမီးငါးရာလုံး ဥပစ္ဆေဒကကံဖြင့် ရုတ်တရက် စုတေသွားကြကာ အဝီစိငရဲသို့ ကျရောက်သွားကြရှာသည်။ အချိန် အတန်ကြာသည်အထိ နတ်သမီးများ၏သီချင်းသံကိုလည်း မကြားရ၊ ပန်းများလည်းကျမလာတော့သည့်အတွက် 'ဒီနတ်သမီးတွေ ဘယ်များ ရောက်သွားကြသလဲ'ဟု နတ်သားက ဆင်ခြင်ကြည့်၏။ ထိုအခါ နတ်သမီးငါးရာလုံး အဝီစိငရဲမှာ ဆင်းရဲဒုက္ခခံနေကြရပုံကို သိမြင်ရ၍ နတ်သားမှာ အလွန်စိတ်မချမ်းမသာဖြစ်သွား၏။

ထို့နောက် 'ဒီနတ်သမီးတွေကတော့ သူတို့ရဲ့ကံစီမံတဲ့အတိုင်း ရွေ့ဆုံးသွားကြရပြီ၊ ငါလည်း နတ်သက် ဘယ်လောက်ရှည်ရှည်နေရဦး မလဲ'ဟု ဆင်ခြင်ကြည့်သည့်အခါ လူတွေရဲ့ကာလအတိုင်းအတာ အနေဖြင့် နောက်ခုနစ်ရက်ကြာလျှင်ပင် သူလည်းပဲ ကျန်နတ်သမီး ငါးရာတို့နှင့်အတူ စုတေပြီး အဝီစိငရဲမှာပဲဖြစ်မည်ကို သိမြင်သွား၏။ ထိုအခါ နတ်သားသည် အလွန်တုန်လှုပ်ထိတ်လန့်ကြောက်ရွံ့သွားပြီး 'ငါ့ရဲ့ ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့မှုတွေကို ဘုရားရှင်မှတစ်ပါး အခြား ဘယ်သူမှ ဖယ်ရှားပေးနိုင်မှာမဟုတ်ဘူး၊ ဘုရားရှင်ထံ မြန်မြန်သွားမှ တော်မယ်'ဟုစဉ်းစားမိပြီး နတ်သမီးငါးရာနှင့်အတူ ဘုရားရှင်ထံမှောက် သို့ သွားရောက်ကြသည်။

ဘုရားရှင်ထံမှောက်သို့ရောက်ကြသည့်အခါ 'ဘုန်းတော်ခြောက်ပါး သခင် ရှင်တော်မြတ်ဘုရား၊ မဖြစ်သေးတဲ့ဆင်းရဲဒုက္ခနဲ့ ဖြစ်ပြီးတဲ့ ဆင်းရဲဒုက္ခတွေအတွက် တပည့်တော်ရဲ့စိတ်ဟာ အမြဲပဲ ထိတ်လန့် တုန်လှုပ်နေပါတယ်၊ မထိတ်လန့်မတုန်လှုပ်တဲ့နည်းလမ်းရှိပါက တပည့် တော်ကို အဲဒီနည်းလမ်း ဟောကြားတော်မူပါဘုရား' ဟု သုဗြဟ္မာ နတ်သားက လျှောက်ထားပါသည်။

ထိုအခါ မြတ်စွာဘုရားက ဖော်ပြခဲ့သည့် 'နာညတြ ဗောဇ္ဈာ တပသာ' အစချီသည့်ဂါထာကို ဟောကြားတော်မူပါသည်။

ဂါထာကို နာကြားပြီးသည့်အခါ နတ်သားနှင့် နတ်သမီးငါးရာလုံး သောတာပန်အရိယာများဖြစ်သွားကြပြီး နတ်ပြည်သို့ ပြန်သွားကြပါ သည်။ သုဗြဟ္မာနတ်သားနှင့် နတ်သမီးငါးရာလုံး သေဘေး,ငရဲဘေးမှ လွတ်မြောက်သွားကြပြီး နတ်ဘဝမှာပဲ တည်မြဲကာ အသက်ရှည်သွား ကြပေသည်။

ထို့ကြောင့် ဤဂါထာသည် သေဘေး၊ ငရဲဘေးများရောက်မည့် ဆဲဆဲဖြစ်နေသည့် နတ်သားနတ်သမီးများကို ထိုဘေးများမှ လွတ်မြောက် ကြစေပြီး အသက်ရှည်စေသည့် ဘုရားဟောဂါထာတော်ကြီးဖြစ်ပါ သည်။

သို့ဖြစ်၍ ဘေးအန္တရာယ် ရန်အသွယ်သွယ်ကင်း၍ အသက်ရှည်လို သူတိုင်း 'ဒီဂါထာဟာ နတ်သား‌နတ်သမီးတွေ သေဘေး ငရဲဘေးတွေမှ တကယ်လွတ်မြောက်ဖူးတဲ့ ဘုရားဟောဂါထာအစစ်ဖြစ်တယ်' ဟုယုံကြည် သည့်သဒ္ဓါဖြင့် တစ်ကြိမ်မကရွတ်ဆိုပွားများမှု ဘာဝနာကုသိုလ်များကို အချိန်မှန်အကြိမ်မှန်ပြုလုပ်ပါ။ သိသာထင်ရှားသည့် အကျိုးတရားများကို ကောန်ခံစားကြရမှာဖြစ်ပါသည်။

အနည်းဆုံး ကိုးခေါက် ရွတ်ဆိုပူဇော်ပါ။ အသက်ရှည်နိုင်သည့် ဂါထာဖြစ်၍ သက်စေ့ရွတ်ဖတ်ပူဇော်နိုင်ပါက ပိုကောင်းပါသည်။

## ဂါထာတန်ခိုး ကိုယ်တွေ့အကျိုး

၁၉၈၀-ပြည့်နှစ်လောက်တွင် လှည်းကူးမြို့ ရိပ်သာရပ်ကွက်ရှိ ကိုကျော်မင်းညွှန့်ဆိုသူ၏အစ်မကြီးအိမ်သို့ တက္ကသိုလ်တွင် ပညာသင်ကြားနေသော ညီငယ်နှင့်အတူ ပညာသင်ဖက်သူငယ်ချင်းတစ်ဦး အလည်လိုက်လာ၏။ ထိုသူမှာ လက္ခဏာပညာရပ်ကို လေ့လာလိုက်စားနေသူတစ်ဦးဖြစ်၍ ဟောချက်မှန်လှသူဟု ကျော်ကြားနေသူဖြစ်သည်။ ထိုသူကို ညီငယ်က အစ်မကြီးနှင့်အိမ်နီးချင်းများကို ဟောပြောကြည့်ရှုစေပါသည်။

ကိုကျော်မင်းညွှန့်အနေနှင့်မူ ဤပညာရပ်များကို အလေးမထားပေ။ လက္ခဏာပညာမေးမြန်းနေသူများကိုလည်း သနားစရာကောင်းသူ၊ ရယ်စရာကောင်းသူများဟုသာ သဘောထားခဲ့သည်။ ပစ္စုပ္ပန်ကာလ၌သာ မိမိလုပ်ဆောင်ချက်ကို မှန်မှန် စိစစ်လေ့ရှိသူတစ်ဦးဖြစ်သည်။

သူ့ညီငယ်က 'ကျွန်တော့်အစ်ကိုလေးကိုလဲ ကြည့်ပေးပါဦးဗျာ'ဟု အများသူငါမေးမြန်းပြီးနောက် တစ်ယောက်တည်း ကျန်နေသော ကိုကျော်မင်းညွှန့်ကို လက္ခဏာကြည့်ပေးရန် အဆိုပြုလိုက်၏။ ထိုစဉ်က ကိုကျော်မင်းညွှန့်၏အခြေအနေသည် ကံဆိုးမိုးမှောင်ကျနေသည့်အချိန်ဖြစ်သည်။

အလုပ်လုပ်နေသော မော်တော်ယာဉ်ဌာနမှ အလုပ်ထုတ် ခံရခြင်း၊ ဇနီးသည်နှင့် ကွာရှင်းပြတ်စဲခံရခြင်းဆိုသော ဖြစ်ရပ်ဆိုးများကို တစ်ပြိုင်တည်းခံစားနေရသည့်အချိန်ဖြစ်သည်။ ကျောချစရာနေရာမရှိ၍ အစ်မအိမ်တွင် ခေတ္တဝင်ခိုနေရင်း ဤလက္ခဏာဟောပြောသူနှင့်ဆုံရခြင်းဖြစ်သည်။

လက္ခဏာဟောပြောသူသည် ကိုကျော်မင်းညွှန့်၏ ညာလက်ဝါးပြင်ကို ပထမကြည့်သည်။ နောက် ဘယ်လက်ဝါးပြင်ကိုကြည့်ရှုပြီးမှ 'အစ်ကိုကြီးလက္ခဏာက အကုသိုလ်အလုံးအရင်းဝင်နေတဲ့လက္ခဏာပဲ၊

ကံဆိုးတာမှ မိုးမှောင်ကြီးကျနေသလိုပဲ၊ အစ်ကိုကြီးရဲ့လက်ဝါးပြင်ကို ကြည့်မိ သတိထားမိရဲ့လား၊ ညာဘက် လက်မရဲ့ ဒုတိယအဆစ်နေရာနဲ့ အသက်လမ်းကြောင်းရဲ့အောက်မှာ မဲ့နက်တစ်လုံးစီပေါ်နေတယ်၊ ခန္ဓာပျက်ကိန်းတောင်တွေ့နေရတယ်' စသည်ဖြင့် လက္ခဏာကိုထောက်ပြကာ ပြောဆိုနေ၏။

'အသက်လမ်းကြောင်းကလည်း တိုနေလိုက်သေးတယ်၊ အားမနာတမ်းပြောရမယ်ဆိုရင် အစ်ကိုကြီး အသက်(၃၅)နှစ်မှာ ခန္ဓာပျက်မယ်လို့ ကျွန်တော်ဟောလိုက်ပါတယ်'ဟု ပြောဆိုအဆုံးသတ်လိုက်၏။

သို့သော် အခြားသူများအဖို့ မည်သို့ ခံစားရသည်မသိ၊ ကိုကျော်မင်းညွန့်မှာမူ မည်သို့မျှမခံစားရ။ ဖြစ်နိုင်လျှင် ချက်ချင်းပင် သေချင်နေသောကာလဖြစ်သည်ဟုဆိုပါသည်။ ယတြာလေး ဘာလေးကော လုပ်လို့ရမလားဆရာ'ဟု အစ်မကြီး၏ စိုးရိမ်တကြီးမေးလိုက်သံပေါ်ထွက်လာ၏။

ကာယကံရှင် ကိုကျော်မင်းညွန့်မှာမူ ဘာမျှ မေးမနေတော့ဘဲ အသာထကာ ပြင်ပထွက်လာခဲ့သည်။ သူသည် ဗုဒ္ဓဘာသာမိဘနှစ်ပါးမှ မွေးဖွားလာသူတစ်ဦးဖြစ်၍ ငယ်စဉ်က ဘာသာရေးကို လေးစားလိုက်နာခဲ့သော်လည်း ယခုအခါ၌မူ ဘာသာရေးနှင့်ကင်းဝေးနေသူဖြစ်နေပါသည်။

သူ့ဖခင်ရှိစဉ်က 'ဥပုသ်မစောင့်၊ ဘုရားတက်ရမှာပျင်းတဲ့ ငါ့သားအဖို့ အဖေ ဂါထာတစ်ခုပေးခဲ့မယ်၊ ဘယ်လိုအခြေ၊ ဘယ်လိုဘဝရောက်ရောက် ဘုရားကိုရှိမခိုးဖြစ်တောင်မှ နေ့တိုင်း အိပ်ရာဝင်အိပ်ရာထဘုရားကိုဦးချပြီး ဒီ 'နာညတြဂါထာတော်'ကို ကိုးခေါက်စီ ပူဇော်ပါ။ အရကျက်မှတ်ထားပါ။ နေ့တိုင်းပူဇော်ပါ။ ဂါထာဆိုတာ နေ့စဉ်မပြတ်ရွတ်ဖတ်သရဇ္ဈာယ်နေမှ ထုံနေမှာ၊ အန္တရာယ်ရှိမှ ဘုရားကိုတ,လို့မရဘူးကွ'ဟုပြောကာ ထို 'နာညတြဂါထာတော်'ကို ရေးပေးကာ အလွတ်ကျက်ခိုင်းခဲ့ပါသည်။

ထိုအချိန်မှစ၍ သူသည် ဂါထာတော်ကို နေ့စဉ်မပျက် ပူဇော်လာခဲ့သည်မှာ ယခုတိုင်ဖြစ်ပေသည်။

တစ်နေ့တွင် လွန်ခဲ့သည့် ၄–နှစ်ခန့်က သူ့အား ခန္ဓာပျက်ကိန်းရှိသည်ဟု ဟောပြောခဲ့သော လက္ခဏာဆရာနှင့်ဆုံမိ၍ ထိုစဉ်က ဟောပြောခဲ့သော စကားများကို ပြန်လည်ဆွေးနွေးမိကြသည်။ ယခုအချိန်တွင် နာမည်ကျော် လက္ခဏာဟောဆရာဖြစ်နေသူသည် အံ့အားသင့်ဟန်ဖြင့် သူ၏ညာဘက်လက်ဝါးပြင်ကို သေချာစွာ ကြည့်ရှုကာ– 'ပြောမယုံ ကြုံဖူးမှသိဆိုတာမျိုးပဲ အစ်ကိုကြီးရေ၊ ကျွန်တော် ဟောပြောတုန်းကရှိခဲ့တဲ့ မှဲ့အနက်တွေ မရှိတော့ဘဲ အရံအသက်လမ်းကြောင်းပေါ်လာသလို အသက်လမ်းကြောင်းနဲ့ အရံအသက်လမ်းကြောင်းရဲ့ကြားမှာ မှဲ့အနီတစ်လုံးပေါ်နေပါလား၊ ဒါတွေကြောင့် ကျွန်တော်ဟောပြောခဲ့တာတွေ လွဲရတာကိုး၊ အစ်ကိုကြီးဆီမှာ ဘာအဆောင်ကောင်းများရှိသလဲ၊ ကျွန်တော့်ကိုလဲ မျှစေချင်တယ်'ဟု လေးစားစွာတောင်းခံလာပါသည်။

ကျွန်တော့်မှာ မည်သည့်ဆေးဝါး၊ အင်းအိုင်လက်ဖွဲ့မှမရှိကြောင်းနှင့် အတုမရှိသော ဗုဒ္ဓဂုဏ်တော်များကို ညွှန်းဆိုဖွင့်ဟသော ပရိတ်ကြီး (၁၁)သုတ်၊ ဓာရဏပရိတ်တော်နှင့် အထူးသဖြင့်'နာညတြဂါထာတော်' ကိုသာ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြောင်း ကိုကျော်မင်းညွန့်က ပြန်ပြောပါသည်။

ထိုလက္ခဏာဆရာနှင့် ဤဒုတိယအချိန်မဆုံဆည်းရသေးမီ အချိန်အတွင်း ရန်ကုန်မြစ်တွင်း ကူးတို့သမ္ဗန်မှောက်ခြင်း၊ ချောင်းထဲရေနစ်ခြင်း၊ မော်တော်ကားတိုက်မိရာတွင် ပါဝင်ခဲ့ခြင်း စသည်တို့ကိုပြောပြရာ လက္ခဏာဆရာက ဂါထာတော်ကိုတောင်းသဖြင့် ရေးပေးလိုက်ရကြောင်း ကိုကျော်မင်းညွန့်(လှည်းကူး)က ပြောပြခဲ့သည်။

အထူးသဖြင့် မိမိ၏လက်ဖဝါးတွင် အာယုလမ်းကြောင်း မကောင်းသူများ အသက်မတိုရအောင် ဤ'နာညတြဲဂါထာကို ယုံယုံကြည်ကြည် နံနက်ညအချိန်မှန်အကြိမ်မှန် ရွတ်ဆိုပူဇော်သင့်ကြောင့်လည်း တိုက်တွန်းသွားပေသည်။

●

# အခန်း (၁၀)

## ရန်သူမမြင်နိုင်သောကိုယ်ပျောက်ဂါထာ

ဘဝေဝါဟံ ဘယံ ဒိသွာ၊
ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊
နန္ဒိဥ္စ န ဉပါဒိယိံ။

ဤဂါထာသည် မူလပဏ္ဏာသပါဠိတော်၊ မူဥ္စယမကဝဂ်၊ ဗြဟ္မနိမန္တနိကသုတ်၌ ဗကဗြဟ္မာနှင့် ဗုဒ္ဓမြတ်စွာတို့ တန်ခိုးပြိုင်ကြရာတွင် မြတ်စွာဘုရား ရွတ်ဆိုဟောကြားတော်မူသောဂါထာဖြစ်သည်။

### ဂါထာ၏ အနက်အဓိပ္ပာယ်မှာ–

အဟံ–ငါဘုရားသည်၊ ဘဝေ–ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာ၊ သံသရာနှောင်တွင်း၊ ဘဝထောင်အကျဉ်း၌၊ ဘယံ–အိုနာသေရေး၊ ဒုက္ခဘေးမှ၊ စ၍ရန်စွယ်၊ အန္တရာယ်ဟု၊ ဘေးအစုကို၊ ဒိသွာဝေ–ကောင်းစွာပိုင်နင်း သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ဘဝဥ္စ–ကာမရူပ၊ အရူပဟု၊ လောကသုံးဘုံ၊ အလုံးစုံကိုလည်းကောင်း၊ ဝိဘဝေသိနံ–ဘဝကင်းရာ၊ ရှာကြံပါလည်း၊ သုံးဖြာဘဝ၊ ကျင်လည်ရသည့်၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိသွာ–ဆုံးစကုန်စင်၊ သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝံ–လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံဟု၊ သုံးဘုံဌာန၊ တစ်စုံတစ်ခုသောဘဝကို၊ နာဘိဝဒိံ–စုံစုံမက်မက်၊ နှစ်သက်ခင်မင်၊ လိုချင်တောင့်တတော်မမူ။ နန္ဒိဥ္စ–လူ့ဘုံ,နတ်ဘုံ၊ ဗြဟ္မာ့ဘုံဝယ်၊ စုံစုံမက်မက်၊ နှစ်သက်တွယ်တာ၊ ဘဝတဏှာကိုလည်း၊ နဉပါဒိယိံ–စွဲလမ်းလွတ်ကင်း၊ အမြစ်ရင်းက၊ အလျှင်းပြတ်စေ၊ ဖြတ်တောက်တော်မူခဲ့ပေသတည်း။

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာဖြစ်ပေါ်လာပုံမှာ– ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က 'ဗက'မည်သော ဗြဟ္မာမင်းကြီးသည် 'သူ့ကိုယ်သူ အမြဲတည်၍ တန်ခိုးရှင်ကြီး'ဟု အထင်ကြီးနေသည့်အပြင် 'ဤကမ္ဘာလောကကြီးနှင့် သတ္တဝါအပေါင်းကို သူဖန်ဆင်းထားသည်'ဟု အယူရှိနေ၏။ ထိုအကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသိတော်မူ၍ ဗကဗြဟ္မာကြီးရှိရာ ဗြဟ္မာ့ပြည်သို့ကြွသွားကာ ဗကဗြဟ္မာကြီးအား လမ်းမှန်သို့ရောက်အောင် တရားဟောတော်မူသည်။

ဗကဗြဟ္မာကြီးအား သဿတဒိဋ္ဌိဆိုသည့် အယူများကိုစွန့်လွှတ်၍ အယူမှန်ရောက်အောင်လမ်းညွှန်ဟောကြားရခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပါချေ။ အယူဝါဒချင်းလည်းပြိုင်ရသည်။ တန်ခိုးချင်းလည်း ပြိုင်ရသည်။ အယူဝါဒချင်းပြိုင်ရာ၌ ဗကဗြဟ္မာကြီး၏စွဲချက်အားလုံးကို အချက်တိုင်းမှာပင် အပြစ်ပြကာ နှိပ်ကွပ်ဆုံးမတော်မူရာ ဗကဗြဟ္မာကြီးမှာ ဝါဒရေးရာပိုင်းတွင် ဘုရားရှင်အား ပြန်မလှန်နိုင်သဖြင့် ဗြဟ္မာ့ပရိသတ် အလယ်တွင် အရှက်ရသွားရလေသည်။

ထိုအခါ ဘုရားရှင်နှင့် ပုန်းကွယ်ပျောက်လျှိုး တန်ခိုးပြိုင်ရန် အရေးဆိုလာ၏။ ဘုရားရှင်ကခွင့်ပြုတော်မူသဖြင့် သူ့ခန္ဓာကိုယ်ကြီးကို ဘုရားရှင် မမြင်အောင် နည်းအမျိုးမျိုးဖြင့် တန်ခိုးပြကာ ပုန်းကွယ်လေသည်။ သို့သော် ဘုရားရှင်၏တန်ခိုးတော်ကြောင့် ပုန်းလျှိုးပျောက်ကွယ်၍ မရသဖြင့် ဗိမာန်အတွင်း ဝင်လိုဝင်၊ ပဒေသာပင်အောက် ပုန်းလိုပုန်း၊ တစ်ကိုယ်လုံးပုပြီး ငုစုစုဆောင့်ကြောင့်ထိုင်လိုထိုင်၏။ သို့ရာတွင် မည်သည့် နည်းနှင့်မျှ ပျောက်ကွယ်မသွားသဖြင့် ပြိုင်ပွဲတွင် အရှက်ကွဲရပြန်သည်။

ထိုအခါ ဘုရားရှင်က 'သင်မပုန်းကွယ်နိုင်လျှင် ငါပုန်းကွယ်ပြမည်'ဟု မိန့်တော်မူကာ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးတော်ဖြင့် ပုန်းလျှိုးပျောက်ကွယ် သွားလေရာ ဗကဗြဟ္မာကြီးနှင့်တကွ ဗြဟ္မာများအားလုံး လုံးဝမမြင်ကြရ တော့ချေ။ ဘုရားရှင်သည် 'ကိုယ်တော်မြတ် ဤနေရာ၌ပင်ရှိနေသည်။

တခြားသို့ကြွသွားခြင်းမဟုတ်'ဟု သိသာတော်မူစေရန် ပျောက်ကွယ်နေရင်းမှာပင် ဤ 'ဘဝေဝါဟံ'အစရှိသော ဂါထာတော်ကို ရွတ်ဆို၍ တရားဟောကြားတော်မူခြင်းဖြစ်ပါသည်။ တရားတော်အဆုံး၌ ဗြဟ္မာတစ်သောင်း မဂ်ဖိုလ်ရသွားကြ၏။ ဤ ဗကဗြဟ္မာကြီးကို ဘုရားရှင်အောင်မြင်တော်မူခြင်းသည် အပြင်အောင်ခြင်းရှစ်ပါးတွင် တစ်ပါးဖြစ်၏။

ဤဂါထာကား ဘုရားရှင် ကိုယ်တော်ပျောက်ရာ၌ အသုံးပြုသည့် ဂါထာတော်မဟုတ်ပါ။ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးဖြင့်သာ ကိုယ်တော်ကို ဖျောက်တော်မူခြင်းဖြစ်သည်။ ကိုယ်ပျောက်နေသည့်အချိန်တွင်မှ 'ကိုယ်တော်မြတ် ဤနေရာမှာပဲရှိနေသည်'ဟု သိကြစေရန် ရွတ်ဆိုဟောကြားသော ဂါထာတော်ဖြစ်၏။ သို့သော် ကိုယ်ပျောက်နေစဉ် ရွတ်ဆိုသော ဂါထာဖြစ်၍ 'ကိုယ်ပျောက်ဂါထာ'ဟု သုံးနှုန်းကြခြင်းဖြစ်သည်။

ဤဂါထာတော်တွင် ဘုရားရှင်၏ ဘဂဝါဂုဏ်တော်နှင့် အရဟံဂုဏ်တော်နှစ်ပါးကိုတွေ့ရသည်။ ခန္ဓာကိုယ်ကို ကွယ်ပျောက်နိုင်ခြင်းကား ဘဂဝါဂုဏ်တော်တွင် ပါဝင်သည့် ဣဿရိယဘုန်းတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သော 'အဏိမာ'ဘုန်းတော်ဖြစ်သည်။ ဂါထာတွင် ဘဝတဏှာကို အကြွင်းမဲ့ပယ်သတ်ပြီးပြီဟုဆိုခြင်းကား ကိလေသာမှန်သမျှကို ဝါသနာနှင့်တကွ အကြွင်းမဲ့ပယ်သတ်နိုင်သည့် 'အရဟံ'ဂုဏ်တော်ဖြစ်သည်။ ဤဂုဏ်တော်နှစ်ပါးကို အာရုံပြု၍ ဤဂါထာကို ရွတ်ဆိုပူဇော်ပါက 'ဘုရားဂုဏ်တော်ကို အောက်မေ့ပွားများခြင်း'ဆိုသည့် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်ပါသည်။

ဤဂါထာကို ရွတ်ဆိုသူသည် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ကို ပွားများရာရောက်သောကြောင့် မိမိကိုယ်ကို ရန်သူမမြင်နိုင်သည့် အကျိုးနှင့်တကွ ဘေးကြီးဘေးငယ် ကြောက်စရာအသွယ်သွယ်တို့ကို ပယ်ဖျောက်နိုင်ခြင်း စသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ အကျိုးဆယ်မျိုးအပြင် စေတီအိမ်နှင့်တူသည်ဖြစ်၍ သူတစ်ပါးရှိခိုးထိုက်ခြင်း စသည့် ထေရထေရီပါဠိ အဋ္ဌကထာလာ အကျိုး(၁၇)မျိုးကိုလည်း ရရှိနိုင်သည်။

အချုပ်ဆိုရသော် သုဘူတိမထေရ်အလောင်း နန္ဒရသေ့ကြီးအား ပဒုမုတ္တရမြတ်စွာဘုရားက 'ဣမံသတိ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ'ဟု ဟောတော်မူသည့် ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးအတိုင်း 'မိမိစိတ်ထဲမှာ အလိုရှိသမျှ၊ ကြံစည်သမျှအားလုံး ပြည့်စုံမည်' ဖြစ်ပါသည်။ တစ်နေ့ (၉)ကြိမ်ထက်မနည်း ရွတ်ဆိုပူဇော်သင့်ပါသည်။

●

# အခန်း (၁၁)

## လောကီလောကုတ္တရာ လိုရာအဖြာဖြာရသော သဗ္ဗမင်္ဂလာဂါထာတော်

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

ဤဂါထာသည် ဓမ္မပဒပါဠိတော်၊ ဗြာဟ္မဏဝဂ်၊ အာနန္ဒတ္ထေရဝတ္ထုနှင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဘိက္ခုသံယုတ်၊ မဟာကပ္ပိနသုတ်တို့၌ ဟောတော်မူထားသော ဘုရားဟောဂါထာတော်အစစ်ဖြစ်၏။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၌ ဤဂါထာတော်ကို အလုံးစုံသော လောကီလောကုတ္တရာ စည်းစိမ်ဥစ္စာအဖြာဖြာတို့ကိုပေးစွမ်းနိုင်သော 'သဗ္ဗမင်္ဂလာ' ဂါထာတော်ဟု ဖွင့်ဆိုထား၏။ သို့သော် ဤဂါထာကို 'သဗ္ဗမင်္ဂလာ' ဂါထာခေါ်ကြောင်း လူသိနည်းလှ၏။ ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မင်းကွန်းအလယ်တောရဆရာတော်ဘုရားကြီး (ဦးပဏ္ဍိဝံသ)အား-

တဂါထာ။ ။သဗ္ဗငယ်မင်္ဂလာလို့ မည်သညာ သရေတင့် ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ် ပင်လယ်ထဲမှာလ၊ လွန်ကဲတဲ့ ဒီဂါထာ၊ ဉာဏ်မဟာကိုင်ဖမ်း။ နက်ကျယ်စွာ၊ သမုဒ်ရေ အဏ္ဏဝါ၌၊ အာနန္ဒာ မွေလို့နှောက်သည့်နှယ်၊ ဘုန်းထက် အောက်စမ်း။

ဟု မေးတော်မူသည်။

မင်းကွန်းအလယ်တောရဆရာတော်ဘုရားကြီးက–

တဂါထာ။ ။သဗ္ဗငယ်မင်္ဂလာလို့ မည်သညာ သရေတင့် ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါန သံယုတ်မှာ၊ ဒိဝါစချီကျူး။ ။နက်ကျယ်စွာ ငါးနိကာယ်အဋ္ဌကထာဝါဒ်၊ အာနန္ဒာ လွန်ကျူးအောင်၊ ဘုန်းဉာဏ်ကွန့်မြူး။
ဟု ဖြေကြားတော်မူသည်။

အဓိပ္ပာယ်မှာ–မန်လည်ဆရာတော်ဘုရားကြီးက 'သဗ္ဗမင်္ဂလာဂါထာ–ဟု ကျမ်းဂန်မှာဖွင့်ဆိုထားသည့်ဂါထာ တစ်ဂါထာရှိပါသည်။ ထိုဂါထာသည် မည်သည့်ဂါထာဖြစ်၍ မည်သည့်ကျမ်းမှာ ဖွင့်ဆိုထားပါသနည်း။ အရှင်အာနန္ဒာမထေရ်ကဲ့သို့ နိကာယ်ငါးရပ် အထက်အောက်မွှေနှောက်ပြီး ဖြေကြားပေးတော်မူပါ'ဟု မေးတော်မူရာ မင်းကွန်းဆရာတော်ဘုရားကြီးက 'ဤသဗ္ဗမင်္ဂလာဂါထာသည် ဒိဝါအစချီတဲ့ ဂါထာတော်ဖြစ်ပါသည်။ နိဒါနသံယုတ်အဋ္ဌကထာမှာ ဖွင့်ဆိုထားပါသည်'ဟု တိတိကျကျ ဖြေကြားတော်မူပါသည်။ ထို့ကြောင့် ဤဂါထာသည် သာသနာတော်တွင် အလွန်အရေးပါသည့်ဂါထာဖြစ်သည်။

## ဂါထာ၏ အနက်အဓိပ္ပာယ်

အာဒိစ္စော–ရောင်ခြည်တစ်ထောင်၊ ထွန်းပြောင်ပဝင်း၊ ရှင်နေမင်းသည်။ ဒိဝါ–နေ့အခါ၌သာ၊ တပတိ–ထွန်းလင်းကျက်သရေ၊ တောက်ပပေ၏။ စန္ဒိမာ–ယုန်ဖြူလနန်း၊ သော်တာစန်းသည်၊ ရတ္တိံ–ညဥ့်အခါ၌သာ၊ အာဘာတိ–ထွန်လင်းကျက်သရေ၊ တောက်ပပေ၏။ ခတ္တိယော–တိုင်းပြည်သေဌ်နင်း၊ ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ–ရတနာစိန်ကျောက်၊ ထိန်ထိန်တောက်သည့်၊ မင်းမြောက်တန်ဆာ၊ ဆင်ယင်မှသာလျှင်။ တပတိ–ထွန်းလင်းကျက်သရေ၊ တင့်တယ်ပေ၏။ ဗြာဟ္မဏော–အာသဝေါကင်းကွာ၊ ရဟန္တာအရှင်မြတ်သည်။

ဈာယီ–အဘိညာဉ်သမာပတ်ဝင်ငြား၊ ဈာန်ကစားမှသာလျှင်။
တပတိ–ထွန်းလင်းကျက်သရေ၊ တင့်တယ်ပေ၏။

အထ– ထိုသို့ နေ, လ, ဘုရင်၊ ရဟန္တာအရှင်မြတ်တို့ သူ့အချိန်နှင့်သူ တောက်ပတင့်တယ်ကြသော်လည်း၊ ဗုဒ္ဓေါ– သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင်မှာမူ။ သဗ္ဗမဟောရတ္တိံ– နေ့ရောညပါ၊ အခါမဆိုင်း၊ အချိန်တိုင်း အချိန်တိုင်း၌ပင်လျှင်။ တေဇသာ–သီလ,ဂုဏ၊ ပုည,ပညာ၊ ဓမ္မာတန်ခိုး ဤငါးမျိုး ဖြင့်။ တပတိ–ထွန်းလင်းကျက်သရေ၊ အမြဲတစေ၊ တင့်တယ် တော်မူပါပေ၏။ (ရတ္တိမာဘာတိ–ကို 'ရတ္တိံ အာဘာတိ' ဟု ပုဒ်ဖြတ်ပါ)။

## ဤဂါထာဖြစ်ပေါ်လာပုံ

တစ်ခုသော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သာဝတ္ထိ ပြည့်ရှင် ပသေနဒီကောသလဘုရင်သည် မင်းမြောက်တန်ဆာငါးပါး ဝတ်ဆင်လျက် နံ့သာပန်း စသည်တို့ကိုယူဆောင်ကာ ဘုရားရှင် သီတင်း သုံးတော်မူရာ ပုပ္ဖါရုံကျောင်းတော်ကြီးသို့ ထွက်လာခဲ့၏။ ကောသလ ဘုရင် ဘုရားရှင်ထံချဉ်းကပ်သည့်အချိန်တွင် ဖွားဖက်တော် ကာဠုဒါယီ ရဟန္တာမထေရ်မြတ်သည် ဈာန်သမာပတ်ဝင်စား၍ ပရိသတ်အစွန်တွင် ထိုင်နေတော်မူ၏။ ထို ကာဠုဒါယီရဟန္တာမထေရ်၏ ကိုယ်အရေအဆင်း သည် ရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းလှပနေ၏။ ထိုအချိန်ကား လ, ထွက်၍ နေ,ဝင်စပြုချိန်တည်း။

ထိုနေဝင်ရီသရောအချိန်တွင် အရှင်အာနန္ဒာမထေရ်သည် နေ,လ, ဘုရင်, ဈာန်ဝင်စားနေသောရဟန္တာအရှင်နှင့် ဘုရားသခင်တို့၏ တင့်တယ်စွာ တောက်ပနေကြသည့် အရောင်တော်တို့ကိုကြည့်ရှုရာ ဘုရားရှင်၏ကိုယ်ရောင်တော်သည် အခြားအရောင်အားလုံးတို့ကို လွှမ်းဖုံးကျော်လွန်ပြီး အတင့်တယ်ဆုံးဖြစ်သည်ကို တွေ့ရ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးကာ 'အရှင်မြတ်ဘုရား၊ ယနေ့ ဘုရားတပည့်တော်သည် နေ့,လ,၊ ဘုရင်၊ ရဟန္တာအရှင်နှင့် ဘုရားသခင်တို့၏အရောင်တော်တို့ကို လေ့လာ ကြည့်ရှုသည့်အခါ မြတ်စွာဘုရား၏ကိုယ်ရောင်တော်များသည် အခြား အရောင်များအားလုံးကို လွှမ်းဖုံးကျော်လွန်ပြီး ဘုရားရှင်၏ကိုယ်ရောင် တော်သည်သာ တင့်တင့်တယ်တယ် နှစ်သက်ကြည်ညိုဖွယ်ဖြစ်ပါသည် ဘုရား'ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက 'အာနန္ဒာ–နေမင်းက နေ့အခါမှသာ တင့်တယ်၏။ လမင်းက ညဉ့်အခါမှသာ တင့်တယ်၏။ လူမင်းက မင်းမြောက်တန်ဆာ ဆင်မှသာ တင့်တယ်၏။ ရဟန္တာပုဂ္ဂိုလ်ကမူ ဈာန်သမာပတ်ဝင်စားမှသာ တင့်တယ်၏။ ဘုရားရှင်တို့မှာကား နေ့ရော ညပါ အခါခပ်သိမ်း တန်ခိုးတော်ငါးပါးတို့ဖြင့် တင့်တယ်တော်မူကြ၏' ဟု မိန့်တော်မူကာ ဤ 'ဒိဝါတပတိ အာဒိစ္စော'အစချီသည့် ဂါထာတော် ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

## ဆုတော်ငွေတစ်ထောင်ရသည့်ဂါထာ

ရှေးအခါက သီဟိုဠ်ကျွန်း၌ ဘာတိကမင်းသည် ပူဇော်ပွဲတစ်ခုကို နန်းရင်ပြင်၌ ကျင်းပ၏။ ထိုပူဇော်ပွဲ၌ ပိဋကတ်သုံးပုံလာ ရတနာသုံးပါး တို့မှ မလွတ်သော ဇယမင်္ဂလာဂါထာကို ရွတ်ဆိုပူဇော်ရန် ဘာတိက အမည်ရှိသည့် ပညာရှိအမတ်ကြီးအား စေခိုင်း၏။ ဘာတိကအမတ် ကြီးသည် ပိဋကတ်သုံးပုံကို အထက်အောက်မွှေနှောက်ချောက်ချားနိုင် သော်လည်း မည်သည့်ဂါထာကို ရွတ်ဆိုရမည်ကိုကား စဉ်းစား၍မရ နိုင်ဘဲရှိနေသည်။

မင်းကြီး မကြိုက်သည့်ဂါထာကို ရွတ်ဆိုမိမည်ကိုလည်း စိုးရိမ်သည်။ မင်းခမ်းမင်းနားရှိ ပညာရှိများအလယ်တွင် ကဲ့ရဲ့ဖွယ်ဖြစ်မည်ကိုလည်း ကြောက်သည်။

မြတ်စွာဘုရား ဟောကြားတော်မူထားသည့် ဂါထာများအားလုံး သည်လည်း အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်း၊ အနက်အဓိပ္ပာယ်နှင့်ပြည့်စုံခြင်း၊ ဗျည်းအက္ခရာ သဒ္ဒါနှင့် ပြည့်စုံခြင်း၊ ပိုဖျက်,လိုစွက်မရှိ၍ အားလုံးပြည့်စုံပြီးသားဖြစ်ခြင်း ဟူသော အင်္ဂါ ၆-ပါးနှင့် ပြည့်စုံကြသည်ချည်းဖြစ်ကြသည်ဟု စဉ်းစားနေစဉ် နေအဝင် လအထွက် မှောင်ရီပျိုးချိန်တွင် မင်းမြောက်တန်ဆာငါးပါး ဆင်ယင်ထားသည့် ဘာတိကမင်း၏ တင့်တယ်ခြင်းကို မြင်ရသည့်အခါ 'ဒိဝါတပတိ အာဒိစ္စော'စတဲ့ ဂါထာတော်ကို သွားသတိရပြီး မဟာ စေတီတော်ဘက်သို့ လက်အုပ်ချီမိုးကာ 'ဒိဝါတပတိ အာဒိစ္စော'အစချီ သည့် ဂါထာတော်ကို ရွတ်ဆိုပူဇော်လိုက်လေသည်။ ထိုအခါ ဘုရင် ကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်လှသဖြင့် ထိုဘာတိကအမတ် ပညာရှိအား ဆုတော်ငွေတစ်ထောင် ဆုချတော်မူသည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထား၏။

## ပါဠိများဖြည့်စွက်၍လည်းရွတ်နိုင်၏

ဤဂါထာတော်မှာ ဘုရားဂုဏ်တော်ကို ဖော်ပြထားသော ဂါထာ ဖြစ်၍ နောက်ဆုံးပိုဒ်ဖြစ်သည့် 'အထသဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါတပတိ တေဇသာ'ကို မြန်မာလိုအာရုံပြုပြီးရွတ်ဆိုပါလျှင် 'ဗုဒ္ဓါနုဿတိဘာဝနာ' ဖြစ်ပါသည်။ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သည့်အတွက် 'ဣမံသတိံ-ဤ ဗုဒ္ဓါနုဿတိဘာဝနာကို၊ ဘာဝယိတွာ-ပွားများရသောကြောင့်၊ မာနသံ- ရွတ်ဆိုသူစိတ်ကြံစည်သည့်အတိုင်း၊ ပူရယိဿတိ-ပြည့်စုံပေမည်'ဟူသော ဘုရားဟောအတိုင်း ထိုဂါထာကို ရွတ်ဆိုသူမှာ ကြံတိုင်းအောင် ဆောင် တိုင်းမြောက် စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။

အချို့က ဂါထာအဆုံးတွင် 'တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ (ထိုသို့သဘောရှိသော တန်ခိုးရှိန်စော် အာနုဘော်တို့နှင့် ပြည့်စုံ သည့် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပါ၏)'ဟု ထည့်စွက် ရွတ်ဆို ကြ၏။ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်အပြင် ဝစီပဏာမ, ဝစီဝန္ဒနာ

ကုသိုလ်ထပ်ပြီးရသည့်အတွက် ကောင်းပါသည်။ အချို့ကတော့ 'သေနသစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ' ဤသို့ မှန်ကန်သောအား၊ သစ္စာစကားကိုဆိုရသောကြောင့် အကျွန်ုပ်အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည် အခါခပ်သိမ်းဖြစ်ပါစေဟု သစ္စာဆိုကြ၏။ ဤသို့ သစ္စာပြုခြင်းသည်လည်း ကျမ်းဂန်လာနည်းများနှင့်လျော်ညီ၍ အကျိုးများများရရှိနိုင်ပါသည်။

ဤသဗ္ဗမင်္ဂလာဂါထာတော်ကို ယုံယုံကြည်ကြည်နှင့် အမြဲတမ်း ရွတ်ဆိုပါက လာဘ်လာဘများပေါများနိုင်သည့်အပြင် ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဘေးဥပါဒ်အန္တရာယ်၊ ရန်အသွယ်သွယ်တို့မှ လွတ်ကင်းနိုင်ပါသည်။ ဤဂါထာကိုရွတ်ဆိုသဖြင့် ဗုံးဒဏ်ဘေး၊ မြွေဆိုးဘေး စသည့်ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်ကြသည့် ကိုယ်တွေ့ဝတ္ထုများကိုလည်း ဘာသာရေးမဂ္ဂဇင်းများ၌ တွေ့ရ၏။

ထို့ကြောင့် ဤဂါထာကို 'လာဘ်ခေါ်၊ လာဘ်ရွှင်ဂါထာတော်၊ စွယ်စုံမင်္ဂလာဂါထာတော်' ဟူ၍လည်း ပညာရှင်များက ဆိုကြခြင်းဖြစ်သည်။ ယုံကြည်မှုသဒ္ဓါ၊ အကြိမ်ကြိမ် အချိန်မှန်ရွတ်ဆိုပွားများမှုဘာဝနာတို့ ရှိလျှင် စိတ်ရှိသလောက် ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်ပါသည်။

●

## အခန်း (၁၂)

## အချုပ်အနှောင်မှလွတ်မြောက်၊ နေရာထိုင်ခင်းအဆင်ပြေသော ဂါထာတော်

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

၂။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

ဤဂါထာများသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝပုတ္တသံယုတ်၊ စန္ဒိမသုတ်၌ လနတ်သားက ဘုရားရှင်အား လျှောက်ထားသည့်ဂါထာနှင့် ရာဟုအသုရိန်ကို ဘုရားရှင်ဟောကြားသော ဂါထာများဖြစ်သည်။

ဂါထာများ၏အနက်အဓိပ္ပာယ်မှာ–

၁။ ဝီရ–ကြီးမြတ်သောလုံ့လဝီရိယသခင် ဖြစ်တော်မူသော၊ ဗုဒ္ဓ–ရှင်တော်မြတ်ဘုရား။ တေ–ရှင်တော်မြတ်ဘုရားအား၊ (မေ–တပည့်တော်၏)၊ နမော–လက်စုံမိုး၍ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေသတည်း။ (တွံ–ရှင်တော်မြတ်ဘုရားသည်)၊ သဗ္ဗဓိ–ခန္ဓာ, အာယတန စသော ကျဉ်းကျပ်ရာဌာနအလုံးစုံမှ၊ ဝိပ္ပမုတ္တော–ကောင်းစွာမချွတ်၊ ကင်းလွတ်တော်မူသည်။ အသိ–ဖြစ်ပါလေ၏။ (ဝီရတ္ထု–ကို ဝီရ အတ္ထု၊ ဝိပ္ပမုတ္တော–သိ,ကို ဝိပ္ပမုတ္တော အသိ–ဟု ပုဒ်ခွဲရမည်။)

(အဟံ ပန–တပည့်တော်မှာမူကား)၊ သမ္ဗာဓ ပဋိပန္နော–ရာဟုအသူရိန် ဖမ်းဆီးထားသဖြင့် ကျဉ်းကျဉ်းမြောင်းမြောင်း လဲလျောင်းနေရသည်။ အသ္မိ–ဖြစ်၏။ (တွံ–ရှင်တော်မြတ်ဘုရား

သည်)၊ တဿမေ–ထိုတပည့်တော်၏။ သရဏံ–ကိုးကွယ်ပုန်းအောင်း၊ လဲလျောင်းရာအစစ်သည်။ ဘဝ–ဖြစ်တော်မူပါ အရှင်မြတ်ဘုရား။ (သမ္ဗာဓ ပဋိပန္နောသ္မိ–ကို သမ္ဗာဓ ပဋိပန္နော အသ္မိ–ဟု ပုဒ်ခွဲရမည်)။

၂။ ရာဟု–ရာဟုအသူရိန်၊ စန္ဒိမာ–လနတ်သားသည်။ အရဟန္တံ–ပူဇော်အထူးကို ခံတော်မူထိုက်သော။ တထာဂတံ–ငါဘုရားရှင်ကို။ သရဏံဂတော–မှီခိုအားထား၊ ကိုးစားရာဟူ၍၊ ယုံကြည်ဆည်းကပ်၊ သိမှတ်၏။ ရာဟု–အို ရာဟုအသူရိန်၊ (တွံ–သင်သည်)။ စန္ဒိမံ–လဗိမာန်ကို၊ ပမုဉ္စဿု–လွှတ်လိုက်ပါလော။ ဗုဒ္ဓါ–ဘုရားရှင်တို့မည်သည်။ လောကာနုကမ္ပကာ–လူနတ်ဗြဟ္မာ၊ သတ္တာဝါဟူသမျှ၊ သတ္တလောကကို၊ သနားသမှု၊ ကြောင့်ကြပြု၍၊ ဂရုစိုက်ကာ၊ စောင့်ရှောက်တော်မူကြကုန်၏။

## ဂါထာများဖြစ်ပေါ်လာပုံ

ဤဂါထာများဖြစ်ပေါ်လာပုံမှာ– ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူချိန်ဖြစ်ပါသည်။ တစ်နေ့တွင် လနတ်သားသည် ရာဟုအသူရိန်နတ်မင်းကြီး၏ ဖမ်းဆီးခြင်းကိုခံရသည်။

ထိုအခါ လနတ်သားသည် ဘုရားရှင်ကို သတိရ၍ တမ်းတ, တိုင်တည်သော အားဖြင့်– 'ဤ နမောတေ ဗုဒ္ဓဝီရတ္ထု' စသောဂါထာကို ရွတ်ဆိုလိုက်ခြင်းဖြစ်သည်။

ရာဟုအသူရိန်နတ် ဆိုသည်မှာ– အသူရာပြည်ကို အုပ်စိုးသည့် အသူရာနတ်မင်းကြီးသုံးဦးတို့တွင် တစ်ဦးဖြစ်သည်။ အမည်ရင်းမှာ ရာဟု ဖြစ်၍၊ အသူရာပြည်ကြီးကိုအစိုးရသောကြောင့် ပါဠိလို အသူရိန္ဒ၊ မြန်မာလို အသူရိန်ဟုခေါ်ခြင်းဖြစ်သည်။ ရာဟုအသူရိန်နတ်မင်းကြီး၏ ခန္ဓာကိုယ်ကား ကြီးမားလှ၏။ အရပ်မှာ ယူဇနာ–၄၈၀၀ မြင့်၏။ လက်ရုံး

နှစ်ခုတို့၏အကြားရှိ ရင်သားအပြန့်အကျယ်မှာ ယူဇနာ–၁၂၀၀ ရှိ၏။ ထုအားဖြင့် ယူဇနာ–၆၀၀ ရှိ၏။ ဦးခေါင်းမှာ ယူဇနာ–၉၀၀ ရှိ၍ နဖူးမှာ ယူဇနာ–၃၀၀ ရှိ၏။ မျက်ခုံးနှစ်ခုတို့၏အကြားသည် ယူဇနာ–၅၀၊ နှာခေါင်းသည် ယူဇနာ–၃၀၀ ရှိ၏။ ခံတွင်း၏အကျယ်ကား ယူဇနာ–၂၀၀၊ အနက်မှာ ယူဇနာ–၃၀၀ ရှိ၏။ လက်ဖဝါးပြင် ခြေဖဝါးပြင်တို့မှာ ယူဇနာ–၂၀၀ ကျယ်၍ လက်ဆစ်ကြီးများမှာ ယူဇနာ–၅၀ အထိ ကြီးမားကြသည်။ (တစ်ယူဇနာ–၈ မိုင်)။

လဗိမာန်ကား ယူဇနာ–၅၀ မျှသာရှိသည်။ ရာဟုအသူရိန်နတ်ကြီးသည် ထွန်းလင်းတောက်ပနေသည့် လဗိမာန်ကြီးကို မြင်သည့်အခါ မနာလိုမှုဖြစ်လာသည်။ ထို့ကြောင့် လသွားလမ်းကြောင်းတွင် ခံတွင်းကြီးကို ဖွင့်ဟပြီးနေသည်။ လဗိမာန်ကြီးသည် ယူဇနာသုံးရာရှိသော ချောက်ကြီးထဲသို့ ကျသွားဘိသကဲ့သို့ ကျရောက်သွားသည်။ ထိုအခါ လနတ်သားသည် သေဘေးမှကြောက်လန့်၍ ဖော်ပြပါ ပထမဂါထာကို ရွတ်ဆိုကာ ဘုရားရှင်ကို ရှိခိုးတိုင်တည်ခြင်းဖြစ်သည်။

ထိုသို့ လနတ်သားက ဘုရားရှင်ကို တမ်းတတိုင်တည်လိုက်သည့်အခါ ဘုရားရှင်က ရာဟုအသူရိန်နတ်မင်းကြီးအား 'တထာဂတံ အရဟန္တံ'စသည့် ဂါထာတို့ကို မိန့်ကြားတော်မူသည်။ ဘုရားရှင်က ဤသို့ မေတ္တာရပ်ခံစကား မိန့်ကြားတော်မူသောအခါ ရာဟုအသူရိန်ကြီးသည် လဗိမာန်ကြီးကိုလွှတ်ပြီး ခပ်သုတ်သုတ်ခပ်ပျာပျာနှင့် ဝေပစိတ္တိအသူရိန်နတ်မင်းကြီးထံသွား၏။ ခန္ဓာကိုယ်မှာလည်း ထိတ်လန့်တုန်လှုပ်ကာ ကြက်သီးမွေးညင်းများထလျက်ရှိ၏။

ဝေပစိတ္တိအသူရိန်ကား ရာဟုအသူရိန်နတ်ကြီးကဲ့သို့ပင် အသူရာပြည်ကို အုပ်စိုးသော နတ်မင်းကြီးတစ်ပါးပင်ဖြစ်၏။ ဝေပစိတ္တိအသူရိန်က 'ဘာ့ကြောင့် လဗိမာန်ကိုလွှတ်ပြီး တထိတ်ထိတ်တလန့်လန့် တုန်လှုပ်နေရတာလဲ'ဟု ရာဟုအသူရိန်ကို လှမ်းမေးလိုက်၏။

ရာဟုအသူရိန်က 'အကျွန်ုပ်သည် ဗုဒ္ဓဂါထာတော်တွေကို ကြောက်ရွံ့လှပါတယ်။ အကယ်၍များ လဗိမာန်ကိုမလွှတ်ဘဲထားလျှင် ကျွန်ုပ်ရဲ့ဦးခေါင်းကြီးဟာ ခုနစ်စိတ်ခုနစ်မြွာကွဲသွားပါလိမ့်မယ်။ အသက်မသေဘဲ နေခဲ့လျှင်လဲ ဘယ်သောအခါမှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော့မှာ မဟုတ်ပါ'ဟု ပြန်လည်ပြောကြားသည်ကို လေ့လာဖတ်ရှုရပေသည်။

ထို့ကြောင့် ဤဂါထာတော်များသည် အလွန်အစွမ်းထက်သည့် ဂါထာတော်များဖြစ်ကြောင်း ရာဟုအသူရိန်နတ်မင်းကြီး၏ ထုတ်ဖော်ပြောကြားချက်အရ သိနိုင်ပေသည်။

ဖော်ပြပါအကြောင်းအရာများအရ ဤဂါထာတော်များသည် ရာဟုအသူရိန်နတ်ကြီး၏ ခံတွင်းထဲကျရောက်၍ ကျဉ်းကျဉ်းကျပ်ကျပ် ဆင်းရဲဒုက္ခဖြစ်နေရသည့် လနတ်သားကို ထိုထိုဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေသည့် ဂါထာတော်များဖြစ်ကြောင်း ထင်ရှားလှသည်။ ထို့ကြောင့် ဤဂါထာတော်များသည် အဖမ်းအဆီး အချုပ်အနှောင်ခံရခြင်းမှ လွတ်မြောက်စေနိုင်သည်။ အိမ်ခန်း စသည့် နေရာထိုင်ခင်း အဆင်မပြေသူများအတွက်လည်း အဆင်ပြေနိုင်သည်။ အဆင့်မြင့်ရာထူးများကိုလည်းရရှိနိုင်သည်။

တစ်နေ့လျှင် အနည်းဆုံး ၃–ခေါက် အဓိဋ္ဌာန်ပြု၍ ရွတ်ဆိုပူဇော်နိုင်သည်။ ရွတ်ဆိုစဉ် 'ဒီဂါထာတော်တွေဟာ ရာဟုအသူရိန်လက်ထဲ ကျရောက်လို့ ဆင်းရဲဒုက္ခရောက်နေတဲ့ လနတ်သားက ဘုရားရှင်ကို တမ်းတတဲ့အတွက် ဘုရားရှင်က ရာဟုအသူရိန်ကိုမိန့်ကြားတဲ့ ဂါထာတော်တွေဖြစ်တယ်'ဟု နှလုံးသွင်းပါ။

## ဂါထာတန်ခိုး ကိုယ်တွေ့အကျိုး

ဒေါ်တင်ရီ ဆိုသူမှာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကတွန်ရွာတွင် နေထိုင်သူဖြစ်သည်။ သူသည် အသက်(၄၀)ကျော်အရွယ်မှစ၍ ယနေ့

အထိ ဝါတွင်းဝါပမကျန် ဥပုသ်မပျက် သီလမြဲစွာဆောက်တည်သူ ဖြစ်သည်။ ယခု အသက်(၇၀)ကျော်ရှိပြီ၊ ဒေါ်တင်ရီက– 'မြတ်စွာဘုရားရဲ့ အာဏာစက်တန်ခိုးတော်တွေ ဂုဏ်တော်တွေဟာ သိပ်ကိုအကျိုး ထက်မြက်တယ်ကွယ့်၊ မယုံမရှိကြနဲ့၊ အမေရဲ့လက်တွေ့ပဲ'ဟု အစချီကာ သူ၏ကိုယ်တွေ့ကြုံခဲ့ရပုံကို ဤသို့ပြောပြသည်။

လွန်ခဲ့သည့် ၁၃၅၂–ခုနှစ် သင်္ကြန်အကျနေ့က သူသည် ကတွန်ရွာ ဘုန်းကြီးကျောင်းမှ ဥပုသ်စောင့်ပြီး ပြန်လာခဲ့သည်။ ညနေ ၅–နာရီ ကျော်ကျော်ခန့် ဆွမ်းချိုင့်ကိုလက်ကဆွဲ၍ ရွာလမ်းအတိုင်း ဖြည်းဖြည်း လျှောက်လာရင်း မိုးနှံ့သင်းသောလေပြင်းက ဟိုမှသည်မှ အရှိန်ပြင်းစွာ တိုက်ခတ်လာသည်။ ထိုအချိန်တွင် ဒေါ်တင်ရီသည် ရွတ်နေကျ ဂါထာတော်များအနက် နမောတေဂါထာကို သက်စေ့ရွတ်၍ 'တထာဂတံ အရဟန္တံ' အစချီသော ဂါထာတော်ကို တစ်ကြိမ်စီရွတ်ဆိုနေမိသည်။ ဒေါ်တင်ရီ အတူသွားလာနေကြသော ရွာသားများလည်းရှိကြသည်။

ထိုစဉ် ဒေါ်တင်ရီ သရက်ပင်ကြီးတစ်ပင်အောက်သို့ရောက်သွားခိုက် လေပြင်းအရိုက်၌ သရက်ပင် ကြီးသည် အမြစ်မှကျွတ်လာပြီး 'ဝုန်း– ဖြောင်း' ဟူသော အသံကြီးနှင့်အတူ မြေပြင်ပေါ်သို့ ရုတ်တရက်လဲကျ သွား၏။

မနီးမဝေးမှ လှမ်းမြင်လိုက်ကြသည့် ရွာသားများက 'ဟယ်– ဟာ'ဟူသော အာမေဍိတ်သံထွက်ကြကာ သရက်ပင်ကြီး လဲကျရာသို့ စုပြုံရောက်လာကြသည်။ ဒေါ်တင်ရီကို သစ်ပင်မလဲကျမီ တွေ့လိုက် ကြရ၍ စိုးရိမ်တကြီးဖြင့် သစ်ကိုင်းများကိုဖယ်၍ရှာကြရာ ရွာသားများက ဘေးမသီရန်မခသည့် ဒေါ်တင်ရီကို အံ့ဩစွာတွေ့ကြရသည်။

ပစောက်သဏ္ဌာန်ယောင်ယောင် ကောက်ကွေးလျက်ရှိသော ပင်စည်ကြီးကြားတွင် ဒေါ်တင်ရီ ငုတ်တုတ် ထိုင်ကာ မျက်စိစုံမှိတ်လျက် ဂါထာများကိုအဆက်မပြတ်ရွတ်ဆိုနေသည်ကိုတွေ့ရ၍ ပို၍အံ့ဩကြရ၏။

ဤသို့ သစ်ပင်ပိခြင်း၊ သစ်ကိုင်းထိခြင်း လုံးဝမရှိဘဲ အသက်ဘေးမှ ဒေါ်တင်ရီ လွတ်မြောက်သွားရခြင်းမှာ ဂါထာတော်၏တန်ခိုးဟု ဒေါ်တင်ရီက စွဲမြဲစွာယုံကြည်လျက်ရှိနေပေသည်။

ဤဗုဒ္ဓဂါထာတော်များအပေါ်၌ ယုံကြည်မှုသဒ္ဓါ၊ ကြိမ်ဖန်များစွာ ရွတ်ဖတ်ပွားများမှုမှရသော ဘာဝနာတို့နှင့်ပြည့်စုံလျှင် လိုအပ်သော အကျိုးကိုရရှိနိုင်ကြမည်ဖြစ်ပါသည်။

●

# အခန်း (၁၃)

## အရာခပ်သိမ်း ကင်းငြိမ်းစေသော ယေဗြဟ္မဏာဂါထာ

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။

## ဂါထာအနက်

ယေဗြာဟ္မဏာ–မကောင်းမှုများ ပယ်ရှားပြီးသည့်အတွက်၊ ဝိသုဒ္ဓိဗြာဟ္မဏခေါ်– အကြင်ဗုဒ္ဓရှင်တော်မြတ်တို့သည်၊ သဗ္ဗဓမ္မေ–ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့ကို၊ ဝေဒဂူ–ဉာဏ်အမြင်အား၊ ထင်ရှားပြတုံ၊ သိတော်မူကြကုန်၏။ တေ ဗြာဟ္မဏာ–ဝိသုဒ္ဓိဗြာဟ္မဏခေါ်၊ ထိုဗုဒ္ဓရှင်တော်မြတ်တို့သည်၊ မေ–အကျွန်ုပ်၏၊ နမော–ရှိခိုးခြင်းကို (ပဋိစ္ဆန္တု–ခံတော်မူကြပါကုန်)၊ တေ–ထိုရှင်တော်မြတ်ဘုရားတို့သည်၊ မံစ–အကျွန်ုပ်ကိုလည်း၊ ပါလယန္တု–စောင့်ရှောက်တော်မူကြပါကုန်။

ဗုဒ္ဓါနံ–ဘုရားရှင်တို့အား၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေ။ ဗောဓိယာ–ဘုရားရှင်တို့၏ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အား၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေ (နမတ္ထု–နမော အတ္ထု)။ ဝိမုတ္တာနံ–အရဟတ္တဖိုလ်ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်ကြကုန်သော ဗုဒ္ဓအရှင်မြတ်တို့အား၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေ။ ဝိမုတ္တိယာ–ရှင်တော်မြတ်တို့၏ ဝိမုတ္တိငါးပါးအား၊ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်ပါစေ။

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာကား ဇာတကပါဠိတော်၊ ဒုကနိပါတ်၊ မောရဇာတ်တွင် ဘုရားရှင် ဟောကြားတော်မူထားသော ဂါထာများတွင် တစ်ဂါထာ အပါအဝင်ဖြစ်၍ ဘုရားဟောစစ်စစ်ဂါထာဖြစ်၏။

ရှင်တော်ဗုဒ္ဓနစဉ့်ကာလ ဥဒေါင်းမင်းဖြစ်စဉ့်ကာလက အစာရှာ ထွက်ကာနီး နေထွက်ချိန်၌လည်းကောင်း၊ အစာရှာရာမှ ပြန်ဝင်လာသည့် နေဝင်ကာနီးအချိန်၌လည်းကောင်း ရွတ်ဆိုသောဂါထာတို့တွင် ဤဂါထာသည် နှစ်ကြိမ်ရွတ်သဖြင့် နှစ်ကြိမ်ပါဝင်သည်။ ဥဒေါင်းမင်း ရွတ်ဆိုသောဂါထာဖြစ်၍ 'မောရသုတ်'ဟု ခေါ်၏။ ရှေးကျမ်းဂန်တတ် ဆရာတော်ကြီးများက ဘေးအန္တရာယ်ကိုကာကွယ်နိုင်သောသုတ်ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဘေးရန်မဖြစ်အောင် အကာ အကွယ် အတားအဆီးအဖြစ် ရွတ်ဆိုကြရန် ပရိတ်တရားတော်အဖြစ် ပရိတ်ကြီးစာအုပ်တွင် ထည့်သွင်းခဲ့ကြသည်။

ယခုဖော်ပြပါ ဂါထာကား ပရိနိဗ္ဗာန်စံလွန်ပြီးသော ရှေးဘုရားရှင်များနှင့် ထိုဘုရားရှင်တို့၏ ဂုဏ်တော်ဖြစ်သော တရားတော်များကို ဘုရားလောင်း ဥဒေါင်းမင်း ရှိခိုးသောဘုရားရှိခိုး၊ တရားရှိခိုးဂါထာ ဖြစ်သည်။ ဤပရိတ်အရံအတား အကာအကွယ်ပြုမှုကြောင့် ဟိမဝန္တာ တော ဒဏ္ဍကဟိရညတောင်၌နေသည့် ဘုရားလောင်း ရွှေဥဒေါင်းမင်းကို မင်း(၆)ဆက်တိုင်တိုင် မုဆိုးများဖမ်းဆီးသော်လည်း ဖမ်းဆီးမရဘဲ ဘေးအန္တရာယ်မှကင်းလွတ်ခဲ့သည်။ မင်းခုနစ်ဆက်မြောက်မှာမူ အကြံ ပိုင်သောမုဆိုးက ဥဒေါင်းပျိုမနှင့် မျှား၍ထောင်ဖမ်းရာ ဘုရားလောင်း ဥဒေါင်းမင်းမှာ ပရိတ်ရွတ်ရန် သတိမရဘဲသွားမိသဖြင့် ကျော့ကွင်း၌ အမိခံရရှာ၏။ ဤအချက်ကိုထောက်ရှုပါက ဤဂါထာပါဝင်သော မောရသုတ်ပရိတ်သည် ဘေးအန္တရာယ် တကယ်ကာကွယ်နိုင်ကြောင်း ထင်ရှားပေသည်။

## ပရိတ်ရွတ်ဆိုရကျိုးများ

ဤဂါထာတစ်ပိုင်းတစ်စကို အာရုံပြုရွတ်ဆိုနှလုံးသွင်းခဲ့သဖြင့် ဖြစ်ပေါ်နေသည့် အနာရောဂါမှ ပျောက်ကင်းသည့် ဆရာတော်မှာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို စတင် တည်ထောင်တော်မူသည့် စာချအကျော် ဆရာတော် အရှင်ဝါသဝါဘိဝံသ မထေရ်ကြီးဖြစ်သည်။ ဆရာတော်သည် သက်တော်(၇၀)ခန့်တွင် အရိုးကင်ဆာရောဂါဖြစ်သဖြင့် ရန်ကုန်ဆေးရုံကြီး ကင်ဆာရောဂါကုဌာနသို့ တက်ရောက်ကုသရသည်။ လက်မောင်းအရိုး ခါးအရိုး ကင်ဆာဖြစ်၍ ဟိုဘက်သည်ဘက်မျှပင် မလှည့်နိုင်၊ သူတစ်ပါးတို့ကလှည့်ပေးလျှင်ပင် မခံမရပ်နိုင်ဘဲ အသည်းခိုက်မျှနာကျင်ရသည်။ ဆရာဝန်ကြီး ဦးမျိုးတင့်၊ သမားတော်ကြီး ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဆရာဝန်ကြီး ဦးစိုးမြင့်၊ ဆရာဝန်ကြီး ဒေါ်ခင်မာ စသူတို့က 'ပျံလွန်တော်မူမှာပဲ'ဟု ထင်နေကြ၏။ ဆရာသမား သီတင်းသုံးဖော်တို့ကလည်း 'ရဟော့မှာမဟုတ်' ဟု ထင်နေကြသည်။

ဆရာတော်သည် ဆေးရုံရောက်သည်မှစ၍ ကိုယ်စောင့်နတ်၊ ဆေးရုံစောင့်နတ်၊ အရံစောင့်နတ်မှစ၍ အဆင့်ဆင့်သော ဘုမ္မစိုး၊ ရုက္ခစိုး စသည့် နတ်တို့အား မေတ္တာပို့သည်။ အမျှဝေသည်။ ဆရာဝန်ကြီးမှစ၍ ဝန်ထမ်းတို့အားလည်း မေတ္တာပို့သည်။ သေခြင်းတရားကို အောက်မေ့ဆင်ခြင်ခြင်း မရဏာဿတိကမ္မဋ္ဌာန်းကိုလည်း ပွားများသည်။ ဗုဒ္ဓါနုဿတိဘာဝနာကိုလည်း ပွားများသည်။ နေ့စဉ် ဓာတ်ကင်ခံရသော အခါ၌လည်း အဋ္ဌာနမေတံ–ဂါထာတော်ကို ရွတ်ဆိုသစ္စာပြုသည်။

အထူးသဖြင့် ဤဂါထာတော်တစ်ဝက်ဖြစ်တဲ့ 'ယေပြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊ တေ မေ နမော တေ စ မံ ပါလယန္တု'နှစ်ပါးကို အထပ်ထပ် ရွတ်ဆိုနေ၏။ တစ်နေ့တွင် ဆရာဝန်မကြီးက ထုံဆေးထိုးကာ ခြင်ဆီများထုတ်ယူသည်။ ထိုအခိုက်တွင် ဆရာတော်သည် ထိုဂါထာနှစ်ပါဒ

ကိုပင် ဘုရားရှင်များ၏အာရုံပေါ်အောင် စူးစူးစိုက်စိုက် ရွတ်ဆိုရှိခိုး အဓိဋ္ဌာန်ပြုနေ၏။ ထုံဆေးထိုးသည့် အပ်ကြီးသည် ဘန်ချည်အိတ် ချုပ်သော အပ်အရွယ်ရှိသည်ဟုဆို၏။ ထိုအပ်ဖြင့် ခါးရိုးကို ထိုးသွင်း သော်လည်း ဘုရားအာရုံဇောကပ်နေသဖြင့် အောင့်သက်သက်မျှသာ ခံစားရသတဲ့။

ဆရာတော်က ထိုအကြောင်းကို အမိန့်ရှိလိုက်သောအခါ ဆရာဝန်မ ကြီးက အံ့အားသင့်နေသည်။ 'အရှင်ဘုရား နာရီဝက်လောက်နေရင် ထုံဆေးပြယ်ပြီး နာလာပါလိမ့်မယ်ဘုရား'ဟု လျှောက်ထားသွားသည်။ ဆရာတော်သည် နာကျင်မည့်အချိန်ကို စောင့်မျှော်ကာ ထိုပရိတ် ဂါထာဝက်ကလေးကိုပင် စူးစူးစိုက်စိုက် ရွတ်ဆိုနေသည်။ နာကျင်မှုမှာ ပုရွက်ဆိတ်ကိုက်သလောက် ကြမ်းပိုးထိုးသလောက်သာဖြစ်သည်ဟု ဆိုပါသည်။ နောက်တစ်နေ့တွင် ဆရာဝန်မကြီးက ထပ်မံမေးမြန်းပြန် သည်။ ဆရာတော်က အမှန်အတိုင်း အမိန့်ရှိ၏။ ဆရာဝန်မကြီးက 'ဇာပည့်တော်မ သိပ်အံ့သြတယ်ဘုရား'ဟု လျှောက်ထားသွား၏။

ဆရာမငယ်များနှင့် အနီးအနားရှိ သူနာပြုများက 'ကိုယ်တော်ကြီး ဆေးကောင်းဝါးကောင်း ရှိတယ်ထင်တယ်'ဟု ပြောကြသတဲ့။ ထိုအသံ ကိုကြားရသောအခါ ဆရာတော်က ဘုန်းကြီးရဲ့ဆေးကောင်းဝါးကောင်း ကတော့ 'ယော ဗြဟ္မဏော ဝေဒဂူ၊ သဗ္ဗဓမ္မေ တေ မေ နမော၊ တေ စ မံ ပါလယန္တု'ပဲဖြစ်တယ်ဟုမိန့်ကြားပါသည်။ဆရာတော်သည် ထိုဂါထာ၏ အစွမ်းကြောင့်လည်းကောင်း၊ အင်္ဂလိပ်, မြန်မာ သမားတော်ကြီးများ၏ ဆေးနှင့် မေတ္တာစေတနာအစွမ်းကြောင့်လည်းကောင်း ဆေးရုံသို့ ရှစ်ကြိမ်ရှစ်ခါက်တိတိ တက်ရောက်ကုသခဲ့ရသော်လည်း ပျံတော်မမူ၊ ဆေးရုံမှဆင်းပြီးနောက် 'သဗ္ဗမင်္ဂလ ဓမ္မဒေသနာ'အမည်ရှိ ကျမ်းစာအုပ် ထူကြီးကိုပင် ရေးသားပြုစုနိုင်ခဲ့ပါသည်။

*

## အခြားကိုယ်တွေ့ဝတ္ထု

တစ်ချိန်ကလည်း ကိုရွှေမောင်ဆိုသူသည် အကြောင်းကိစ္စတစ်ခုကြောင့် ထောင်ဒဏ် (၂)နှစ်ခွဲ ကျခဲ့သည်။ ထောင်ထဲတွင် ဘာသာတရားကို လိုက်စားကိုင်းရှိုင်းသူ မိတ်ဆွေတစ်ဦး၏တိုက်တွန်းမှု၊ သွန်သင်ပေးမှုကြောင့် မောရပရိတ်ကို ရွတ်ဖတ်တတ်သွား၏။ ထိုအချိန်မှစ၍ မောရသုတ်ပရိတ်ကို စနစ်တကျ အချိန်မှန်ရွတ်ဖတ်ရှိခိုးသည်။ ဓာရဏာပရိတ်ကိုမူ အချိန်ရလျှင်ရသလို ရွတ်ဆိုသည်။ မရွတ်ဆိုမီကစ၍ ရွတ်ပြီးသည်အထိ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးကို အာရုံပြုထားသည်။ ပရိတ်တော်၏အနက်ကိုလည်း စိတ်ထဲမှာဆင်ခြင်သည်။ အံ့ဩစရာကောင်းသည်မှာ ကိုရွှေမောင် ထောင်ထဲရောက်ပြီး မောရသုတ်ပရိတ်တော်ကို ရွတ်ဆိုသောနေ့မှစ၍ နှစ်လနှင့်တစ်ဆယ့်ငါးရက်တွင် သူ၏အယူခံမှုနိုင်သဖြင့် ကိုရွှေမောင် ထောင်ကလွတ်ခဲ့ရသည်။ ထောင်ဒဏ် (၂)နှစ်ခွဲ စီရင်ချက်ချခံရသူတစ်ယောက်၏ လပိုင်းရက်ပိုင်းအတွင်း ထောင်ဒဏ်မှလွတ်မြောက်ရေးကား မည်သို့မျှ မတွေးဆ မမျှော်မှန်းနိုင်သောအရာဖြစ်သည်။

ဒုက္ခရောက်ကာမှ ကယောင်ကတန်းထရွတ်လိုက်သော မောရသုတ်ပရိတ်၏အစွမ်းသည်ပင် အံ့ဩ၍မကုန် အောင်ဖြစ်ရသည်။ ပရိတ်တော်ကို ပါဠိပါဌ်သားမှန်မှန်နှင့် အနက်အဓိပ္ပာယ်ကို သေချာစွာအာရုံပြု၍ နေ့စဉ်ရွတ်ပွားနေမည်ဆိုပါက အတိုင်းမသိ အကျိုးခံစားကြရမည်မှာ သေချာပေသည်။

လွန်ခဲ့တဲ့(၁၅)နှစ်ခန့်က သိဒ္ဓိ ဆိုတဲ့ ကလောင်ရှင်တစ်ဦးရဲ့ မိတ်ဆွေတစ်ယောက် လည်ချောင်းရောဂါဖြစ်ခဲ့ပါတယ်။ အသံမထွက်တော့လို့ ကင်ဆာထင်ပြီး ပါရဂူဆရာဝန်ကြီးနဲ့ ဆေးစားနေရ၏။ ကြောက်စိတ်တွေ သံသယစိတ်တွေ ဝင်နေပါတယ်။ အဲဒီကလောင်ရှင်က အဲဒီဂါထာကို ပေးခဲ့တယ်။ အနက်အဓိပ္ပာယ်ကိုလဲ ရှင်းပြခဲ့တယ်။ ဝေဒနာရှင်ဟာ

အဲဒီဂါထာကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုခဲ့သည်။ သူသည် ဘုရားကု သမားကုနှစ်မျိုးကြောင့် ရောဂါပျောက်ပြီး ယနေ့တိုင်ကျန်းမာနေကြောင်း သိဒ္ဓိအမည်ရှိ ကလောင်ရှင်တစ်ဦးက တင်ပြဖူးပါတယ်။

*

ထိုကလောင်ရှင်တင်ပြသည့် အခြားရောဂါသည်တစ်ဦးမှာ လိပ်ခေါင်း ဝေဒနာရှင်တစ်ဦးဖြစ်ပါတယ်။ သူဟာ အသက်ငါးဆယ်ကျော် ခြောက် ဆယ်တွင်းအရွယ်မှာ ဖောင်ကြီး နွေရာသီသင်တန်းတက်ခဲ့ရတယ်။ အပူရှိန်ပြင်းပြချိန်မှာ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ယူနီဖောင်း ဝတ်စုံကို ဝတ်ထားရတယ်။ တစ်နေ့လုံးနီးပါးထိုင်ရတဲ့အတွက် လိပ်ခေါင်း ရောဂါ ပြန်ထလာပါတယ်။ ဓာတ်သွားတိုင်း သွေးပေါက်ပေါက်ပန်းထွက် ပါတယ်၊ ကြာကြာနေတော့ ငုံ့တောင်မကြည့်ရဲဘူးတဲ့။ ထိုကလောင်ရှင် က ယေဗြာဟ္မဏာဂါထာကိုပေးပြီး ဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ အကြောင်း ကိုပါ ရှင်းပြလိုက်တယ်လို့ဆိုပါတယ်။

သူသည် သင်တန်းအတူလာတက်တဲ့ ပါရဂူဆရာဝန်ကြီးတစ်ဦးကို ရောဂါအကြောင်း ဖွင့်ပြောတယ်၊ ဆရာဝန်ကြီးက 'ကျွန်တော့်မှာလဲ ရှိတာပဲဗျ၊ ဝမ်းချုပ်မခံနဲ့'လို့ ရယ်မောပြောပါတယ်။ ဆေးခန်းသွားပြတဲ့ အခါလည်း ဝမ်းပျော့ဆေးအပြား-၂၀ ပေးလိုက်တယ်။ ရောဂါက မသက်သာ။ ဒါကြောင့် 'ယေဗြာဟ္မဏာဂါထာ'ကိုပဲ ထပ်တလဲလဲ ရွတ်ရတော့တယ်။ အထူးသဖြင့် အိမ်သာတက်ချိန်မှာ မျက်လုံးစုံမှိတ်ပြီး တွင်တွင်ရွတ်တယ်လို့ ဆိုပါတယ်။ မကြာမီမှာဘဲ လိပ်ခေါင်းမှ သွေး ယိုတဲ့ရောဂါဟာ ထူးဆန်းစွာပျောက်သွားပြီး ယခုတိုင် ပြန်မဖြစ်တော့ဟု သိရပါတယ်။

ဒီဂါထာဝက်ကလေးဟာ တိုပေမယ့် ဘုရားဂုဏ်ကိုရွတ်ဆိုရှိခိုးပြီး အဓိဋ္ဌာန်ပြုတဲ့ ဂါထာဝက်ကလေးဖြစ်လို့ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ် ဖြစ်ပါတယ်။ အဲဒီ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ရဲ့အစွမ်းကြောင့် ရောဂါ

ပျောက်ကင်းကြတာဖြစ်ပါတယ်။ ဒီဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဟာ 'ဣမံသတိ–ဤဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ကို၊ ဘာဝယိတွာ–ပွားများရတဲ့အတွက်၊ တေ–သင်၏၊ မာနသံ–ကြံစည်သမျှ စိတ်အလိုဆန္ဒသည်၊ ပူရယိဿတိ–ကေန်အမှန် ပြည့်စုံပေမည်' ဆိုတဲ့ ဘုရားဟောအတိုင်း အလွန်အစွမ်းထက်တဲ့ ဘာဝနာကုသိုလ်ဖြစ်ပါတယ်။

ယခု တင်ပြထားတဲ့ ဂါထာကတော့ တစ်ဂါထာလုံးဖြစ်တဲ့အတွက် ဗုဒ္ဓါနုဿတိဘာဝနာအပြင် တရားဂုဏ်တော်ကို အောက်မေ့တဲ့ ဓမ္မာနုဿတိဘာဝနာလဲဖြစ်ပါတယ်။ ဂါထာဝက်သည်ပင် ဤသောက်အကျိုးရှိရင် တစ်ဂါထာလုံးဆိုရင် ပို၍အကျိုးရှိမည်ဟု ယုံကြည်သောသဒ္ဓါဖြင့် အချိန်မှန် အကြိမ်မှန် ရွတ်ဆိုရှိခိုးသင့်ကြောင်း တိုက်တွန်းလိုက်ပါတယ်။

●

## အခန်း (၁၄)

## ဘေးအန္တရာယ်ခပ်သိမ်းကို ကင်းငြိမ်းကာကွယ်သော ဗုဒ္ဓ၏မိန့်ခွန်းတော်

အဋ္ဌာနမေတံ ဘိက္ခဝေ၊ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ၊
တထာဂတာ ပရိနိဗ္ဗာယန္တိ။

ဤပါဠိသည် ဝိနယပိဋက၊ စူဠဝါပါဠိတော်တွင် 'လောဟိတုပ္ပါဒက ကမ္မ' (ဘုရားရှင်ကိုသွေးစိမ်းတည်အောင်ပြုမှု)အခန်းနှင့် နာဠာဂီရိ ပေသန (နာဠာဂီရိဆင်ကိုလွှတ်၍သတ်ခြင်း)အခန်းတို့မှာ ဘုရားရှင်နှစ်ကြိမ်တိုင်တိုင် မိန့်ကြားတော်မူခဲ့သည့် မိန့်ခွန်းတော်ပါဠိဖြစ်ပါသည်။ ဤပါဠိတော်၏ အနက်မှာ–

ဘိက္ခဝေ–ရဟန်းတို့၊ ပရူပက္ကမေန–သူတစ်ပါးတို့၏လုံ့လ ပယောဂဖြင့်၊ တထာဂတံ–မြတ်စွာဘုရားကို၊ ယံ–အကြင် အကြောင်းကြောင့်၊ ဇီဝိတာ–အသက်ခေါ်သော ဇီဝိတိန္ဒြေမှ၊ ဝေါရောပေယျ–ကျစေရာ၏၊ ဝါ–ချုခွင်းရာ၏။ ဧတံ–ဤသို့ ကျစေနိုင်ခြင်း၊ ချုခွင်းနိုင်ခြင်းသည်(ထည့်)၊ အဋ္ဌာနံ–အကြောင်း မဟုတ်၊ အနဝကာသော–အခွင့်အရာမဟုတ်။

ဘိက္ခဝေ–ရဟန်းတို့၊ တထာဂတာ–မြတ်စွာဘုရားတို့သည်၊ အနုပက္ကမေန–သူတစ်ပါးတို့၏ လုံ့လပယောဂမရှိဘဲ၊ ဝါ– သူတစ်ပါးတို့လုပ်ကြံမှုပယောဂကင်းရှင်းသဖြင့်၊ ပရိနိဗ္ဗာယန္တိ– ပရိနိဗ္ဗာန်ဝင်စံတော်မူကြကုန်၏။

### ပါဠိတော်ဖြစ်ပေါ်လာပုံ

ဤပါဠိတော်ဖြစ်ပေါ်တော်မူလာပုံမှာ– မြတ်စွာဘုရား၏ယောက်ဖ တော် ရှင်ဒေဝဒတ်သည် ဘုရားသာသနာတော်သို့ဝင်၍ ရဟန်းပြုနေ

သော်လည်း ဘုရားရှင်အား အမြဲမကောင်းကြံနေသူဖြစ်၏။ ရှင်ဒေဝဒတ်သည် တစ်မဂ်တစ်ဖိုလ်မရသော်လည်း လောကီစျာန်အဘိညာဉ်ကို ရရှိထားသူဖြစ်၏။ သူ၏လောကီစျာန်အဘိညာဉ်တန်ခိုးဖြင့် အဇာတသတ်မင်းသားကို စည်းရုံးထား၏။ အဇာတသတ် ဘုရင်ဖြစ်လာသည့်အခါ အဇာတသတ်၏အကူအညီဖြင့် ဘုရားရှင်ကိုသတ်ရန် အမျိုးမျိုးကြိုးစား၏။ သို့သော် မအောင်မြင်ခဲ့ပေ။ ထိုသို့ မအောင်မြင်သည့်အခါ မိမိကိုယ်တိုင် ဘုရားရှင်ကိုလုပ်ကြံသတ်ဖြတ်ရန် ကြံစည်လေသည်။

တစ်နေ့တွင် မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ရိပ်မှာ စင်္ကြံကြွနေတော်မူ၏။ ထိုအချိန်တွင် ရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ကာ ကျောက်တုံးကြီးကိုလှိမ့်ချပြီး ဘုရားရှင်ကို သေကြောင်းကြံပါသည်။ သို့သော်လည်း ဘုရားရှင်၏တန်ခိုးတော်ကြောင့် လိမ့်ကျလာသည့် ကျောက်တုံးကြီးကို တောင်ထွတ်ကြီးနှစ်ခုတို့က ညွတ်လာပြီး ခံထားလိုက်ကြသည်။ ထို့ကြောင့် ထိုကျောက်တုံးကြီးမှာ ဘုရားရှင်ပေါ်သို့မကျနိုင်တော့ဘဲ ထိုကျောက်တုံးမှကွာပြီး လွင့်စင်ထွက်လာသည့် ကျောက်လွှာကလေးကသာ မြတ်ဗုဒ္ဓ၏ခြေတော်ကိုထိကာ ခြေတော်မှာ သွေးခြည်ဥသွား၏။ ရှင်တော်ဗုဒ္ဓသည် အထက်သို့မော့ကြည့်တော်မူပြီး ဒေဝဒတ်ကိုတွေ့သည့်အခါ– 'မဂ်ဖိုလ်မမှီး အချည်းနှီးသောယောကျ်ား၊ သင်ဟာ များပြားကြီးကျယ်တဲ့ မကောင်းမှုကိုပြုလုပ်တယ်၊ ငါဘုရားကို ဖျက်ဆီးသတ်ဖြတ်လိုတဲ့စိတ်ဖြင့် သွေးစိမ်းတည်အောင်လုပ်တယ်'ဟု မိန့်တော်မူသည်။

ထို့နောက် 'ရဟန်းတို့–ဒေဝဒတ်ဟာ ငါဘုရားကိုသတ်လိုတဲ့စိတ်နဲ့ သွေးခြည်ဥအောင် ပြုမူတဲ့အတွက် ပထမဦးဆုံး အနန္တရိယကံကြီး ပြုလုပ်လေပြီ'လို့ မိန့်တော်မူသည်။ ဘုရားရှင်၏ မိန့်ဆိုချက်ကို ကြားရသည့်အခါ ရဟန်းတော်များက 'ဒေဝဒတ်ဟာ ဘုရားရှင်ကို သေကြောင်းကြံနေတယ်'လို့ ပြောကြားကြ၏။ထိုသတင်းကို ကြားရသည့်အခါ ရဟန်းတော်များသည် ဘုရားရှင်သီတင်းသုံးတော်မူသည့် ကျောင်း

တော်ပတ်ပတ်လည်မှာ အထပ်ထပ်ဝိုင်းရံထားကြပြီး တရားစာပေတွေကို ကျယ်ကျယ်ကြီး အော်ဟစ်ပြန်ဆိုကြကာ ဘုရားရှင်ကို စောင့်ရှောက်နေကြသည်။ ဘုရားရှင်သည် ထိုအကြောင်းကို အရှင်အာနန္ဒာ လျှောက်ထားချက်အရ သိရသည့်အခါ ရဟန်းတော်များကိုခေါ်တော်မူပြီး ဤ 'အဋ္ဌာနမေတံ'စသည့် ပါဠိကို မိန့်ကြားတော်မူခြင်းဖြစ်ပါသည်။

တစ်ချိန်သောအခါကလည်း ဒေဝဒတ်၏ အကြံပေးချက်အရ အဇာတသတ်ဘုရင်သည် နာဠာဂီရိဆင်ကြမ်းကြီးအား အရက်များကို ခါတိုင်းတိုက်နေကျထက် တစ်ဆတိုးကာ (၁၆)ပုံးတိုက်စေပြီး ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာတော်မူသည့် ဘုရားရှင်နှင့် မျက်နှာချင်းဆိုင် စေလွှတ်ခိုင်းလိုက်သတဲ့။ နှာမောင်းကြီးကိုထောင်ပြီး ဘုရားရှင်ရှိရာသို့ ပြေးလာနေသည့် နာဠာဂီရိဆင်ကြမ်းကြီးကို အရှင်အာနန္ဒာနှင့် ရဟန်းတော်များ တွေ့မြင်သည့်အခါ 'ရှင်တော်မြတ်ဘုရား–လူတွေကိုသတ်တဲ့ နာဠာဂီရိဆင်ကြမ်းကြီး ရှေ့မှာလာနေပါတယ်ဘုရား၊ ရှောင်တိမ်းတော်မူပါဘုရား'လို့ ရဟန်းများက အရေးတကြီး ဝိုင်းလျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားမှာ ဣန္ဒြေမပျက်ဘဲ အေးအေးဆေးဆေးဖြင့်ပင် 'ချစ်သားရဟန်းတို့–လာကြ၊ မကြောက်ကြနဲ့'ဟု မိန့်တော်မူပြီး ဤ 'အဋ္ဌာနမေတံ' စသည့် ပါဠိကိုပင် မိန့်ကြားတော်မူပါသည်။ ဤနာဠာဂီရိဆင်ကြမ်းကြီးကို စေလွှတ်လုပ်ကြံမှုနှင်းမှာ ရဟန်းတော်များက သုံးကြိမ်လျှောက်တင်ကြသဖြင့် သုံးကြိမ်တိုင်တိုင် ဤ 'အဋ္ဌာနမေတံ'စသည့် ပါဠိကို မိန့်ကြားတော်မူရသည်ဟု ကျမ်းဂန်မှာလာပါသည်။

ဤပါဠိမှာ ဂါထာမဟုတ်ပါ။ စုဏ္ဏိယ(စကားပြေ)ပါဠိ ဖြစ်ပါသည်။ ဤပါဠိကား ရွှေကျင်သာသနာပိုင် သက်တော်ရှည်စံကင်းဆရာတော် စသည့် ရှေးဆရာတော်ကြီးများ အမြဲတစေ ရွတ်ဆိုတော်မူခဲ့ကြသည့် ပါဠိဖြစ်သည်။ ဆရာတော်ကြီးများက ဤဘုရားဟောပါဠိကို ရွတ်ဆိုသဖြင့် မိမိနှင့်တကွ ရွတ်ဆိုသည့်အခြားသူများပါ ဘေးအန္တရာယ် အမျိုးမျိုးမှ လွတ်မြောက်ကြသည်မှာ ကိုယ်တွေ့ဖြစ်ကြောင်း မိန့်ကြား

တော်မူကြ၏။ မီးဘေး၊ လေယာဉ်ပျံ ပျက်ကြသည့်ဘေး၊ ပလိပ်ရောဂါဘေး၊ သားရဲတစ္ဆေဘေးတို့မှ လွတ်မြောက်သည်တို့ကိုလည်း လွတ်မြောက်သူများက ပြောပြကြသည်။ အထူးသဖြင့် ဤပါဠိကို စွဲမြဲစွာ ရွတ်ပါက ဥပဒ္ဒဝေကာက်နှင့် မသေနိုင်ပါ။ ယုံယုံကြည်ကြည်ဖြင့် ရွတ်သင့်ကြပါသည်။

စံကင်းဆရာတော်ဘုရားကြီးကတော့ ဤပါဠိကို မေတ္တာပို့ပြီးမှ ရွတ်ဖို့မိန့်ကြားတော်မူပါသည်။ မေတ္တာမပို့ဘဲရွတ်ပါက ကိုယ့်အပေါ် မကောင်းကြံစည်သူများမှာ ထိခိုက်တတ်သောကြောင့် မိန့်တော်မူခြင်းဖြစ်ပါသည်။ ဤပါဠိကိုရွတ်ဆိုပြီးတိုင်း 'ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ'ဟု သစ္စာပြုပါက မြတ်စွာဘုရား၏အာဏာတန်ခိုး၊ သစ္စာတန်ခိုး နှစ်မျိုးစလုံး၏အကျိုးကိုရနိုင်ပါသည်။ ရွတ်ဆိုမည့် အကြိမ်အရေအတွက်ကိုတော့ မိမိတို့နှစ်သက်သလို ရွတ်ဆိုနိုင်ပါသည်။

●

# အခန်း (၁၅)

## ရာထူးတက်၊ စာမေးပွဲအောင်၊ ခိုးသားဓားပြဘေးကို ကာကွယ်စေသော မန္တန်

ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ။
အဟမ္ပိ တံ ဇာနာမိ ဇာနာမိ။

ဤဂါထာသည် ဓမ္မပဒအဋ္ဌကထာ၊ အပ္ပမာဒဝဂ်၊ စူဠပန္ထကတ္ထေရ ဝတ္ထုဥ္၌လာသော ဂါထာဖြစ်၏။ အနက်အဓိပ္ပာယ်မှာ–

တွံ– သင်သည်၊ ဃဋ္ဋေသိ– ချုပ်ချယ် ပြစ်မှားဘိ၏။ ဃဋ္ဋေသိ– ချုပ်ချယ် ပြစ်မှားဘိ၏။ ကိံ ကာရဏာ–အဘယ် သို့သောအကြောင်းကြောင့်၊ ဃဋ္ဋေသိ–ချုပ်ချယ်ပြစ်မှားလေဘိ သနည်း။ အဟမ္ပိ–ငါသည်လည်း၊ တံ ကာရဏံ–ထိုအကြောင်း ကို၊ ဇာနာမိ–သိ၏။ ဇာနာမိ–သိ၏။

## ဂါထာဖြစ်ပေါ်လာပုံအကျိုးအာနိသင်

ဤဂါထာဖြစ်ပေါ်လာပုံမှာ– ရှေးအခါက ဗာရာဏသီပြည်သား လူငယ်တစ်ယောက်သည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ယူရန် တက္ကသိုလ်ပြည်သို့သွားခဲ့၏။ သူသည် တက္ကသိုလ်ဆရာကြီး၏ တပည့် ငါးရာတို့တွင် ဆရာကြီးကိုအလုပ်အကျွေးအပြုဆုံး တပည့်တစ်ယောက် ဖြစ်၏။ ဆရာကြီးအား ခြေဆုပ်လက်နယ်ပြုခြင်းကအစ ကိစ္စခပ်သိမ်းကို ပြုလုပ်ပေး၏။ သို့ရာတွင် ဉာဏ်လေးသူဖြစ်သောကြောင့် တစ်စုံတစ်ခု သောပညာကိုမျှ မတတ်ရှာပေ။ ဆရာကြီးက 'ဒီသူငယ်ဟာ ငါ့အတွက် အလွန်ကျေးဇူးများလှတယ်၊ သူ့ကို ပညာတတ်အောင်သင်ပေးမယ်' ဆိုပြီး ကြိုးစားသင်ပေးသော်လည်း သင်၍မတတ်ပေ။

သူငယ်မှာ တက္ကသိုလ်ဆရာကြီးထံတွင် အချိန်ကြာမြင့်စွာသင်ယူ သော်လည်း စာတစ်ပုဒ် တစ်ဂါထာကိုပင် မတတ်သည့်အတွက် ပျင်းရိ စိတ်ပျက်ပြီးပြန်တော့မည့်အကြောင်း ဆရာကြီးထံခွင့်ပန်၏။ဆရာကြီးက

'ဒီသူငယ်ဟာ ငါ့ကို အထူးကျေးဇူးပြုတဲ့အတွက် သူ့ကို ပညာရှိဖြစ်အောင် လုပ်ပေးချင်ပေမယ့် လုပ်လို့မရဘူး၊ ဒါပေမယ့် သူ့ကျေးဇူးကိုတော့ တုံ့ပြန်ရမယ်'ဟု စဉ်းစားပြီး သူငယ်ကို တောထဲသို့ခေါ်သွား၏။ တောထဲရောက်သည့်အခါ ဖော်ပြပါ 'ဃဋ္ဋေသိ'အစချီသည့် မန္တန်ကို စီကုံးဖွဲ့ဆိုပြီး သင်ပေး၏။ အကြိမ်တစ်ရာမက ပြန်လှန်ဆိုစေပြီးသည့်အခါ သူငယ်အား ရ,မရ မေး၏။ သူငယ်က မန္တန်ကိုရသည့်အကြောင်း ပြောသည့်အခါ လမ်းစရိတ်၊ ရိက္ခာတို့ကိုပေးပြီး 'ဒီမန္တန်နဲ့ အသက်မွေးပါ၊ မန္တန်ကို မမေ့ပျောက်သွားအောင် အကြိမ်ကြိမ်ရွတ်ဆိုပါ'ဟု မှာကြားပြီး ပြန်လွှတ်လိုက်သတဲ့။

သူငယ်သည် ဗာရာဏသီပြည်သို့ပြန်ရောက်သည့်အခါ မိဘများက 'ငါတို့သား အတတ်ပညာများသင်ပြီး ပြန်လာပေပြီ'ဟု သူငယ်အား ကြီးကြီးကျယ်ကျယ် ချီးမြှောက်၏။ ဗာရာဏသီပြည့်ရှင်ဘုရင်ကြီးသည် မြို့သူမြို့သားများက မိမိအပေါ် ဘယ်လိုသဘောထားကြသလဲ၊ မိမိကို ကြည်ညိုကြသလား၊ မကြည်ညိုကြဘူးလား'ဟု သိရန် ညအချိန်တွင် မထင်ရှားသောအသွင်ဖြင့် တစ်အိမ်ပြီးတစ်အိမ် အိမ်၏နံရံဘေးများသို့ ကပ်၍ စကားပြောသံကိုနားထောင်သောအားဖြင့် စုံစမ်း၏။ ထိုအချိန်တွင် ဥမင်လိုဏ်ခေါင်းတူးပြီးခိုးလေ့ရှိကြသော သူခိုးတို့သည် အိမ်နှစ်လုံးတို့၏ ကြားမှာ ဥမင်လိုဏ်ခေါင်းကိုတူးနေကြ၏။ ဘုရင်ကြီးသည် သူခိုးတို့ကို မြင်လျှင် သူခိုးတို့မမြင်အောင် အိမ်၏အရိပ်တွင် ဝင်ခိုနေသတဲ့။

ခိုးသူတို့သည် ဥမင်လိုဏ်ခေါင်းဖြင့် အိမ်တွင်းသို့ဝင်ကြပြီး ပစ္စည်းဥစ္စာဘဏ္ဍာများကို ကြည့်ရှုရှာဖွေကြသောအခါ တက္ကသိုလ်မှပြန်လာသော သူငယ်သည် ရုတ်တရက်လန့်နိုးပြီး 'ဃဋ္ဋေသိ, ဃဋ္ဋေသိ' စသော မန္တန်ကို ရွတ်ဆိုလိုက်၏။ ထိုအခါ ခိုးသူတို့သည် 'ဒီလူ တို့ကိုသိသွားပြီ၊ ငါတို့ကို ရိက်ပုတ်ဖျက်ဆီးလိမ့်မယ်'ဟုဆိုကာ ခြေဦးတည့်ရာထွက်ပြေးသွားကြ၏။ ဘုရင်ကြီးသည် လူငယ် မန္တန်ရွတ်၍ ခိုးသူများထွက်ပြေးသွားသည်ကိုသိရ၍ ထိုအိမ်ကိုမှတ်သားပြီး မိမိကိစ္စပြီးဆုံး

သောအခါ နန်းတော်သို့ပြန်လာခဲ့သည်။ နံနက်လင်းသည့်အခါ မင်းချင်းယောကျ်ားတစ်ယောက်ကိုခေါ်ပြီး ထိုအိမ်ရှိ မန္တန်ရွတ်သည့် သူငယ်အား ခေါ်ခိုင်း၏။ သူငယ်ရောက်လာသောအခါ ဘုရင်ကြီးက မိမိအား တက္ကသိုလ်မှသင်ယူခဲ့သော ပညာကိုသင်ပေးရန် ပြော၏။ သူငယ်က ဘုရင်ကြီးအား မန္တန်ကို သင်ပေးသောအခါ ဘုရင်ကြီးက သူငယ်အား ဆရာအဖြစ် အသပြာတစ်ထောင် ပူဇော်၏။

မကြာမီ ဘုရင်ကြီး၏စစ်သူကြီးသည် ဆတ္တာသည်ကိုခေါ်ပြီး 'သင့်ကို အခု အသပြာတစ်ထောင်ပေးမယ်၊ ဘုရင်ကြီးရဲ့မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်တဲ့အခါ မုတ်ဆိတ်ရိတ်တဲ့ဓားနဲ့ ဘုရင်ကြီးရဲ့လည်မျိုကို လှီးဖြတ်ပါ၊ သင့်ကိုစစ်သူကြီးရာထူးပေးမယ်၊ ငါကတော့ ဘုရင်လုပ်မယ်' ဟုပြော၏။ ဆတ္တာသည်က စစ်သူကြီးပြောသည့်အတိုင်း ဆောင်ရွက်မည်ဟု ဝန်ခံကတိပြုလိုက်၏။ နောက်တစ်နေ့တွင် ဆတ္တာသည်သည် ဘုရင်ကြီးကို မုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်သုတ်သင်သည့်အခါ နံ့သာရည်ဖြင့် မုတ်ဆိတ်ကျင်စွယ်ကိုဆွတ်လိမ်း၍ နဖူးကို ကိုင်မစဉ် 'သင်တုန်းဓားဟာ နည်းနည်းတုံးနေသေးတယ်၊ တစ်ချက်တည်းနဲ့ လည်ချောင်းရေမျိုကို ဖြတ်နိုင်အောင် ဓားသွေးဦးမှတော်မယ်' ဟု စဉ်းစားပြီး သင်ဓုန်းဓားကို အနီး၌ပင် သွေးနေ၏။

ထိုအချိန်တွင် ဘုရင်ကြီးသည် မိမိ မကြာမီကရထားသည့် မန္တန်ကို အောက်မေ့အမှတ်ရသဖြင့် 'ဃဋ္ဋေသိ၊ ဃဋ္ဋေသိ' စသည်ဖြင့် မန္တန်ကို ရွတ်ဆိုသရဇ္ဈာယ်လိုက်၏။ ထိုရွတ်သံကိုကြားရသည့်အခါ ဆတ္တာသည်၏ နဖူးမှချွေးများ စီးကျလာ၏။ ဆတ္တာသည်မှာ 'ဘုရင်ကြီး ငါ့အကြံကို သိသွားပြီ' ဟုထင်မှတ်ကာ သင်ဓုန်းဓားကိုအောက်သို့ပစ်ချပြီး ဘုရင်ကြီး ခြေရင်း၌ ဝပ်စင်းခစား၏။ ထိုအခါ ဘုရင်ကြီးက 'ဟဲ့-ယုတ်မာ ကြမ်းကြုတ်တဲ့ ဆတ္တာသည်၊ ဘုရင်ကြီးဟာ ငါလုပ်တာကို ဘာမှ သိမယ်မဟုတ်ဘူးဆိုပြီး သင်ပြုလုပ်သလား' ဟု ခြိမ်းခြောက်၏။ ဆတ္တာသည်က 'အရှင်မင်းမြတ်၊ အကျွန်ုပ်အသက်ကိုချမ်းသာပေးတော်မူပါ' ဟု

ပြန်လျှောက်သည့်အခါ ဘုရင်ကြီးက– 'ရှိစေတော့၊ ဘာမှမကြောက်နဲ့၊ အကြောင်းစုံကိုသာလျှောက်တင်'ဟု မိန့်တော်မူ၏။ ဆတ္တာသည်က ဖြစ်ကြောင်းကုန်စင် လျှောက်တင်သည့်အခါ ဘုရင်ကြီးသည် 'ငါဟာ မန္တန်သင်ပေးသည့် ဆရာကလေးကြောင့် အသက်ချမ်းသာရပေတယ်' ဟု စဉ်းစားပြီး သေကြောင်းကြံသူ စစ်သူကြီးကိုခေါ်ကာ ပြည်နှင်ဒဏ် ပေးလိုက်၏။ မန္တန်သင်ပေးသည့် ဆရာကလေးကို ခေါ်ခိုင်းပြီး ကြီးစွာသော ပူဇော်သက္ကာရပြုကာ စစ်သူကြီးရာထူး၌ ခန့်ထားလိုက်ပေသည်။

ဤကဲ့သို့ တက္ကသိုလ်ဆရာကြီးသင်ပေးလိုက်သည့် ဤ'ဃဋ္ဋေသိ' အစချီသောမန္တန်ကို အကြောင်းပြု၍ သူငယ်သည် ခိုးသူတို့၏ဘေးမှ လွတ်သည့်အပြင် ဘုရင်ကြီးထံမှ အသပြာတစ်ထောင် ဆရာပူဇော်ခ အဖြစ် ရလိုက်၏။ ဘုရင်ကြီးမှာလည်း ထိုမန္တန်ကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့၍ နောက်ဆုံးတွင် သူငယ်မှာ စစ်သူကြီးရာထူး ရရှိသွားပေသည်။ ဤသည်မှာ မန္တန်ဖြစ်ပေါ်လာပုံနှင့် မန္တန်၏တန်ခိုး၊ မန္တန်၏ အကျိုးများဖြစ်ပေသည်။

(၁) ဤမန္တန်ကို နေ့စဉ် ညအိပ်ရာဝင်တိုင်း ခုနစ်ခေါက် ရွတ်ပါ။ သူခိုးဓားပြအန္တရာယ်ကို ကာကွယ်နိုင်သည်။

(၂) မိမိကို သူတစ်ပါးတို့ကြံစည်လျှင် သိမြင်နိုင်သည်။

(၃) နံနက်အိပ်ရာထ မျက်နှာသစ်ပြီး ဘုရားရှေ့မှာ ၁၁–ခေါက် ရွတ်ပါ။ အန္တရာယ်ကိုကြိုသိနိုင်သည်။

(၄) စာမေးပွဲဖြေကာနီးသောအခါ သက်စေ့ ရွတ်ပါ။ စာမေးပွဲ အောင်မြင်နိုင်ပေသည်။

(၅) ခရီးသွားလျှင် ၉–ခေါက်ရွတ်ပါ။ ကျရောက်မည့်အန္တရာယ် ကို ကာကွယ်နိုင်သည်ဟု ဂုဏ်တော်ရောင်ခြည်ကျမ်း၌ ညွှန်း ထား၏။

## အခန်း (၁၆)

## အန္တရာယ်ကင်း၊ လာဘ်ပေါ်များခြင်းကိုပေးစွမ်းသော သမ္ဗုဒ္ဓေဂါထာတော်ကြီး

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

(၃) နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ဤသမ္ဗုဒ္ဓေဂါထာတော်များသည် ဘုရားဟောဂါထာတော်များလည်း မဟုတ်။ ထေရဝါဒပိဋကဟု သတ်မှတ်ထားသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ၌လာရှိသော ဂါထာများလည်း မဟုတ်ချေ။ သီဟိုဠ်(သီရိလင်္ကာ)ကျမ်းဂန်တတ် ရဟန်းတော်များနှင့် မြန်မာကျမ်းဂန်တတ် ရဟန်းတော်တို့ ပိဋကတော်လာအကြောင်းအရာများနှင့်အညီ စီကုံးဖွဲ့ဆို အသုံးပြုခဲ့သည့် ဂါထာတော်များဖြစ်သည်။

### ဂါထာများ၏ အနက်အဓိပ္ပာယ်များ

(၁) အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ထင်လင်းပွင့်ပေါ် ဘုရားရှင်ကိုယ်တော် မြတ်တို့ကိုလည်းကောင်း။ ဒွါဒသဉ္စသဟဿကေ၊ တစ်သောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ ကိုးသင်္ချေအတွင်း ထင်လင်း ပွင့်ပေါ် ဘုရားရှင်ကိုယ်တော်မြတ်တို့ကိုလည်းကောင်း။ ပဉ္စသတ–သဟဿာနိ၊ ငါးသိန်းအရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေ၊ တစ်ဆယ့်ခြောက်သင်္ချေအတွင်း ထင်လင်းပွင့်ပေါ် ဘုရားရှင် ကိုယ်တော်မြတ်တို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။

သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏အရှင်ဘုရား။

(၂) ဝိဇ္ဇာကာဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်။ အပ္ပကာ၊ နည်းလှပေကုန်၏။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန်ဝင်စံပြီးကြကုန်သော။ ဇိနာ၊ ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။ အနန္တာ၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ရေတွက်ခြင်းငှာ အဆုံးအပိုင်းအခြား မရှိကြပါကုန်။ တေစ၊ ထိုဂင်္ဂါသဲလုံး ပုံနှုန်းမမျှ ပွင့်တော်မူကြကုန်သော သုံးလောကထွတ်တင် ဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ၊ ထိုဆိုခဲ့ပြီးငြား မြတ်စွာဘုရားတို့၏။ ဓမ္မဥ္စ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့ကိုလည်းကောင်း။ သံဃဥ္စ၊ ကလျာဏပုထုဇဉ် သမုတိသံဃာတော် အရိယာသံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန၊ ရိုသေစွာ။ နမာမိ၊ လက်စုံမိုးကာ ရှိခိုးပါ၏အရှင်ဘုရား။ (နမာမဟံ=နမာမိ အဟံ)

(၃) နမက္ကာရာ နုဘာဝေန၊ ရတနာမြတ် သုံးပါးနတ်တို့ကို ရှိသေမြတ်နိုးရှိခိုးရသော ကောင်းမှုရှိန်စော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ ဥပဒ္ဒဝေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော ဘေးဥပဒ်တို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကာ၊ တစ်ပါးမက များလှကုန်သော။ အန္တရာယာပိ၊ အန္တရာယ်အပေါင်း မကောင်းခြင်းဟူသမျှတို့သည်လည်း။ အသေသတော၊ အကြွင်းအကျန်မရှိသော အားဖြင့်။ ဝိနာသန္တု၊ နေခြည်ထိရောက် နှင်းရည်ပေါက်ကဲ့သို့ ကင်းစင်လွင့်ပျောက်၍ သွားကြပါစေကုန်သတည်း။

ဂါထာတော်များ၏ ဆိုလိုရင်းအဓိပ္ပာယ်အတိုချုပ်မှာ 'ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကိုလည်း ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ဂင်္ဂါဝါဠု သဲစုမက များပြားလှကုန်သော ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးကြသည့် ဘုရားရှင်တို့ကိုလည်း ရှိခိုးပါ၏။ ထိုဘုရားရှင်

တို့၏ တရားတော်နှင့်တပည့်သံဃာတော်များကိုလည်း ရှိသေစွာ အကျွန်ုပ် ရှိခိုးပါ၏။ ရတနာသုံးပါးတို့အား ရှိခိုးပူဇော်ရသည့် ကောင်းမှုရှိန်စော် အစွမ်းအာနုဘော်ကြောင့် အလုံးစုံသော ဘေးဥပဒ်အန္တရာယ် ရန် အသွယ်သွယ်တို့သည် အကြွင်းမဲ့ကင်းစင် လွင့်ပျောက်သွားကြပါစေကုန် သတည်း'ဟု ဘုရားရှိခိုးဆုတောင်းဂါထာများဖြစ်ပါသည်။ ဘုရား တစ်ဆူတည်းသာမဟုတ်ဘဲ ပွင့်တော်မူပြီးသမျှ ဘုရားအားလုံးကို ရှိခိုးသည့် ဂါထာတော်များဖြစ်၍ ထူးခြား၍ အစွမ်းထက်သော ဂါထာ တော်များဖြစ်သည်။

## ဂါထာတော်များဖြစ်ပေါ်လာပုံ

ဤ သမ္ဗုဒ္ဓေသုံးဂါထာတို့တွင် ပထမဆုံး အမှတ်(၁)ဂါထာကား သီဟိုဠ်နိုင်ငံဖြစ် ဂါထာဖြစ်ပါသည်၊ သောတတ္တကီနိဿယကျမ်းဆရာက နိဿယနိဒါန်းတွင် 'ဤဂါထာသည် ရှေးသီရိလင်္ကာ(သီဟိုဠ်ကျွန်း) နိုင်ငံသား ဆရာတော်များ စီရင်ရေးသားခဲ့သည့် ဘုရားရှိခိုးဂါထာ ဖြစ်သည်'ဟု မိန့်ဆိုထားပေသည်။

ဗုဒ္ဓအပဒါန်ပါဠိတော်တွင်– 'ငါသည် ရှေးရှေးဘုရားရှင်တို့၏အထံ တော်၌ စိတ်ဖြင့်သာလျှင် ဘုရားအဖြစ်ကို ဆုတောင်းခဲ့၏။ ထိုဆုတောင်း ခဲ့ရသော ဘုရားရှင်တို့ကား ရေတွက်မရ၊ အသင်္ချေယျ ဖြစ်ကုန်၏။ '(အဟာမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တမဘိပတ္ထယိံ။ မနသာယေဝ ဟုတ္វာန၊ ဓမ္မရာဇာ အသင်္ခိယာ)'–ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့ ပါသည်။

သောတတ္တကီကျမ်း၌ကား ထိုဗုဒ္ဓအပဒါန်ပါဠိတော်ကို ဖွင့်ဆိုသည့် သဘောဖြင့်– 'စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ၊ ကာယ ဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ–'ဟု မိန့်ဆိုထား၏။ အဓိပ္ပာယ်မှာ– 'ဂေါတမဘုရားအလောင်းသည် ခုနစ်သင်္ချေကာလပတ်လုံး ဘုရား အဖြစ်ကို စိတ်ဖြင့်သာကြံစည်တောင့်တခဲ့သည်၊ ကိုးသင်္ချေကာလပတ်လုံး နှုတ်ဖြင့်သာဆုတောင်းခဲ့သည်။ လေးသင်္ချေကာလပတ်လုံး ကိုယ်နှုတ်

နှစ်ပါးတို့ဖြင့် ဆုတောင်းခဲ့သည်။ ဤသို့ ကြံစည်ဆုတောင်းခဲ့သော ကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူရပြီ'ဟု ဆိုလိုပေသည်။

သောတတ္ထကီကျမ်းကား သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)၊ အနုရာဓ မြို့ မဟာဝိဟာရကျောင်းတိုက်နေ အရှင်စူဠဗုဒ္ဓဃောသမထေရ် ဖွင့်ဆို ရေးသားသည့်ကျမ်းဖြစ်သည်။အရှင်စူဠဗုဒ္ဓဃောသမထေရ်မှာ အဋ္ဌကထာ ကျမ်းပြုဆရာကြီး အရှင်မဟာဗုဒ္ဓဃောသမထေရ်နှင့် ခေတ်ပြိုင် ကျမ်း ဂန်တတ်ဆရာတော်ဖြစ်သည်။ ထိုကျမ်းကို ဂါထာ၊ စုဏ္ဏိယ နှစ်မျိုးဖြင့် ရေးသားစီရင်ထား၍ ဂါထာပေါင်း(၆၃၈)ဂါထာရှိ၏။

သောတတ္ထကီကျမ်းဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့၏ အကြောင်းအရာ အဖြစ်အပျက်တို့ကို ပြဆိုထားသော (ဗုဒ္ဓဝင်)ကျမ်းဟု ဆိုလိုသည်။ သုဂတတ္ထကီ ဟူသော ပါဠိမှ သဒ္ဒါကျမ်းလာ နိရုတ္တိနည်း အားဖြင့် 'သောတတ္ထကီ'ဟုဖြစ်လာသည်။ မြတ်စွာဘုရားတို့၏ အဖြစ် အပျက် အကြောင်းအရာများကား အဘယ်သို့နည်းဟု အဓိပ္ပာယ်ရ သည်။ (သုဂတ=မြတ်စွာဘုရားတို့၏+အတ္ထ=အကြောင်းအရာ+ကီ= အဘယ်နည်း)။

မှန်၏။ ယခု သာသနာတော်၌ သင်ယူလေ့ကျက်လျက်ရှိကြသည့် နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရကျမ်းဂန်များ၌ ဒီပင်္ကရာ ဘုရားလက်ထက် သုမေဓာအဖြစ်မှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌သာ ဂေါတမဘုရားလောင်း၏ဖြစ်စဉ်ကို ဖော်ပြကြသည်။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ၊ အရှင်ဥပသေန၊ အရှင်ဗုဒ္ဓဒတ္တ စသော အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ မပြဆိုဘဲ ထားခဲ့ကြသည့် ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာဘဝမတိုင်မီ (၁၆)သင်္ချေအတွင်း၌ ဖြစ်ပျက်ခဲ့သော ဂေါတမဘုရားလောင်း၏ အဖြစ် အပျက်များကို သောတတ္ထကီကျမ်း၌ အကျဉ်းချုံး၍ ဖွင့်ဆိုပြထားပါသည်။

ထို သောတတ္ထကီကျမ်း၏ အဆိုအမိန့်များသည် 'ပြဟ္မဒေဝဠ သမ္ဗုဒ္ဓံ၊ ဂေါတမံ လောကနာယကံ။ အဉ္ဇေသံ လောကနာထာနံ၊

သက်မန္တေ ဗဟုံ မယာ'ဟူသော ယသောဓရာထေရီအပဒါန်လာ ယသောဓရာထေရီ၏ လျှောက်ထားချက်များကိုလည်း ဖွင့်ပြသကဲ့သို့ ဖြစ်ပေသည်။ ဂါထာအဓိပ္ပာယ်မှာ 'ဗြဟ္မဒေဝ မြတ်စွာဘုရားကိုလည်းကောင်း၊ ပေါရာဏ ဂေါတမမြတ်စွာဘုရားကိုလည်းကောင်း ဖူးမြင်ဆုတောင်းခဲ့၍ တစ်ပါးကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ အကျွန်ုပ်နှင့် အရှင်ဘုရား၏ ပေါင်းဆုံရခြင်းသည် များလှပါပြီ'ဟု ဆိုလိုပေသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ သောတတ္တကီကျမ်းတွင် 'ဂေါတမဘုရားလောင်းသည် ဘုရားဖြစ်ရန် စိတ်ဖြင့်ကြံစည် တောင့်တခဲ့သည့်အချိန်ကာလမှာ ခုနစ်အသင်္ချေ ကြာသည်။ ထိုခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူခဲ့သောဘုရားရှင်ပေါင်းကား တစ်သိန်းနှစ်သောင်းငါးထောင်(၁၂၅၀၀၀)ဖြစ်သည်။ ထိုဘုရားရှင်များတွင် အစဆုံးဘုရားမှာ ဗြဟ္မဒေဝဘုရားဖြစ်သည်။

'နှုတ်ဖြင့်သာဆုတောင်းခဲ့ရသည့် ကိုးအသင်္ချေအတွင်း၌ ပွင့်တော်မူခဲ့သော ဘုရားပေါင်းမှာ သုံးသိန်းရှစ်သောင်းခုနစ်ထောင်(၃၈၇၀၀၀) ဖြစ်သည်။ ထိုဘုရားရှင်များတွင် ပေါရာဏဂေါတမဘုရားမှာ အစဆုံးဘုရားဖြစ်သည်။

'ထို့ကြောင့် ကျွန်ုပ်တို့ ဂေါတမဘုရားလောင်းသည် ၁၆-အသင်္ချေ (၇+၉) အတွင်း၌ ဗြဟ္မဒေဝဘုရားလက်ထက်မှစပြီး စိတ်ဖြင့်ကြံစည်ဆုတောင်းခဲ့သော ဘုရားပေါင်းမှာ တစ်သိန်းနှစ်သောင်းငါးထောင်။ ပေါရာဏဂေါတမဘုရားလက်ထက်မှစပြီး နှုတ်မြွက်ဆုတောင်းခဲ့သည့် ဘုရားပေါင်းမှာ သုံးသိန်းရှစ်သောင်းခုနစ်ထောင်ဖြစ်၍ ဘုရားပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် (၁၂၅၀၀၀ + ၃၈၇၀၀၀= ၅၁၂၀၀၀) ဖြစ်သည်'ဟု သောတတ္တကီကျမ်း၌ဖွင့်ဆိုထားပေးသည်။

ကိုယ်နှုတ်နှစ်ပါးဖြင့် ဆုတောင်းခဲ့သည့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ပွင့်တော်မူသော ဘုရားပေါင်းမှာ နှစ်ကျိပ်ခုနစ်ဆူ

ဖြစ်သည်။ ထိုတွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာဘုရား သုံးဆူတို့၏အထံတော်၌ နိယတဗျာဒိတ်မရခဲ့ဘဲ ဒီပင်္ကရာဘုရားအစ ကဿပဘုရားအဆုံးရှိသော နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့အထံ တော်၌သာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူနိုင်ခဲ့သည်။ ဤသို့ အားဖြင့် ဂေါတမဘုရားလောင်း အသင်္ချေ(၂၀)အတွင်း၌ ဖူးတွေ့ ဆုတောင်းခဲ့ရသည့် ဘုရားပေါင်းမှာ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ခုနစ်ဆူ(၅၁၂၀၂၇)ဖြစ်ပါသည်။ ဂေါတမဘုရားကို ထည့်ပေါင်း ရေတွက်လျှင် ဘုရားပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈)ဖြစ်ပါသည်။

ရှေးသီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) နိုင်ငံသား ကျမ်းဂန်တတ် ဆရာတော်တစ်ပါးက ဤသောတတ္ထကီကျမ်း ဖွင့်ဆိုချက်အရ (၂၀) အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ပွင့်တော်မူခဲ့ကြသည့် ဘုရားရှင် အပေါင်းတို့ကို ရည်မျှော်ရှိခိုးပူဇော်သည့် အဓိပ္ပာယ်ဖြင့် 'သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ'စသော ပထမဂါထာကို ရေးသားစီရင်ခဲ့ခြင်းဖြစ်ပါသည်။

ပုဂံခေတ်က ပုဂံပြည်၌ သီတင်းသုံးတော်မူသည့် ကျမ်းဂန်တတ် အရှင်ဉာဏဂမ္ဘီရထေရ်သည် 'တထာဂတုပ္ပတ္တိ'ကျမ်းကို ပါဠိဘာသာဖြင့် ရေးသားစီရင်တော်မူသည့်အခါ သီဟိုဠ်နိုင်ငံအဖြစ် သမ္ဗုဒ္ဓေဂါထာတော် ကို 'တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ၊ နမက္ကာရာ နုဘာ- ဝေန။ ပ၊ အသေသတော'ဟု တစ်ဂါထာနှင့် ဂါထာဝက်ဖြည့်စွက်ကာ ကျမ်းမပြုမီ ရတနာသုံးပါးကို ရှိခိုးခြင်း ကျမ်းဦးပဏာမကိုပြုခဲ့သည်ဟု သိရပေသည်။ တထာဂတုပ္ပတ္တိကျမ်းမှာ မြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဗုဒ္ဓဝင်ပင်ဖြစ်၏။ (တထာဂတ=ဘုရား၏+ဥပ္ပတ္တိ=ဖြစ်တော်စဉ်)၊ ကျမ်းပြု ဆရာတော်သည် ထိုကျမ်းကိုပြုစုစဉ်က သောတတ္ထကီကျမ်းကိုလည်း ကြည့်ရှုလေ့လာလိမ့်မည်ဟု ယူဆရသည်။

အကြောင်းကား- ဘုရားတစ်ဆူသည် ၂၄-သင်္ချေ၊ ကုဋေ ခြောက်ဆယ်၊ မိုလ်ခြေတစ်သိန်းသောသတ္တဝါများ ချွတ်ချွတ်တော်မူသည်

(စတုဂီသတိ အသင်္ချေယျ၊ ပ၊ ကောဖုဒ္ဓေါ ပမောစယိ)ဟု သောတတ္တကီ ကျမ်းလာ ဂါထာအတိုင်းနည်းပါ တထာဂတုပ္ပတ္တိကျမ်းတွင် ထည့်သွင်း ရေးသား စီရင်ထားသည်ကို တွေ့ရသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ, နိဗ္ဗုတာ ဇိနာ' မပါ 'တေသံ ဓမ္မဥ္စ သံဃဥ္စမှအဆုံး အသေသတော'အထိ တစ်ဂါထာ နှင့် တစ်ဝက်ကား တထာဂတုပ္ပတ္တိကျမ်းပြုဆရာ ဖြည့်စွက်ရေးသား စီရင်ခဲ့သည့် မြန်မာနိုင်ငံဖြစ်ဂါထာများ ဖြစ်သည်။

ဒုတိယဂါထာမှာ 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ' ဂါထာဝက်ကား ပဥ္စမသံဂါယနာတင် မင်းတုန်းဘုရင်ကြီးခေတ်အထိ မရှိသေးပေ။ မန္တလေးနန်းမြို့တော်ကြီးကို တည်ဆောက်ရာတွင် အင်္ဂါ အကွယ်အဖြစ် အသုံးပြုခဲ့သည့် သမ္ဗုဒ္ဓေအင်းတွင် 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ'ဟူသော ဂါထာဝက် မပါသောကြောင့် ဖြစ်သည်။

နောက်ပိုင်းရောက်မှ ဒုတိယဂါထာမှာ ဂါထာတစ်ဝက်မျှသာရှိသော ကြောင့်လည်းကောင်း၊ (၂၀)အသင်္ချေနှင့် ကမ္ဘာတစ်သိန်းမတိုင်မီက ပွင့်တော်မူခဲ့ကြသည့် အနန္တဘုရားရှင်တို့ကို ရှိခိုးပူဇော်လိုသောကြောင့် လည်းကောင်း၊ ပညာရှင်တို့က ဤ 'အပ္ပကာ ဝါဠုကာ' စသော ဂါထာဝက်ကို ဂါထာ(၃)ပုဒ်ဖြစ်အောင် ဖြည့်စွက်လိုက်ကြခြင်းဖြစ်ပေ သည်။ ဤသို့အားဖြင့် သမ္ဗုဒ္ဓေ(၃)ဂါထာတွင် ပထမဂါထာသည် သီဟိုဠ် နိုင်ငံဖြစ် ဂါထာဖြစ်၍ ဒုတိယဂါထာနှင့် တတိယဂါထာတို့မှာ မြန်မာ ပြည်ဖြစ် ဂါထာများဖြစ်ကြသည်။

## ဂါထာများ၏ တန်ခိုးစွမ်းအင် အာနိသင်

ဤ သမ္ဗုဒ္ဓေဂါထာတော်များကား မြန်မာနိုင်ငံတွင် ပုဂံခေတ်ကပင် စတင်ပေါ်ပေါက်လာခဲ့သဖြင့် မြန်မာဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ရွတ်ဆို အသုံးပြုခဲ့ကြသည့် နှစ်ပေါင်းမှာ ကြာညောင်းခဲ့လေပြီ။ ဗုဒ္ဓဘာသာဝင်

ဖြစ်လျှင် သမ္ဗုဒ္ဓေဂါထာတော်များကို မရသူ မရွတ်သူ အလွန်ရှား၏။ ကလေးဘဝကပင် ရကြ ရွတ်ကြ၏။ ဤဂါထာတော်များမှာ ပွင့်တော်မူပြီးသမျှ ဘုရားရှင်အားလုံးကို ရှိခိုးပြီး ဆုတောင်းသည့်ဂါထာတော်များ ဖြစ်၍ 'ဝေံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ၊ အစိန္တိယေျ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော'ဟု ဘုရားဟောတော်မူထားသည့်အတိုင်း ဘုရားအရာ၊ ဂုဏ်တော်အရာတို့မှာ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်များပြားသော ဘုရားရှင်တို့ကို ရွတ်ဆိုကြည်ညို ရှိခိုးသည့်သူအား ကြံစည်၍မရနိုင်လောက်အောင် ဆန်းကြယ်များပြားသော ကောင်းကျိုးတရားများ ဖြစ်ပွားပေါ်ပေါက်လာနိုင်သည့် ဂါထာတော်များဖြစ်၏။

သမ္ဗုဒ္ဓေဂါထာတော်များကို မှန်မှန်ရွတ်ဆိုရှိခိုးသဖြင့် မိမိအိမ်တစ်လုံးသာ မီးမလောင်ဘဲ မီးဘေးမှထူးဆန်းစွာလွတ်သူ၊ ဘုရင်ခံရာထူးကို အံ့သြဖွယ်ရာရရှိသူ၊ မိမိအရည်အချင်းနှင့် ရနိုင်ရန်အလွန်ခက်ခဲသည့် ပထမတန်းအတွင်းဝန်ရာထူးကိုရသူ၊ ဆုတောင်းပြည့်သူ၊ လေယာဉ်ပျံပျက်မည့်ဘေးမှ လွတ်မြောက်သူ၊ ရာဇဝတ်မှုနှင့် ချုပ်နှောင်ထားမှုတို့မှ လွတ်မြောက်သူ၊ ကားမှောက်ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရသော်လည်း ဒဏ်ရာပင်မရ၊ အသက်ဘေးမှလွတ်မြောက်သူ စသည်တို့ကိုတွေ့ရရာ ဤ သမ္ဗုဒ္ဓေဂါထာတော်များသည် ဂါထာပါဆုတောင်းအတိုင်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့ကို ကင်းပျောက်ကာကွယ်နိုင်သည့်အပြင် စီးပွားလာဘ်လာဘများလည်း ပေါ်များနိုင်ကြောင်း သိရှိရလေသည်။ ထို့ကြောင့် ကောင်းကျိုးလိုလား အမျိုးသား အမျိုးသမီးတို့သည် ဤသမ္ဗုဒ္ဓေဂါထာတော်များကို မိမိတို့စွမ်းနိုင်သမျှ နေ့စဉ်အချိန်မှန်မှန် ရွတ်ဆိုရှိခိုး ဆုတောင်းသင့်ပေသည်။

●

# အခန်း (၁၇)

## အရာရာသိဒ္ဓိပေါက်အောင်မြင်နိုင်သော ပဌမံဂါထာ

ပဌမံ သကလက္ခဏာ မေကပဒံ၊
ဒုတိယာဒိ ပဒဿ နိဒဿနတော။
သ–မ–နိ, ဒု–နိ–မာ၊ သ–မ–ဒူ, သ–နိ–ဒူ၊
ကမတော ဝိဘဇေ ပဌမေန ဝိနာ။

ဤဂါထာသည် အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိုဟ်ကျမ်းကို ပါဠိဘာသာဖြင့် အကျယ်ဖွင့်ဆိုပြတဲ့ 'သခေ်ပဝဏ္ဏနာဋီကာ'မှာပါသည့် ဂါထာဖြစ်သည်။

သခေ်ပဝဏ္ဏနာဋီကာမှာ ပုဂံခေတ်နရပတိစည်သူမင်းကြီးလက်ထက်တွင် ကျမ်းတတ်အကျော် အရှင်သဒ္ဓမ္မဇောတိပါလ ဆရာတော်ရေးသား ပြုစုခဲ့သည့် ဋီကာကျမ်းဖြစ်သည်။ အရှင်သဒ္ဓမ္မဇောတိပါလဆရာတော်သည် ဤဋီကာကျမ်းအပြင် သုတ္တနိဒ္ဒေသ သဒ္ဒါကျမ်း၊ ဝိနယဂုဠတ္ထဒီပနီကျမ်း၊ သီမာလင်္ကာရဋီကာကျမ်း၊ နာမစာရဒီပကကျမ်း၊ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပဒကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့ပေသည်။ ထိုဆရာတော်သည် သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)မှာ ရဟန်းဖြစ်ပြီး (၁၀)နှစ်တိုင်တိုင် ပိဋကတ်စာပေကျမ်းဂန်များကို သင်ကြားခဲ့ဖူးသော ပုသိမ်မြို့နယ်၊ ဆပ္ပဒရွာသားဖြစ်၏။ ထို့ကြောင့် ပုဂံခေတ်က 'သီဟိုဠ်ပြန် ရှင်ဆပ္ပဒမထေရ်'ဟု ကျော်ကြားထင်ရှားခဲ့ပါသည်။ ယခုဖော်ပြပါ ဂါထာကို သခေ်ပဝဏ္ဏနာဋီကာကျမ်းမှာပဲ ပထမဆုံးတွေ့ရှိရသည့်အတွက် ထိုဆရာတော်ဘုရားပင် သီကုံးရေးသားခဲ့သည်ဟု ယူဆရပေသည်။

### ဂါထာ၏အနက်

ပဌမံ= ရှေးဦးစွာသော။ ကေပဒံ၊ တစ်ခုသောပုဒ်သည် (ဝါ) တစ်ခုသော အနက်အဖို့သည်။ သလက္ခဏံ= မိမိ၏

သဘောလက္ခဏာ အနက်သည်။ ဟောတိ=ဖြစ်၏။ ဒုတိယာဒိပဒဿ- ဒုတိယစသောပုဒ်ကို (ဝါ) ဒုတိယစသော အနက်အဖို့ကို၊ သ-မ-နိ- သမုဒယသစ္စာ, မဂ္ဂသစ္စာ, နိရောဓသစ္စာတို့ကိုလည်းကောင်း၊ ဒု-နိ-မာ- ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကိုလည်းကောင်း၊ သ-မ-ဒု- သမုဒယသစ္စာ, မဂ္ဂသစ္စာ, ဒုက္ခသစ္စာတို့ကိုလည်းကောင်း၊ သ-နိ-ဒု- သမုဒယသစ္စာ, နိရောဓသစ္စာ, ဒုက္ခသစ္စာတို့ကိုလည်းကောင်း၊ နိဒဿတော-ထောက်ဆ၍မြင်ရသောကြောင့်။ ပဋ္ဌမေန-ပဋ္ဌမအနက်နှင့်။ ဝိနာ-ကင်း၍။ ကမတော-အစဉ်အတိုင်း။ ဝိဘဇေ-ဝေဖန်ယူရာ၏။ (သကလက္ခဏမေကပဒံ-ကို၊ သကလက္ခဏံ ကေပဒံဟု ပုဒ်ခွဲ)။

## မြန်မာပြန်

သစ္စာတစ်ပါးတစ်ပါးတွင် အနက်လေးပါးစီရှိရာ ပထမဆုံးအနက်မှာ မိမိသစ္စာ၏ကိုယ်ပိုင်သဘောလက္ခဏာအနက် ဖြစ်သည်။ ဒုတိယ, တတိယ, စတုတ္ထအနက်တို့ကား- ဒုက္ခသစ္စာအဖို့ သမုဒယ၊ မဂ္ဂ၊ နိရောဓသစ္စာ သုံးပါးတို့ကို ထောက်ဆ၍လည်းကောင်း (သ-မ-နိ)၊ သမုဒယသစ္စာအဖို့ ဒုက္ခ၊ နိရောဓ၊ မဂ္ဂသစ္စာ သုံးပါးတို့ကို ထောက်ဆ၍လည်းကောင်း(ဒု-နိ-မာ)၊ နိရောဓသစ္စာအဖို့- သမုဒယ၊ မဂ္ဂ၊ ဒုက္ခသစ္စာ သုံးပါးတို့ကို ထောက်ဆ၍လည်းကောင်း (သ-မ-ဒု)၊ မဂ္ဂသစ္စာအဖို့- သမုဒယ၊ နိရောဓ၊ ဒုက္ခသစ္စာ သုံးပါးတို့ကို ထောက်ဆ၍လည်းကောင်း (သ-နိ-ဒု)ရရှိသော အနက်တို့ဖြစ်ကြသည်။

သစ္စာလေးပါးတွင် တစ်ပါးတစ်ပါး၌ အနက်လေးပါးရှိရာ ပထမအနက်မှာတစ်ပါး ကျန်အနက်သုံးပါးတို့မှာ သစ္စာလေးပါးအစဉ်အတိုင်း သ-မ-နိ၊ ဒု-နိ-မာ၊ သ-မ-ဒု၊ သ-နိ-ဒု လေးပုဒ်လာ သစ္စာသုံးပါး၊ သုံးပါးစီကို ထောက်ဆ၍ ရရှိသောအနက်များဖြစ်ကြသည်ဟု ဆိုလို

ပါသည်။ ဤဂါထာ၌ နီ-မှာ နိရောဓသစ္စာ၏ အစပုဒ်၊ မာ-မှာ မဂ္ဂသစ္စာ၏အစပုဒ်၊ ဒူ-မှာ ဒုက္ခသစ္စာ၏ အစပုဒ်တို့ဖြစ်ကြသည်။ ဆန်းကျမ်းနှင့်အညီ သ,ဂိုဏ်းချည်းဖြစ်အောင် နိ,ကို နီ၊ မ,ကို မာ၊ ဒု,ကို ဒူဟု သံရှည်ပြုကာ ဖွဲ့ဆိုထားခြင်းဖြစ်သည်။

## အဓိပ္ပာယ်အကျဉ်း

ဤဂါထာ၏အဓိပ္ပာယ်မှာ ရှုပ်ထွေးသဖြင့် အတန်ငယ်ရှင်းပြပါဦးမည်။ သစ္စာလေးပါးတွင် တစ်ပါးတစ်ပါး၌ အနက်လေးချက်ရှိသည်။ ဤအနက်လေးချက်တွင် ပထမဆုံးအနက်သည် ဆိုင်ရာသစ္စာ၏ ပင်ကိုသဘောလက္ခဏာကို ဖော်ပြသောအနက်ဖြစ်သည်။ ဒုတိယ, တတိယ, စတုတ္ထအနက်များမှာ ကျန်သစ္စာသုံးပါးကို ထောက်ဆ၍ ရရှိသောအနက်များဖြစ်ကြသည်။

ဥပမာအားဖြင့် ဒုက္ခသစ္စာ၌ 'နှိပ်စက်, ပြုပြင်၊ ပူပင်, ဖောက်လွဲ၊ ဒုက္ခမြဲ'ဆိုသည့်အတိုင်း နှိပ်စက်ခြင်းအနက်၊ ပြုပြင်စီရင်အပ်သောအနက်၊ ပူပန်ခြင်းအနက်၊ ဖောက်ပြန်ခြင်းအနက်ဟူ၍ အနက်လေးပါးရှိသည်။ ထိုတွင် ပထမဆုံးဖြစ်သည့် နှိပ်စက်ခြင်းအနက်မှာ ဒုက္ခသစ္စာ၏ ပင်ကိုမူလအနက်ပင်ဖြစ်၏။ လောဘသမုဒယရှိနေသောကြောင့် ပြုပြင်ပေးရခြင်း၊ ပြုစုပျိုးထောင်ပေးရခြင်းဖြစ်လာရသဖြင့် ပြုပြင်စီရင်အပ်သောဒုတိယအနက်မှာ သမုဒယသစ္စာကိုထောက်၍ ရလာသောအနက် ဖြစ်သည်။ တတိယဖြစ်သည့် ပူပန်ခြင်းအနက်မှာ ရေစင်အသွင် အေးမြကြည်လင်သော မဂ္ဂသစ္စာမှ ထောက်၍ရသည့် အနက်ဖြစ်၏။ နိဗ္ဗာန်ခေါ် နိရောဓသစ္စာကား တည်တံ့မြဲမြံ၍ ဖောက်ပြန်ခြင်းသဘောမရှိ၊ ဤနိရောဓသစ္စာမှထောက်လျှင် ဒုက္ခသစ္စာမှာ မတည်မမြဲ ဖောက်လွဲဖောက်ပြန်သည့် စတုတ္ထအနက်ဖြစ်ပါသည်။ ဤသည်မှာ ဒုက္ခသစ္စာ၏ အနက်လေးချက်ကို ဂါထာလာဒုက္ခသစ္စာနှင့်ဆိုင်သည့် (သ-မ-နီ)ပုဒ်အရ ရှင်းပြခြင်းဖြစ်ပါသည်။

ထို့အတူ သမုဒယသစ္စာ၏အနက်လေးချက်ကို (ဒု–နိ–မာ)၊ နိရောဓသစ္စာ၏အနက်လေးချက်ကို(သ–မ–ဒူ)၊ မဂ္ဂသစ္စာ၏အနက်လေးချက်ကို (သ–နိ–ဒူ)ပုဒ်တို့နှင့် အစဉ်အတိုင်း တွဲစပ်နားလည်ကြရန်ဖြစ်ပါသည်။

သစ္စာတစ်ပါးတစ်ပါး၌ အနက်လေးပါးစီရှိ၍ သစ္စာလေးပါးမှာ အနက်တစ်ဆယ့်ခြောက်နက် ဖြစ်သည်။ ဤသည်ကိုပင် 'သစ္စာအနက် ၁၆–ချက်'ဟု ခေါ်ဝေါ်ပြောဆိုကြခြင်းဖြစ်သည်။ ဤဂါထာ၌ သစ္စာအနက် ၁၆–ချက်ကို ဖော်ပြမထားသော်လည်း သစ္စာအနက် ၁၆–ချက်ဖြစ်ပုံကို အကျဉ်းချုပ်လမ်းညွှန် ဖော်ပြထားသဖြင့် ဤဂါထာကို 'သစ္စာအနက် ၁၆–ချက်ပြဂါထာ'ဟူ၍လည်းကောင်း၊ ဂါထာအစတွင် 'ပဋ္ဌမံ'ဟုပါသောကြောင့် 'ပဋ္ဌမံဂါထာ'ဟူ၍လည်းကောင်း ရှေးပညာရှင်များ ခေါ်ဝေါ်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။

## ဂါထာ၏စွမ်းအင်သတ္တိ

ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကတော့ မနောရထပူရဏီ ခေါ် သင်္ဂြိုဟ်ခက်ဆစ်အလင်းပြကျမ်းတွင် သမုစ္စည်းပိုင်း၊ သစ္စာလေးပါးပြဆိုခန်း၌– 'ဋီကာအလာ အရာရာသိဋ္ဌိပေါက်အဆောင်ဂါထာကိုပြဆိုခြင်း'ဟု ခေါင်းစီးတပ်ထားပြီး 'ဤဂါထာကားတစ်ပါဒ၊ တစ်ပါဒ၌ သ,ဂိုဏ်း လေးခုစီရှိသော တောဋကဂါထာတည်း။ လေနတ်သားစောင့်သော သ–ဂိုဏ်းချည်းဖြစ်၍လည်းကောင်း၊ သစ္စာအနက် ၁၆–ချက် အနက်သဘော မှန်ကန်သည်ဖြစ်၍လည်းကောင်း အာနုဘော်(အစွမ်းသတ္တိ)ထက်မြက်လှသည်။ အကျိုးများစွာပေးနိုင်သည်။ ထို့ကြောင့် ရှေးသူဟောင်းတို့ အဆောင်အရွက်ပြုကြကုန်သည်။ 'ဤဂါထာကို အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်က ထင်ထင်ရှားရှား အကျိုးထူးခံစားခွင့်များရနိုင်ပေသည်'ဟု မိန့်ဆိုဖော်ညွှန်းထားသည်ကိုတွေ့ရသည်။

ထို့ကြောင့် ဤဂါထာသည် ရှေးသူတော်ကောင်းများ ယုံယုံကြည်ကြည်နှင့် အစဉ်အဆက် နည်းအမျိုးမျိုးနှင့်အသုံးချလာကြသည့် ဂါထာဖြစ်ကြောင်း ထင်ရှားပါသည်။

ဗုဒ္ဓဘာသာမှာ သစ္စာလေးပါးတရားတော်သည် အမြင့်ဆုံးအဆင့်ဖြစ်ပါသည်။ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင်သွားမှ လောကုတ္တရာချမ်းသာကို ရရှိနိုင်ပါသည်။ ဤဂါထာကို အချိန်မှန်မှန်ရွတ်ဆိုပွားများသူသည် လောကုတ္တရာချမ်းသာအထိမရရှိသည့်တိုင် အမြင့်ဆုံးသော လောကီချမ်းသာများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ကျေးဖူးရှင်ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက– 'အရာရာ သိဒ္ဓိပေါက်အဆောင်ဂါထာ'ဟု မိန့်ဆိုတော်မူထားခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုရသော် ရှင်တော်ဗုဒ္ဓ ဆုံးမလမ်းညွှန်ခဲ့သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ တရားတော်အလုံးစုံသည် သစ္စာလေးပါးမှ လွတ်သည့် တရားမရှိ (စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ)ဟု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်ကိုထောက်ရင် ဤဂါထာသည် ပိဋကတ်သုံးပုံလုံး အကျုံးဝင်သည့်ဂါထာဖြစ်ကြောင်း ထင်ရှားသိသာပေသည်။ ထို့ကြောင့် ဤဂါထာကို ရွတ်ဆိုပွားများသည့်အခါ၌ 'ငါသည် ပိဋကတ်သုံးပုံကို ရွတ်ဆိုနေသည်'ဟု စိတ်က ယုံကြည်ထားရမည်။ ဤကဲ့သို့ ယုံယုံကြည်ကြည်နှင့်ရွတ်ဆိုပါလျှင် 'ပိဋကတ်သုံးပုံ တစ်ကိုယ်လုံးခြုံဂါထာ'ဖြစ်သည့်အတွက် ပိဋကတ်သုံးပုံ တစ်ကိုယ်လုံးခြုံပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မည်ဖြစ်ပါသည်။

ဤဂါထာ ရွတ်ဆိုပွားများရကျိုးနှင့် ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့ကို သိသာရုံဖော်ပြပါမည်။ စာရေးသူသည် ဤဂါထာကို ၁၉၈၄–ခုနှစ်ကစတင်၍ ယုံယုံကြည်ကြည်နှင့် တစ်နေ့(၁၀၈)ခေါက် မှန်မှန် ရွတ်ဆိုပွားများခဲ့ပါသည်။ ရွတ်ဆို၍ (၅)လလောက်အကြာမှာ မမျှော်လင့်ဘဲ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့တွင် ကြီးကြပ်ရေးတာဝန်ဖြင့် အမှတ်မထင် ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ခဲ့ရသည်။ ဗုဒ္ဓဂယာမှ ပြန်ရောက်ပြီး မကြာမီမှာပင် ရာထူးတစ်ဆင့် တိုးမြှင့်ခြင်းခံရ၏။ ရာထူးတိုးပြီး မကြာမီမှာပင် ဌာနဆိုင်ရာအတွက်ရသည့် လေးဘီးကားကို မဲပေါက်ခဲ့သည်။ မကြာမီမှာ ပင်စင်ယူသည်။ ပင်စင်မယူမီ ခွင့်နှင့်

နေစဉ်မှာပင် ဘာသာရေးအဖွဲ့ကြီးတစ်ခု၌ လစာတစ်ထောင်ကျော်ဖြင့် ခေါ်ယူခန့်ထားခြင်းခံရသည်။ ဤသို့ ဆက်တိုက်အကျိုးထူးများကို ရရှိခြင်းမှာ ရေးအတိတ်ကံကြောင့်ဖြစ်သော်လည်း ထိုအတိတ်ကံအား ဤဂါထာကို ရွတ်ဆိုပွားများသည့်ကုသိုလ်ကံက အထောက်အပံ့ (ဥပတ္ထမ္ဘကသတ္တိ)ပေးမှုကြောင့်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ယခုလည်း စာရေးသူ အမြဲရွတ်လျက်ရှိပါသည်။ ယုံကြည်မှုသဒ္ဓါနှင့် နေ့စဉ် အချိန်မှန်မှန် ရွတ်ဆိုပွားများမှုဘာဝနာသာ အရေးကြီးသည်။ အနည်းဆုံး အကြိမ်သက်စေ့၊ အများဆုံး (၁၀၈)ကြိမ်ပြည့်အောင် 'သစ္စာအနက် ၁၆–ချက်ဂါထာဖြစ်တယ်'ဟု အာရုံစိုက်ပြီး နေ့စဉ်ရွတ်ဆိုရန် အကြံပြုပါသည်။

●

# အခန်း (၁၈)

## ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားနှစ်ဖြာကို ပေးစွမ်းနိုင်သောဂါထာ

တဟံ တဟံ ပါရမိသဥ္စယံ စယံ၊
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ။
နရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊
နမာ နမာနံ ဇိနပုင်္ဂဝံ ဂဝံ။

## ဂါထာ၏ အနက်

တဟံ တဟံ- ထိုထိုဘဝ၊ ကိုယ်တော်၏ဖြစ်ဖြစ်သမျှ၌။ ပါရမိသဥ္စယံ-မန္တိုင်းယှဉ်အပ်၊ မျှားမြတ်တုံရှောင်း၊ ပါရမီကုသိုလ်အပေါင်းကို။ စယံ-ဆည်းပူးတော်မူပြီးထသော။ သဗ္ဗိ-ကုသိုလ်နှစ်ဆီ၊ ပါရမီဘုန်းဟုန်၊ စိမ့်ထုံပွားစီး၊ သူတော်ကောင်းကြီးတို့သည်။ ဂတံ-သိမြင်တုံမြောက်၊ ဖြောင့်တန်းစွာ ရောက်အပ်သော။ သုခပ္ပဒံ-နိစ္စထာဝရ၊ မုချစင်စစ်၊ ချမ်းသာအေးမြကြောင်းဖြစ်သော။ ပဒံ-အမတဇေယျ၊ ရန်မျိုးကုန်သည့်၊ ရွှေဘုံကြငှန်း၊ နိဗ္ဗာန်နန်းသို့၊ ဂတံ-ရောက်တော်မူပြီးထသော။ နရာနရာနံ-လူနတ်ဗြဟ္မာ၊ သတ္တဝါအများ၊ သုံးဘုံသားတို့၏။ သုခသမ္ဘဝံ-ချမ်းသာအေးမြကြောင်း၊ စီးပွားကောင်းကို၊ ဘဝံ-ဖြစ်စေတော်မူတတ်ထသော။ အနမာနံ-မကိုင်းရှိုင်း, မညွတ်ခ၊ မရှိသေကြကုန်သော။ ဂဝံ-မိုက်မဲချာချူ၊ နွားနှင့်တူသော သူတို့ကို။ ဇိနပုင်္ဂဝံ-တုတ်ခားမပြ တရားချ၍၊ ဆုံးမကံမြစ်၊ အောင်မြင်နိုင်သော ယောက်ျားမြတ်ဖြစ်တော်မူထသော။ တံ ဗုဒ္ဓံ-ထိုသို့သောဂုဏ်၊ စိမ့်ထုံကျော်ဟီး၊ ဘုရားကိုယ်တော်မြတ်ကြီးကို(ထည့်)။ အဟံ-အကျွန်ုပ်သည်။ နမာ-နမာမိ-ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား။

ရွှေ့ဘုန်းကြီးကျောင်း ပညာသင်ကြားရေး၌ မင်္ဂလသုတ်၊ အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့ကို အစဉ်အတိုင်း သင်ယူကြရ၏။ ဤဂါထာတော်သည် နမက္ကာရဂါထာတော်များတွင် ပါဝင်သောဂါထာတစ်ပုဒ်ဖြစ်သည်။ 'နမက္ကာရ'ဆိုသည်မှာ ရှိခိုးမှုကိုပြုခြင်းဟု အဓိပ္ပာယ်ရ၏။ အမှန်အားဖြင့် နမက္ကာရပါဠိလာ ဂါထာတော်အများစုသည် ဘုရားရှင်၏ဂုဏ်တော်များကိုဖော်ကျူး၍ ရှင်မြူးစွာရှိခိုးသောဂါထာတော်များဖြစ်သည်။

ဤဂါထာတော်များနှင့် ပတ်သက်၍ မည်သည့်ကျမ်းဂန်တတ်ဆရာတော် စီကုံးရေးသားပြုစုထားခဲ့သည်ဟု ကျမ်းဂန်များနှင့် သာသနာဝင်, မဟာဝင်တို့၌ တိတိကျကျမိန့်ဆိုထားသည်ကိုမတွေ့ရပေ။ သို့ရာတွင် ဤဂါထာတော်များကို အဋ္ဌကထာကျမ်းပြုမထေရ်မြတ်ကြီး ဖြစ်တော်မူသော အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် စီရင်ရေးသား ပြုစုထားခဲ့သည်ဟု ဆရာစဉ်ဆက် ယူဆထားကြသည်ဟု သိရပေသည်၊ နမက္ကာရဂါထာများတွင် ဘုရားရှင်၏ဂုဏ်တော်များမှာလည်း စုံလှသည်။ ဂါထာစီကုံးဖွဲ့နွဲ့ပုံမှာလည်း အထက်တန်းကျလှ၏။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသမထေရ်ကြီး၏လက်ရာဟု ဆရာစဉ်ဆက် လက်ခံယူဆထားသည်မှာ ယုတ္တိရှိပါသည်။

## ဂါထာဖြစ်ပေါ်လာပုံ

ရှင်မဟာဗုဒ္ဓဃောသအလောင်းလျာသူငယ်ကို အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမဟာဗောဓိပင်အနီး ဃောသအမည်ရှိ ရွာကြီး၌ သာသနာတော်နှစ်(၉၀၀)ခန့်တွင် မွေးဖွားခဲ့သည်။ ရွာ၏အမည်ကိုအစွဲပြု၍ ဃောသဟု အမည်ပေးခဲ့၏။ ပုဏ္ဏားမျိုးဖြစ်၍ ၇–နှစ်သားအရွယ်မှာပင် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် သင်ကြားတတ်မြောက်ပြီးဖြစ်၏။ ပညာမာန်တက်ကာ အရပ်တကာလှည့်လည်ပြီး ပညာပြိုင်ကာအနိုင်ယူလေ့ရှိ၏။ တစ်ချိန်တွင် အရှင်ရေဝတရဟန္တာမထေရ်ကြီးသီတင်းသုံးသည့် ကျောင်းတိုက်သို့

ရောက်သွားရာ အရှင်မြတ်နှင့်ပညာပြိုင်ကြ၏။ ပုဏ္ဏားလုလင်ငယ် ဃောသမှာ မထေရ်မြတ်မေးတော်မူသည့် အဘိဓမ္မာပါဠိခေါ် ဗုဒ္ဓမန္တန်ကို မဖြေဆိုနိုင်သည့်အပြင် သူ၏အယူဝါဒ၌ ချွတ်ယွင်းချက်များကို မထေရ်မြတ်က ထောက်ပြခဲ့သည်။

ထို့ကြောင့် သူသည် ဗုဒ္ဓမန္တန်ကိုသင်ယူရန် အရှင်ရေဝတထံ ရဟန်းပြုခဲ့သည်။ မြတ်စွာဘုရား၏အသံကဲ့သို့ နက်နဲသည့်အသံရှိ၍ ကျော်စောထင်ရှားမည့်နိမိတ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာက 'ဗုဒ္ဓဃောသ'ဟု ဘွဲ့မည်ပေး၏။ ရှင်ဗုဒ္ဓဃောသသည် ပိဋကသုံးပုံကို သင်ယူတတ်မြောက်၍ ထိုကျောင်းတိုက်၌ပင် ဉာဏောဒယကျမ်းကိုစီရင်၍ ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာကို ပြုစီရင်ရန် ကြံစည်ထား၏။

ထို့နောက် ဆရာတော်အရှင်ရေဝတမထေရ်၏ တိုက်တွန်းချက်အရ သီဟိုဠ်အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ပြန်ဆိုရန် မဟာနာမမင်းအုပ်စိုးချိန်တွင် သီဟိုဠ်ကျွန်းသို့ကြွတော်မူ၏။ သီဟိုဠ်သို့ ရောက်သောအခါ မဟာဝိဟာရကျောင်းတိုက်ကြီးသို့သွား၍ မဟာပဓာနဃရခေါ် ကမ္မဋ္ဌာန်းကျောင်းကြီး၌ အရှင်သံဃပါလမထေရ်မြတ်ထံတွင် သီဟိုဠ်အဋ္ဌကထာအားလုံးနှင့် ထေရဝါဒတို့ကို သင်ယူပြီး၊ ဤမထေရ်တို့၏ အယူဝါဒတို့သည်သာ မြတ်စွာဘုရား၏အလိုတော် (ထေရဝါဒ)ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခဲ့၏။

ထို့ကြောင့် မဟာဝိဟာရကျောင်းတိုက်၌ သံဃာတော်များအား စည်းဝေးစေပြီး အဋ္ဌကထာအသစ်များကိုရေးသားစီရင်ရန် အကျွန်ုပ်အား အလုံးစုံသော ပိဋကတ်ပေစာတို့ကိုပေးကြပါဟု လျှောက်တောင်း၏။ သံဃာတော်များက သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ ဂါထာနှစ်ပုဒ်ကို ပေး၍ 'ဤဂါထာတို့နှင့် သင်၏စွမ်းရည်ကိုပြပါဦး၊ သင့်စွမ်းရည်ကို ကြည့်ရှုပြီးမှ ပိဋကတ်ပေစာအားလုံးကို အပ်နှင်းမည်'ဟု မိန့်ဆိုကြ၏။ ထိုအခါ အရှင်ဗုဒ္ဓဃောသမထေရ်သည် ထိုဂါထာများ၏အဖွင့်ဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို ရေးသားပြုစု၍ သံဃာတော်များအား

တင်ပြခဲ့သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းမှာ ဆဋ္ဌသံဂါယနာမူ ပထမတွဲ၊ ဒုတိယတွဲဟု အုပ်ကြီးနှစ်အုပ်ရှိသည်။ စာမျက်နှာပေါင်း(၈၀၀)ရှိသည်။

သံဃာတော်များမှာ ထိုကျမ်းကိုတွေ့မြင်လေ့လာကြရသောအခါ အလွန်နှစ်သက်ဝမ်းမြောက်ကြ၍ ပိဋကသုံးပုံပါဠိအဋ္ဌကထာတို့ကို ပါဠိဘာသာသို့ ပြန်ဆိုခွင့်ပြုလိုက်ကြသည်။ သို့သော် ပိဋကတ်တိုက်၏ တံခါးကြီးကိုတော့ ဖွင့်မပေးဘဲ မိမိအစွမ်းဖြင့်သာ ဖွင့်၍ကူးယူလေတော့ဟုဆို၏။ ထိုအခါ အရှင်ဗုဒ္ဓဃောသသည် ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဟုဆိုကာ ပိဋကတ်တိုက်တံခါးရှေ့မှာထိုင်ပြီး မြတ်စွာဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ တန်ခိုးတော်၊ ကံတော်၊ ဉာဏ်တော်၊ ပါရမီတော် အနန္တတို့ကို အာရုံပြုကြည်ညိုသဒ္ဓါပွားပြီး 'သုဂတံ သုဂတံ သေဋ္ဌံ' အစရှိသော နမက္ကာရဘုရားရှိခိုးကြီးကို ဖွဲ့နွဲ့စပ်ဆို ရှိခိုးပူဇော်လေ၏။

ယင်းသို့ ပိဋကတ်တိုက်ကြီး၏ရှေ့၌ ဂါထာများကို ရွတ်ဆိုပူဇော်ရှိခိုးလေရာ အမှတ်(၁၀)မြောက်ဖြစ်သည့် ဖော်ပြပါဂါထာကို ရွတ်ဆိုပြီးသည်နှင့်တစ်ပြိုင်နက် ပိဋကတ်တိုက်တံခါးကြီးသည် မြည်ဟီးပြီး အလိုအလျောက်ပွင့်သွားသည်ဟုဆိုပါသည်။ ထို့ကြောင့် ဤဂါထာကို ပိဋကတ်တိုက်တံခါးဖွင့်ဂါထာတော်ဟု ဆိုနိုင်ပေသည်။

## ဂါထာရွတ်ဆိုရကျိုး

ဤဂါထာကို အိမ်၌ဖြစ်စေ၊ ခရီးသွားရာ၌ဖြစ်စေ၊ ရွတ်ဆို ဘုရားရှိခိုးသူအား အပါယ်လေးပါးမှလည်း လွတ်နိုင်၏။ ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့မှ လွတ်မြောက်နိုင်၏။ စီးပွားချမ်းသာ တိုးတက်လာ၏။ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောအကျိုးစီးပွားဖြစ်ထွန်း၏။ နတ်မင်း, လူမင်း ဖြစ်နိုင်၏။ ယခုမျက်မှောက်ဘဝ၌ ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံ၍ အသက်ရှည်နိုင်၏။ လူအပေါင်းတို့၏ အပူဇော်ကို ခံရ၏။ တရားဘာဝနာ၌ မွေ့လျော်သူဖြစ်လာ၏။ လူအများက ချစ်ခင်မြတ်နိုးလာကြ၏။ နောက်ဆုံးတွင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ရောက်နိုင်၏ဟု

နမက္ကာရပါဠိတွင် ဂါထာလေးဂါထာတို့ဖြင့် ရွတ်ဆိုပူဇော်ရကျိုးတို့ကို ဖော်ပြထား၏။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ ဤဂါထာ၏အနက်ကိုပါဖြစ်စေ၊ အဓိပ္ပာယ်ကိုဖြစ်စေ အာရုံပြု၍ ရွတ်ဆိုရှိခိုးသောသူအား ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်ဖြစ်ပါသည်။ ဤကုသိုလ်သည် 'ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ'ဟု ပဒုမုတ္တရဘုရား ဟောတော်မူသည့်အတိုင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက် စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်နိုင်သည့်အကျိုးကို ကေန်မုချရရှိမည်ဖြစ်ပေသည်။ ထို့ကြောင့် ဤဘုရားရှိခိုးဂါထာပါဠိအနက် နှစ်ချက်လုံးကို ကျက်မှတ်၍ နေ့စဉ်မှန်မှန် အမြတ်တနိုး ရွတ်ဆိုရှိခိုးသင့်ကြပေသည်။

●

## အခန်း (၁၉)

## စာမေးပွဲအောင်ခြင်း စသောအကျိုးများရနိုင်သော ဂါထာ

ဒေဝါနံ နန္ဒနော ဒေဝေါ၊
ဒေဝဒေဝ နနန္ဒိနော။
ဝေဒဒီနေန ဝေဒေန၊
ဝေဒိ ဝေဒေန ဝေဒိနော။

### ဂါထာအနက်

ဒေဝါနံ–နတ်အပေါင်းတို့သည်။ နန္ဒနော–နှစ်သက်မြတ်နိုး အပ်သော။ ဒေဝေါ–နတ်တို့သေဌ်နင်း၊ သိကြားမင်းကြီးသည်။ နော–အကျွန်ုပ်တို့၏။ ဒေဝဒေဝ–ဒေဝဒေဝေ=နတ်ထက် နတ်ဖြစ်တော်မူသော။ ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင် ကိုယ်တော်မြတ်အပေါ်၌။ ဝေဒဒီနေန–ပညာဉာဏ်နည်းပါးလှ သောကြောင့်။ နနန္ဒိ–နှစ်သက်အားရခြင်းမရှိခဲ့ပေ။

အထ–ထိုအခါ၌(ထည့်)။ ဝေဒိနော–သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏။ ဝေဒေန–သဗ္ဗညုတဉာဏ်အား၊ စွမ်းပကား ဖြင့်။ (တဿ–ထိုသိကြားမင်း၏။ အဇ္ဈာသယံ–အလိုဆန္ဒ၊ အဇ္ဈာသယစိတ်ဓာတ်ကို၊ ဉတွာ–ပိုင်းခြားထင်ထင်၊ သိမြင်တော် မူ၍။ သကလံ အာသနံ–သိကြားမင်းစံရာ၊ မြကျောက်ဖျာ တစ်ခုလုံးကို။ နိသီဒိ–ကိုယ်တော်တစ်ခုလုံးဖြင့် လွှမ်းဖုံး၍ ထိုင်နေတော်မူ၏–ဟု ထည့်ပါ)။

တဒါ– ထိုအခါ၌(ထည့်)။ ဒေဝေါ–နတ်တို့သေဌ်နင်း၊ သိကြားမင်းကြီးသည်။ ဝေဒေန–မိမိဉာဏ်ပညာဖြင့်။ ဝေဒိ– ရှင်တော်ဘုရား၏တန်ခိုးတော်စွမ်းအားကို သိတော်မူပြီ။

## အဓိပ္ပာယ်အချုပ်

နတ်အပေါင်းတို့၏ နှစ်သက်မြတ်နိုးမှုကိုခံရသော သိကြားမင်းကြီးသည် ပညာဉာဏ်နည်းပါးလှသောကြောင့် အကျွန်ုပ်တို့၏ ဘုရားရှင်ကိုယ်တော်မြတ်အပေါ်၌ နှစ်သက်အားရခြင်းမရှိခဲ့ (ဝါ) အထင်အမြင်လွဲခဲ့၏။ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုသိကြားမင်းကြီး၏ အထင်အမြင်လွဲမှုဖြစ်နေသည့်စိတ်ဓာတ်ကို သိမြင်တော်မူ၍ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးတစ်ခုလုံးကို ကိုယ်တော်တစ်ခုလုံးဖြင့် လွှမ်းဖုံး၍ ထိုင်နေတော်မူ၏။ ထိုအခါမှ သိကြားမင်းကြီးသည် ရှင်တော်ဘုရား၏ တန်ခိုးတော်စွမ်းအားကို သိတော်မူပြီ။

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာသည် သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)သား အရှင်ဗုဒ္ဓရက္ခိတမဟာထေရ်မြတ်က မြတ်စွာဘုရား၏ဂုဏ်တော်များကို သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းများနှင့်တန်ဆာဆင်ပြီး အဆန်းတကြယ်ဂါထာအသွယ်သွယ်တို့ဖြင့် ဖွဲ့ဆိုချီးကျူးထားသည့် 'ဇိနာလင်္ကာရ' ကျမ်းတွင်ပါရှိသော ဂါထာဖြစ်ပါသည်။ ထိုကျမ်းတွင် အခန်းပေါင်း(၂၀)၊ ဂါထာပေါင်း(၂၇၉)ဂါထာပါရှိ၍ ဤဂါထာသည် (၁၂၅)နံပါတ်မြောက်ဂါထာဖြစ်၏။ ဒ,ဝ,န, အက္ခရာသုံးမျိုးမျှနှင့် ဖွဲ့ဆိုထားသည့်ဂါထာဖြစ်သည်ဟု ထိုကျမ်းမှာပင် မိန့်ဆိုထားပါသည်။ ဤဂါထာကိုရွတ်ဆိုသူများ ဘုရားရှင်၏ဂုဏ်တော်ကိုရည်မှန်းပြီး သဒ္ဓါကြည်ညိုစိတ်များကာ ဗုဒ္ဓါနုဿတိဘာဝနာပွားနိုင်ရန် ဤဂါထာနှင့်ပတ်သက်သည့်အကြောင်းအရာကို အနည်းငယ်ရှင်းပြပါဦးမည်။

ဗုဒ္ဓမြတ်စွာသည် ခုနစ်ဝါမြောက်မှာ မယ်တော်မိနတ်သား အမှူးရှိသည့် နတ်အပေါင်းတို့အား အဘိဓမ္မာတရား ဟောကြားတော်မူရန် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပါသည်။ သိကြားမင်းကြီးသည် ဘုရားရှင်ကိုဖူးမြင်ရသည့်အခါ 'ဘုရားရှင်ဟာ အခုဝါကို ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ ဝါဆိုတော်မူမယ်ထင်တယ်။ ဒီကျောက်ဖျာကြီး

ကလဲ အလျားယူဇနာခြောက်ဆယ်၊ အနံအပြန့် ယူဇနာငါးဆယ်၊ အမြင့် တစ်ဆယ့်ငါးယူဇနာရှိလို့ အလွန်ကြီးလွန်းနေပြီး ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ဟာ ဒီကျောက်ဖျာကြီးနဲ့စာရင် အလွန်သေးငယ်နေတယ်။ ဘုရားရှင်ဟာ ဒီကျောက်ဖျာကြီးပေါ်မှာသီတင်းသုံးရင် ဇန်းဆန်ကောကြီး အလယ်မှာ ငှက်ငယ်ကလေးနားနေသလို မတင့်မတယ် ကြည့်ရှုဖွယ် မကောင်းလေစွ'ဟု အကြံလွဲကာ စိတ်မချမ်းမသာဖြစ်နေရှာသည်။

ဤကဲ့သို့ သိကြားမင်းကြီး၏ အကြံမှားအမြင်မှားဖြစ်နေသည်ကို ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသည့်အတွက် နှစ်ထပ် သင်္ကန်းကြီးကို ကျောက်ဖျာကြီးတစ်ခုလုံး လွှမ်းမိုးမိအောင် ခင်းတော် မူလိုက်ပြီး တင်ပျဉ်ခွေအတွင်းမှာ ကျောက်ဖျာပြင်တစ်ခုလုံးကိုသွင်းကာ ထိုင်နေတော်မူလိုက်ပါသတဲ့၊ ထိုအခါမှာမှ သိကြားမင်းသည် ဘုရားရှင်၏ တန်ခိုးတော်အားအစွမ်းကို သိတော်မူပြီး မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုးကန်တော့သည်ဟု ကျမ်းဂန်၌ဆို၏။ ဤဂါထာသည် ဤ အကြောင်းအရာများကို ရည်ညွှန်းဖွဲ့ဆိုထားသော ဂါထာဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ဤဂါထာသည် မြတ်စွာဘုရား၏ဘဂဝါ ဂုဏ်တော်တွင်ပါရှိသည့် ဘုန်းတော်ခြောက်ပါးအနက် ဣဿရိယ ဘုန်းတော်တွင် 'ကိုယ်တော်ကို ကြီးချင်သလောက် ကြီးမားအောင်' ဖန်ဆင်းနိုင်စွမ်းရှိသည့် 'မဟိမာ'ဘုန်းတော်နှင့် 'ဘုရားအရာ မကြံသာ' ဆိုသည့် 'ဗုဒ္ဓဝိသယ အစိန္တေယျ'ဂုဏ်တော်များကို ချီးကျူးဖွဲ့ဆိုထား သည့် ဂါထာဖြစ်သည်။

ဤဂါထာကို အနက်ကိုပါကျက်ပြီး ရွတ်ဆိုပူဇော်လျှင် သို့မဟုတ် ယခုဖော်ပြသည့်အကြောင်းအရာများကို နှလုံးသွင်းပြီး ဂါထာချည်း သက်သက် ရွတ်ဆိုပူဇော်လျှင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်တဲ့အတွက် 'ဣမံသတိ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ'ဆိုသည့် ဘုရားဟော အတိုင်း 'ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်နိုင်'တဲ့အကျိုးတရားများကို ကေန်ခံစားရမည်

ဖြစ်သည်။ အထူးသဖြင့် စာမေးပွဲဖြေဆိုသူများ မဖြေမီရက်များတွင် အိပ်ရာဝင် အိပ်ရာထ (၁၀)ခေါက်စီရွတ်၍ စာဖြေစားပွဲထိုင်သည့်အခါ (၇)ခေါက်ရွတ်လျှင် စာမေးပွဲကိုအထူးအောင်မြင်နိုင်သည့်ဂါထာဖြစ်သည်။

## ကိုယ်တွေ့စာမေးပွဲအောင်မြင်သူ

ဤဂါထာကိုရွတ်ဆိုခဲ့သဖြင့် စာမေးပွဲကိုအောင်မြင်ခဲ့သူမှာ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဦးခင်ငွေ(ခင်ငွေ–စက်မှု)ဖြစ်ပါသည်။ အချိန်မှာ ဦးခင်ငွေ သည် အင်းစိန် မီးရထားစက်ခေါင်းပြင်စက်ရုံတွင် တာဝန်ထမ်းဆောင် နေရင်း နတ်မောက်လမ်းရှိ ညနေပိုင်းအင်ဂျင်နီယာသင်တန်းသို့ တက် ရောက်နေချိန်ဖြစ်၏။ ၁၉၅၁–ခုနှစ်ခန့်က ဖြစ်ပါသည်။

ကျောင်းဖွင့်စတစ်နေ့တွင် သူ၏မိတ်ဆွေ ဦးမြမောင်(ပန်းပဲဌာန)က 'ဟေ့–ခင်ငွေ၊ လက္ကရိယာရုံက ဦးဘရှင်ဆီမှာ ဂါထာစွမ်းတယ်လို့ ကြား တယ်၊ သူ့အိမ်ဘေးက ကောင်မလေးတစ်ယောက် သူပေးတဲ့ဂါထာနဲ့ ဆယ်တန်းအောင်သွားတယ်လို့ကြားတယ်၊ မင်းသွားတောင်းကြည့်ပါလား၊ ဒါပေမယ့် လူတိုင်းတော့ မပေးဘူးလို့ ကြားတယ်ကွ'ဟု သတင်းပေး လာသည်။ ဦးခင်ငွေ အားရဝမ်းသာစွာဖြင့် 'ဟာ–ဒါဆို အတော်ပဲ၊ အခုသွားတောင်းမယ်ဗျာ၊ ကျေးဇူးတင်တယ်'ဟု ပြောပြောဆိုဆို ဦးဘရှင် ရှိရာ လက္ကရိယာရုံသို့ထွက်လာခဲ့သည်။

ဦးဘရှင်ဆိုသူကား မူလက အခြားဘာသာဝင်တစ်ဦးဖြစ်သည်။ နောက် ဗုဒ္ဓဘာသာသို့ကူးပြောင်းပြီး ဗုဒ္ဓဘာသာကို လေးလေးနက်နက် ယုံကြည်ကာ ခြင်တော,မှက်တောထဲတွင် ပုတီးစိပ်တရားထိုင်သူအဖြစ် ထိုစဉ်က အင်းစိန်မီးရထားဌာနတွင် နာမည်ကြီးနေသူဖြစ်သည်။

ဦးဘရှင်က ဦးခင်အား ဂါထာရေးပေးပြီးနောက် ရွတ်ဆိုပုံ ရွတ်ဆို နည်းနှင့် နေ့နှင့်ည ရွတ်ဆိုရမည့် အကြိမ်အရေအတွက်၊ စာမေးပွဲခန်း၌ ရွတ်ဆိုရမည့် အကြိမ်အရေအတွက်များကိုပါ သေသေချာချာ မှတ်သား နိုင်း၏။ 'ဤဂါထာကို ဘယ်သူ့ကိုမှမပေးပါဘူး'ဆိုသည့် ကတိကိုလည်း ဦးခင်ငွေ ပေးရသည်ဟုဆို၏။

ဦးခင်မော ဤဂါထာမရမီက စာကြိုးစားသော်လည်း စာမေးပွဲ ဖြေတိုင်း ကျလို့ချည်းသာနေခဲ့သည်။ ဦးခင်မော ဤဂါထာကိုလည်း ရွတ်ဆိုခဲ့သည်။ စာကိုလည်း ကြိုးစားခဲ့သည်။ ထို့ကြောင့် ကျလို့ချည်း သာနေခဲ့သော စာမေးပွဲကို သုံးနှစ်ဆက်တိုက် ချောမောစွာအောင်မြင် ခဲ့သည်။ ထိုမှဆက်ပြီး အင်းစိန်စက်မှုလက်မှုသိပ္ပံ(ညနေပိုင်း)ကိုလည်း တက်ရောက်သင်ကြားပြန်ရာ သုံးနှစ်ဆက်တိုက်ပင် အောင်မြင်ခဲ့ပြန် ပါသည်။ ဤသို့ စာမေးပွဲများကို ဆက်တိုက်အောင်မြင်ခဲ့ခြင်းမှာ ဤ ဂါထာ၏ ထက်မြက်သောတန်ခိုးစွမ်းအင်ကြောင့်ဖြစ်သည်ဟု ဦးခင်ဧ (ခင်ဧ–စက်မှု)မှာ စွဲမြဲစွာယုံကြည်လျက်ရှိပေသည်။

ဦးခင်ဧ စွဲမြဲယုံကြည်ခြင်းမှာ သူ၏တကယ့်အဖြစ်အပျက် ကိုယ်တွေ့ အရ ယုံကြည်ခြင်းဖြစ်၍ ကြောင်းကျိုးဆီလျော်သော ယုံကြည်မှုဟု ဆိုရပေမည်။ ထို့ကြောင့် စာမေးပွဲနှင့်မကင်းကြသေးသည့် ရဟန်းရှင်လူ အားလုံးတို့သည် စာမေးပွဲအောင်မြင်ရေးအတွက် ရှေ့ပိုင်းတွင် လမ်းညွှန် ခဲ့သည့်အတိုင်း ဤဂါထာကိုရွတ်ဆိုပူဇော်သင့်ကြပေသည်။

သို့ရာတွင် ဤဂါထာသည် စာလုံးဝမကြိုးစားသူကိုတော့ အောင်မြင် အောင် စွမ်းနိုင်မည်မဟုတ်ပါ။ ဆိုင်ရာစာတို့ကို ကြိုးစားကျက်မှတ် ထားပါလျက် စာမေးပွဲကျရှုံးနေသူမျိုးကိုသာ ဤဂါထာက အောင်မြင် အောင် စွမ်းဆောင်နိုင်မည်ဆိုသည့်အချက်ကို အလေးအနက် သတိ ထားရန်လိုပါသည်။

စာကိုလည်းကြိုးစား၊ ဤဂါထာကိုလည်းရွတ်ပွားပါဟု ဆိုလိုပေ သည်။ ဤဂါထာသည် ဘုရားဂုဏ်တော်တို့ကို ချီးကျူးဖွဲ့ဆိုထားသော ဂါထာဖြစ်၍ အနက်အဓိပ္ပာယ်တို့ကို အာရုံပြုရွတ်ဆိုသူအား ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်တရားဖြစ်ပွားကြောင်း ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယုံကြည်မှုသည် အလွန်အရေးကြီး၏။ ယုံယုံကြည်ကြည်နှင့် ရွတ်ဆို လျှင် ဦးခင်ဧကဲ့သို့ အောင်မြင်မည်မှာ ဧကန်ဖြစ်ပါသည်။

●

# အခန်း (၂၀)

## ဘီလူး သားရဲဘေး စသောဘေးအမျိုးမျိုးမှ လွတ်မြောက်နိုင်သောဂါထာ

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလ မဒေသိသုံ။

## အနက်အဓိပ္ပာယ်

ဤဂါထာသည် ဝိနည်းပိဋက ပါရာဇိကဏ်ပါဠိတော်အဖွင့်အဋ္ဌကထာကျမ်းလာ ဗာဟိရနိဒါနအခန်း၌ပါရှိသောဂါထာဖြစ်သည်။ တတိယသံဂါယနာတင်အပြီးတွင် အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာမထေရ်ကြီးနှစ်ပါးတို့ သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုသွားခြင်းကိုအစွဲပြု၍ပေါ်လာသော သာသနာဝင်ဂါထာဖြစ်သည်။ ထိုဂါထာ၏အနက်မှာ–

မဟိဒ္ဓိကာ–တန်ခိုးရှိန်စော်အာနုဘော်ကြီးမားကြကုန်သော။ သောဏုတ္တရာ–အရှင်သောဏ၊ အရှင်ဥတ္တရဟု နာမမှည့်ခေါ်ရဟန်းတော်မထေရ်မြတ်ကြီးနှစ်ပါးတို့သည်။ သုဝဏ္ဏဘူမိံ–ရွှေရောင်တမျှဝင်းပလှသည့် မြေအဆင်းရှိသော သုဝဏ္ဏဘူမိတိုင်းဌာနီသို့။ ဂန္တွာန–သာသနာပြန့်ရေး မြော်ခေါ်တွေး၍မနှေးလျင်လျား ကြွသွားတော်မူကြ၍။ ပိသာစေ–ဘီလူးရက္ခိုသ်တို့ကိုလည်း။ နိဒ္ဓမေတွာန–တန်ခိုးတော်အား စွမ်းပကားဖြင့်ပျောက်သွားအောင် နှိမ်နင်း၍။ ဗြဟ္မဇာလံ–ဒီဃနိကာယ်လာဗြဟ္မဇာလခေါ်ဆို အစဆုံးသုတ်တော်ကို။ အဒေသိသုံ–ဟောကြားတော်မူကြကုန်ပြီ။ (ဗြဟ္မာဇမဒေသိသုံ–ကို ဗြဟ္မဇာလံ+အဒေသိသုံ–ဟု ပုဒ်ခွဲ။ သုဝဏ္ဏဘူမိဟုလည်းကောင်း၊ နိဒ္ဓမိတွာန ဟုလည်းကောင်း၊ မဒေသယျုံ ဟုလည်းကောင်း မူကွဲရှိပါသည်။ ယခုမူမှာ ဆဋ္ဌသံဂါယနာ မူအတိုင်းဖော်ပြထားပါသည်။ အဓိပ္ပာယ်မှာ ထူးခြားမှုမရှိပါ။)

## ဂါထာပေါ်လာပုံ

ဤဂါထာ၌ ယုံကြည်မှုသဒ္ဓါဖြစ်ပွားနိုင်ရန် ဤဂါထာဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်ဖော်ပြပါမည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (၂၃၅)နှစ်မြောက်ရောက်သည့်အခါ အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည့်ရှင် ဘုရင်သီရိဓမ္မာသောကမင်းကြီး၏ အထောက်အပံ့အကူအညီဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီး ဦးဆောင်၍ ရဟန္တာအရှင်မြတ်ကြီးတစ်ထောင်တို့ အသောကာရာမကျောင်းတိုက်ကြီးတွင် တတိယအကြိမ် သံဂါယနာတင်တော်မူခဲ့ကြပါသည်။

ထိုသံဂါယနာတင်ပွဲကြီးအပြီးတွင် သံဃာ့ဥသျှောင်ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးသည် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ရဟန္တာကြီးများကို ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူခဲ့ပါသည်။ ထိုကိုးတိုင်းကိုးဌာနတို့တွင် သုဝဏ္ဏဘူမိတိုင်းလည်း ပါဝင်ပါသည်။ သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုတာဝန် ပေးအပ်ခြင်းခံရသော ရဟန္တာကြီးများမှာ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ဖြစ်ကြပါသည်။

အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ခေါင်းဆောင်သည့် ရဟန္တာအရှင်မြတ်ကြီးငါးပါးတို့ သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုရောက်ကြသည့်နေ့ကား ထိုသုဝဏ္ဏဘူမိတိုင်း၏ မင်းနန်းတော်တွင် မင်းသားငယ်ကို ဖွားမြင်သောနေ့ဖြစ်ပေသည်။ ထိုနိုင်ငံ၌ မင်းနန်းတော်တွင် သားရတနာဖွားမြင်တိုင်း ဖွားမြင်တိုင်း ထိုမင်းသားငယ်ကို ပင်လယ်သမုဒ္ဒရာမှ ဘီလူးရက္ခိုသ်များ လာပြီး စားလေ့ရှိကြသည်ဟုဆိုပါသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိတိုင်းသားတို့သည် ရှေးက တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသော ရဟန္တာမထေရ်ကြီးများကို ဖူးမြင်ကြရသည့်အခါ ဘီလူးရက္ခိုသ်တို့၏ အသင်းအပင်းများဖြစ်မည်ဟု အထင်မှားပြီး လက်နက်ကိုယ်စီဖြင့် မထေရ်ကြီးများထံ ပြေးလာကြ၏။

မထေရ်ကြီးများက သူတို့မှာ ဘီလူးတို့၏အသင်းအပင်း မဟုတ်ကြ။ တရားဓမ္မ သီတင်းသီလ၌ မွေ့လျော် ကျင့်ကြံနေကြသည့် ရဟန်းတော်များသာဖြစ်ကြောင်း ရှင်းပြနေကြစဉ် ဘီလူးမသည် ရှေးကကဲ့သို့ မင်းသားငယ်ကိုစားရန် အခြံအရံဘီလူးများနှင့်အတူ သမုဒ္ဒရာမှ တက်လာသည်။ ထိုတက်လာသည့်ဘီလူးများကို လူများမြင်ကြသည့်အခါ 'အရှင်မြတ်တို့ဘုရား–ဟောဟိုမှာ မင်းသားငယ်ကို စားရန် ဘီလူးတွေ လာနေကြပါပြီ'ဟု ကြောက်ကြောက်လန့်လန့်ဖြင့် အော်ဟစ်လျှောက်လိုက်ကြ၏။

ရဟန္တာမထေရ်မြတ်ကြီးများက လူများအား မကြောက်ကြရန် အားပေးစကားပြောကြားကြ၍ အရှင်သောဏမထေရ်ကြီးက ထိုဘီလူးများထက် နှစ်ဆကြီးမားသော (ဝါ) နှစ်ဆ အရေအတွက်များသော ခန္ဓာကိုယ်ကြီးများဖန်ဆင်းပြီး ထိုခန္ဓာကိုယ်အတ္တဘောတို့ဖြင့် ဘီလူးတို့၏ ဘေးနှစ်ဘက်တို့မှ ဝန်းရံကာ လူများမတွေ့နိုင်သည့်အရပ်တိုင်အောင် ဘီလူးတို့ကို မောင်းနှင်ထုတ်လိုက်ပါသည်။ ရဟန္တာမထေရ်ကြီးများသည် ဘီလူးများ နောက်ထပ်မလာနိုင်အောင် သုဝဏ္ဏဘူမိကျွန်း၏ ပတ်ဝန်းကျင်တွင် ပရိတ်အရံအတားများကိုပြုကြပြီး စုဝေးရောက်ရှိလာသည့် ပရိသတ်များအား ဗြဟ္မဇာလသုတ္တန်တရားတော်ကို ဟောကြားတော်မူပါသည်။

ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကို နာကြားကြရ၍ လူပေါင်းခြောက်သောင်းတို့မှာ သောတာပန် စသည်ဖြစ်၍ တရားထူးရသွားကြ၏။ အမျိုးသား(၃၅၀၀)နှင့် အမျိုးသမီး(၁၅၀၀)တို့ ရဟန်းပြုကြသည်။ ကျန်သောလူများ သရဏဂုံသီလ၌ တည်ကြသည်–ဟု ပါရာဇိကဏ် အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။

သာသနာလင်္ကာရ စာတမ်း၌မူ ဖော်ပြပါ အဋ္ဌကထာကျမ်းလာ အကြောင်းအရာများအပြင် 'ထိုကာလမှစ၍ ယနေ့ဖွားစ မင်းသားငယ်ကို့အား 'သောဏုတ္တရ'ဟူ၍ ယော်မည် မှည့်လင့်ကုန်သတည်း။ သူငယ်

ခပ်သိမ်းတို့အားလည်း ဘီလူးဘေးကို ဆီးတားခြင်းငှာ ထန်းရွက်, သလူရွက်များတွင် မထေရ်တို့ဖန်ဆင်းသော မနုဿသီဟရုပ်ကိုရေး၍ ခေါင်းထက် တင်ထားကုန်၏။ ထိုအရုပ်ကို သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်ထက် ကျောက်ရုပ်ထု၍ ယခုထက်တိုင် ထင်ရှားရှိသတည်း'ဟု မှတ်တမ်းတင်ထားသည်ကိုတွေ့ရ၏။

ထို့ကြောင့် သုဝဏ္ဏဘူမိတိုင်း၌ ရဟန္တာကြီးများ သာသနာပြုပုံ၊ သာသနာဝင် အစဉ်အဆက်ကိုဖော်ပြသည့် ဤ'သုဝဏ္ဏဘူမိ ဂန္ထာန' စသော ဂါထာကို ရှေး မွန်–မြန်မာပညာရှင်ကြီးများက ဘီလူးသားရဲစသည်တို့၏ ဘေးရန်ကို ကာကွယ်နိုင်သော ဂါထာအဖြစ် သတ်မှတ်၍ အစဉ်အဆက် ရွတ်ဆိုအသုံးပြုကြသည်မှာ ယခုအချိန်အထိ ဖြစ်ပါသည်။

ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူရာ၌ သုဝဏ္ဏဘူမိတိုင်းသည် ၈–ခုမြောက်တိုင်းဖြစ်၍ ဤဂါထာကို အနည်းဆုံး တစ်နေ့ (၈)ကြိမ် ရွတ်ဆိုနိုင်ပါသည်။ ဂါထာအဆုံးတွင် 'ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ'ဟုဆို၍လည်း သစ္စာပြုနိုင်ပါသည်။ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ဘေးအန္တရာယ်များကိုဖယ်ရှားနိုင်သော ဂါထာဟု ယုံယုံကြည်ကြည်နှင့်ရွတ်လျှင် လိုအပ်သောအကျိုးကို ရရှိပါလိမ့်မည်။ ဂါထာရွတ်စဉ် အာရုံပြုနိုင်ရန် ဂါထာ၏အနက်အဓိပ္ပာယ် အတိုချုပ်ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

[တန်ခိုးဣဒ္ဓိပါဒ် ကြီးမားကြသော အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာမထေရ်ကြီးနှစ်ပါးတို့သည် သုဝဏ္ဏဘူမိတိုင်းသို့ ကြွတော်မူ၍ ဘီလူးတို့ဘေးရန်ကို နှိမ်နင်းပြီး ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူကြကုန်ပြီ။]

●

## အခန်း (၂၁)

## ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်သော ဒုဌဂါမဏိဂါထာတော်

ဗုဒ္ဓေါ တိလောကသရဏော၊
ဗုဒ္ဓေါ သူရိယော တမောနုဒေါ။
ဂစ္ဆတော သရဏံ ခေမံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။

### ဂါထာအနက်

ဗုဒ္ဓေါ–မြတ်စွာဘုရားသည်။ တိလောကသရဏော–ကာမရူပ၊ အရူပခေါ်ကြား လောကသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူပါ၏။ ဗုဒ္ဓေါ သူရိယော–ဘုရားတည်းဟူသော နေမင်းသည်။ တမောနုဒေါ–အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်၏။ ဗုဒ္ဓေါ–မြတ်စွာဘုရားသည်။ ဂစ္ဆတော–ခရီးသွားနေဆဲဖြစ်သော အကျွန်ုပ်၏။ ခေမံ–ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းစေနိုင်သော။ သရဏံ–ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။ ဗုဒ္ဓေါ–မြတ်စွာဘုရားသည်။ မေ–အကျွန်ုပ်၏။ ဝရံ–မြတ်သော။ သရဏံ–ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။

ဤဂါထာတွင် ဂစ္ဆတော–ခရီးသွားနေဆဲဖြစ်သော အကျွန်ုပ်၏'ဟု ဆိုထားသဖြင့် ခရီးသွားနေစဉ်ရွတ်သော ဂါထာဖြစ်၏။ ရပ်နေဆဲ၊ ထိုင်နေဆဲ၊ အိပ်နေဆဲ စသည့်အခါတို့၌ ရွတ်လျှင် 'ဂစ္ဆတော'ပုဒ်ကို ကြိယာပုဒ်အားလျော်စွာ ပြောင်းလဲရွတ်ဆိုရမည်။ ဥပမာ–ရပ်နေဆဲအတွက် ရွတ်သည့်အခါ 'ဂစ္ဆတော'ပုဒ်ကို 'တိဋ္ဌတော'ဟု ပြောင်းလဲရွတ်ရမည်။ (တိဋ္ဌတော–ရပ်နေဆဲဖြစ်သော အကျွန်ုပ်၏)။

ထိုင်နေသောအခါ 'နိသီဒတော'ဟု ပြောင်းလဲရွတ်ရမည်။ (နိသီဒတော–ထိုင်နေဆဲဖြစ်သောအကျွန်ုပ်၏)။

လျှောင်းအိပ်နေသောအခါ 'သယတော' ဟု ပြောင်းလဲရွတ်ရမည်။ (သယတော-လျှောင်းအိပ်နေဆဲဖြစ်သော အကျွန်ုပ်၏)။

စားနေသောအခါ 'ဘုဉ္ဇတော' ဟုပြောင်းလဲရွတ်ရမည်။ (ဘုဉ္ဇတော-စားနေဆဲဖြစ်သော အကျွန်ုပ်၏)။

သောက်နေသောအခါ 'ပိဝတော' ဟု ပြောင်းလဲရွတ်ရမည်။ (ပိဝတော-သောက်နေဆဲဖြစ်သော အကျွန်ုပ်၏)။

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာကား ထေရဝါဒ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ပါရှိသော ဂါထာ မဟုတ်ပါ။ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)၌ ရဟန္တာ အရှင်မြတ်များစီမံ၍ ဒုဋ္ဌဂါမဏိမင်းကြီးအား သင်ကြားပေးသော ဂါထာ ဖြစ်သည်။ ဒုဋ္ဌဂါမဏိမင်းကြီးသည် ထိုဂါထာကို အမြဲရွတ်ဆိုတော်မူ သဖြင့် ကြံစည်လုပ်ဆောင်သမျှ ပြီးမြောက်အောင်မြင်သည်ဟု အဆို ရှိပေသည်။ထို့ကြောင့် ထိုဂါထာကို 'ဒုဋ္ဌဂါမဏိ ဂါထာတော်' ဟုခေါ်ခြင်း ဖြစ်ပေသည်။

ဤဂါထာကို သီဟိုဠ်သား မဟာပညာဗလ ပါဠိပါရဂူဆရာကြီး ဆရာဉာဏ် သီရိလင်္ကာနိုင်ငံမှ ယူဆောင်လာခဲ့ခြင်းဖြစ်သည်ဟု သိရှိ ရသည်။ ဤဂါထာသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မပါရှိသော်လည်း ဘုရားဂုဏ်တော်များ ချီးကျူးဖွဲ့ဆိုထား၍ ဗုဒ္ဓ သရဏဂုံ ယူသော ဂါထာဖြစ်သောကြောင့် ဘုရားဟောတရားတော်များနှင့်လျော်ညီသော 'သုတ္တာနုလောမဂါထာ' ဖြစ်သည်။ ဤဂါထာကို ရွတ်ဆိုခြင်းကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်လည်း ဖြစ်သည်။ ဗုဒ္ဓ သရဏဂုံလည်း ဆောက်တည်ပြီးဖြစ်သည်။

## ကိုယ်တွေ့အကျိုးပြဝတ္ထု

ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ သီဟိုဠ်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ဘုရားကြီးသည် သက်တော် ၈၀-ကျော်လာသော

အခါ ကျန်းမာရေးချို့တဲ့လာ၏။ ထို့ကြောင့် ကျောင်းရှိရဟန်းငယ်များက အနီးကပ် လုပ်ကျွေးပြုစုကြရသည်။ ပြုစုလုပ်ကျွေးသူများထဲတွင် ဦးပညာသီရိ ဆိုသော ရဟန်းတော်တစ်ပါးလည်း ပါဝင်သည်။

ဦးပညာသီရိသည် ဆရာတော်ဘုရားကြီးအား ဤကဲ့သို့ လုပ်ကျွေးပြုစုရသည်ကို ရခဲသောအခွင့်အရေးတစ်ခုဟုမှတ်ယူကာ စေတနာပါပါ ရိုသေကျိုးနွံစွာ လုပ်ကျွေးပြုစုခဲ့သည်။ တစ်နေ့တွင် စာချဘုန်းကြီး ဦးစန္ဒာသီရိ(ဓမ္မာစရိယ)က ဦးပညာသီရိအား ဤဒုဋ္ဌဂါမဏိဂါထာတော်ကို ရွတ်ဆိုရန်ပေးသည်။ ဦးပညာသီရိသည် ဂါထာရသည့်နေ့မှစ၍ စွဲစွဲမြဲမြဲရွတ်ဆိုပူဇော်ခဲ့သည်။ တစ်ဖက်တွင်လည်း ဆရာတော်ကြီးကို ဝတ်မပျက် အလုပ်အကျွေးပြုခဲ့သည်။

နောင်တစ်ချိန်တွင် ဦးပညာသီရိသည် အကြောင်းအားလျော်စွာ ပြင်ဦးလွင်(မေ)မြို့၊ ကန်တော်ကြီးရှေ့၊ နန္ဒာလမ်းရှိ မဟာဇေတဝန်ကျောင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ ၁၉၈၉–ခုနှစ် ဇူလိုင်လ(၂)ရက်နေ့တွင် ကိစ္စတစ်ခုဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး မူလတည်းခိုနေကျဖြစ်သော ရွှေတိဂုံဘုရားကြီးအနီးရှိ မင်္ဂလာမဏ္ဍိုင်ကျောင်းတွင် တည်းခိုခဲ့သည်။

ဤသို့တည်းခိုနေစဉ် ရွှေတိဂုံဘုရားပေါ်သို့တက်၍ သမ္ဗုဒ္ဓေဂါထာတော်ကို တစ်ထောင်ပြည့်အောင် ပုတီးစိပ်၍ပူဇော်သည်။ ထို့ပြင် ရွတ်ဆိုနေကျဖြစ်သော ဒုဋ္ဌဂါမဏိဂါထာတော်ကိုလည်း အခေါက်ပေါင်းများစွာ ရွတ်ဆိုပူဇော်သည်။ ထိုသို့ရွတ်ဆိုပူဇော်နေစဉ် ဦးပညာသီရိ၏ မျက်စိထဲတွင် ပြင်ဦးလွင်သို့အပြန်တွင် ၂၁–မိုင်၌ ကားမှောက်သည့်မြင်ကွင်းကို မြင်ယောင်လာသည်။ ဦးပညာသီရိသည် ထိုမြင်ကွင်းကို ကြိုးစား၍ ပျောက်အောင် ဖျောက်သော်လည်း ပျောက်မသွား၊ ပိုးတဝါးတော့ မြင်ယောင်နေသည်။

၅–၇–၈၉ နေ့တွင် ဦးပညာသီရိသည် ပြင်ဦးလွင်သို့ ပြန်ရန် လေးဘီးကားတစ်စီး ငှားထား၏။ ကားရောက်လာသည့်အတွက်

ကျောင်းပေါ်သို့တက်၍ ပစ္စည်းများယူပြီး ပြန်ထွက်လာသောအခါ ကားပေါ်၌ ဘုတာကြီးသို့လိုက်မည့် အမျိုးသမီးကြီးတစ်ဦး ရောက်နေသည်ကို တွေ့ရ၏။

ဦးပညာသီရိအနေဖြင့် တစ်ပါးတည်း လွတ်လွတ်လပ်လပ်သွားလိုသော်လည်း ယခုကဲ့သို့ အမျိုးသမီးတစ်ဦးပါလာသည်ကို မနှစ်သက်လှပေ။ သို့သော် မလွှဲသာသဖြင့် ခွင့်ပြုလိုက်ရသည်။ ထိုအမျိုးသမီးကြီးမှာ မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်အနီးတွင်နေထိုင်သော ဒေါ်မြရှင်အမည်ရှိ အမျိုးသမီးကြီးဖြစ်ကြောင်း သိရသည်။

ဦးပညာသီရိသည် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ထွက်သော မန္တလေး–ရန်ကုန် အဆန်ရထားဖြင့် လိုက်ပါလာခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင် ဒုဋ္ဌဂါမဏိဂါထာတော်ကို အခေါက်ပေါင်းများစွာ ရွတ်ဆိုခဲ့သည်။ ဦးပညာသီရိတို့စီးလာသော ရထားမှာ မန္တလေးဘူတာကြီးသို့ ၆–၇–၈၉ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ရောက်ရှိခဲ့သည်။

ပြင်ဦးလွင်သို့ခရီးဆက်ရန် အခြားခရီးသည်များနှင့်အတူ ကားငှားရာ ဟိုင်းလတ်ကား အနီရောင်တစ်စီးရရှိသည်။ ဦးပညာသီရိသည် မူလက ကားနောက်ခန်းမှလိုက်ရန် စိတ်ကူးထား၏။ သို့သော် ရန်ကုန်ဘူတာကြီးသို့အတူလာခဲ့သူ ဒေါ်မြရှင်က ဦးပညာသီရိအား ကုသိုလ်ပြုလိုသဖြင့် သူနှင့်နေရာချင်းလဲ၍ ခေါင်းခန်း၌ထိုင်ရန် လျှောက်ထားသဖြင့် ဦးပညာသီရိသည် မလွှဲမရှောင်သာဘဲ ခေါင်းခန်းမှ လိုက်ပါခဲ့ရသည်။

ဦးပညာသီရိသည် ခရီးစဉ်တစ်လျှောက်လုံး ဒုဋ္ဌဂါမဏိဂါထာတော်ကို ရွတ်ဆိုလာခဲ့သည်။ ၂၁–မိုင်အတက်ကို ကျော်လာခဲ့သော်လည်း ကားမှာ ဘာမှမဖြစ်သဖြင့် စိတ်လက်ပေါ့ပါးချမ်းမြေ့သွားသည်။ သို့သော် အနီးစခန်း အခြေခံပညာအထက်တန်းကျောင်းရှေ့သို့အရောက်တွင် ရှေ့တူရူဆီမှ ရှေ့တစ်ယောက်နောက်တစ်ယောက် စီးလာသော စက်ဘီးတစ်စီး လာနေသည်ကိုတွေ့ရသည်။

ကားနှင့်စက်ဘီးတို့ ဘေးချင်းကပ်၍ရှောင်လိုက်စဉ် စက်ဘီး ကယ်ရီယာပေါ်မှလူမှာ ကားနောက်မြီးနှင့်ချိတ်မိသွားသဖြင့် ဒရိုင်ဘာက ကားကို အမြန်ဆုံးကွေ့ပစ်လိုက်ရာ အရှိန်မထိန်းနိုင်တော့ဘဲ တစ်ပတ်လည်ပြီး ကားတိမ်းမှောက်သွားလေတော့၏။

ခေါင်းခန်းမှ အတူစီးလာသူတစ်ဦးမှာ လွင့်စဉ်ထွက်သွားသော်လည်း ဦးပညာသီရိမှာမူ ဘာမျှ ထိခိုက်မှုမရှိပေ။ ကားနောက်မြီးနှင့်ချိတ်မိသော စက်ဘီးကယ်ရီယာပေါ်မှလူမှာ ထိုနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားသည်။ နောက်ခန်းမှခရီးသည်အားလုံးလိုလိုပင် ထိခိုက်၍ ဒဏ်ရာ အနာတရ ရရှိကြသည်။ ဦးပညာသီရိနှင့် နေရာချင်းလဲထိုင်သော ဒေါ်မြရှင်မှာလည်း လက်၌ ဒဏ်ရာရရှိခဲ့သည်။

ဦးပညာသီရိသည် အငှားကား အမြန်ခေါ်ကာ ဒဏ်ရာရရှိသူ ခရီးသည်များကို တင်ဆောင်၍ ပြည်သူ့ဆေးရုံသို့ အရောက်ပို့ပေးခဲ့သည်။ ကားတစ်စီးလုံး ဒရိုင်ဘာမှအစ ထိခိုက်ဒဏ်ရာရခဲ့ကြသော်လည်း ဦးပညာသီရိမှာမူ ကျန်းမာပကတိ ချမ်းသာစွာရှိခဲ့သည်။ ဤသည်မှာ ကျေးဇူးတော်ရှင် သီဟိုဠ်ကျောင်းတိုက်ဆရာတော်ကြီးအား စေတနာ ပါပါ ပြုစုလုပ်ကျွေးခဲ့ခြင်း၊ ဒုဋ္ဌဂါမဏိဂါထာတော်ကို နေ့စဉ် စွဲမြဲစွာ ရွတ်ဖတ်ပူဇော်ခဲ့ခြင်းတို့ကြောင့် ရရှိခဲ့သည့် အကျိုးတရားဖြစ်လိမ့်မည်ဟု ယုံကြည်ရပေသည်။

●

# အခန်း (၂၂)

## ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့ ပျောက်ကွယ်တားဆီးနိုင်သော မာရ်လက်နက်ကိုးဖြာ အောင်ဇေယျဝန္ဒနာဂါထာများ

(၁) ဝါတံ ဝဿဥ္စ ပါသာဏံ၊ အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရဉ္စိမေ နဝ။

(၂) သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တံ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာယုဓေ။

### အနက်အဓိပ္ပာယ်

၁။ ဝါတံ–လောကထွတ်ထား၊ တို့ဘုရားလျှင်၊ ငါးပါးမာရ်ခြွေ၊ ပလ္လင်ဗွေ၌၊ စံနေခိုက်ခါ၊ မာရ်နတ်လာလျက်၊ စက္ကဝါတိုက်၊ တောင်နှင့်ရိုက်၍၊ ပန်းမှိုက်မြူစုဏ်၊ သေးဖွဲနုနှံ့သို့၊ မှုန့်မှုန့်ညက်ကြေ၊ ပျက်ပစေဟု၊ စေတနာတိုး၊ ပြုဖန်ပျိုးသား၊ မိုးရပ်သိမ့်ဟည်း၊ မြေကြီးပဲ့တင်၊ သစ်ပင်ကျောက်တုံး၊ အိမ်အလုံးကို၊ ချေမှုန်းဖြတ်ပိုင်း၊ ရှုစ်ရပ်တိုင်းမှ၊ အုံ့မှိုင်းလေဆိုး၊ မုန်တိုင်းလက်နက်မျိုးကိုလည်းကောင်း။

ဝဿဥ္စ–အဟုန်ဒီးဒီး၊ စီးကျသွယ်သွယ်၊ ရေပြင်ကျယ်၌၊ မိုဃ်းဖွယ်တင်းဖည်၊ သေစိမ့်ရည်၍၊ တမည်ပြုစား၊ ထန်းလုံးဖျားနှင့်၊ တောင်ဖျားမျှခေါင်၊ အမြင့်ဆောင်သား၊ ရှစ်ဘောင်ရပ်ခန်း၊ ဖြည့်မောက်လျှမ်းသည့်၊ မိုးကြမ်းရေဆိုး၊ လက်နက်မျိုးကိုလည်းကောင်း။

ပါသာဏံ–ကျောက်ဖြင့်ကြိတ်ဖျက်၊ မှုန့်မှုန့်ညက်လျှင်၊ နှိပ်စက်စေရန်၊ တမည်ဖန်၍၊ နဘန်မိုးလုံး၊ ထစ်ချုန်းခြိမ့်ညံ၊ တိုက်ခတ်သံနှင့်၊ အလျှံဖြိုးဖြိုး၊ ကျောက်ခဲကျောက်စိုင်မိုးကိုလည်းကောင်း။

အာဝုဓံ–အသွေးတစ်ခြား၊ အသားတစ်ထွေ၊ အရေတစ်မျိုး၊ အရိုးတစ်ဂိုဏ်း၊ ထိုးခုတ်ပိုင်း၍၊ မဆိုင်းသေရန်၊ ပြုစီမံသား၊ အလှုံပြိုးပြက်၊ မိုးလုံးလက်အောင်၊ တစ်ဖက်အသွား၊ နှစ်ဖက်သွားဟု၊ လှံ့,ဓား စသည်၊ အမည်မည်လျှင်၊ စုံစီဖန်ပျိုး၊ လက်နက်မိုးကိုလည်းကောင်း။

ဝါဠုကံတထာ–ထွက်လေဝင်လေ၊ နှစ်ထွေမရှိ၊ သဲဖြင့်ပိ၍၊ မချိသေအောင်၊ ပြုဆောင်ဖန်ပျိုး၊ သဲထုမိုးကိုလည်းကောင်း။

ကုက္ကုဠံ–တစိမ့်စိမ့်ပူ၊ သေအောင်ဟူ၍၊ သူအကြံပျိုး၊ ပြာပူမိုးကိုလည်းကောင်း။

ကလလံ–ကျိုက်ကျိုက်ပွက်ဆူ၊ အပူအခိုး၊ ရွံ့ညွန်မိုးကိုလည်းကောင်း။

အင်္ဂါရံ–တစ်ခဏချင်း၊ အပြင်းပူလောင်၊ သေအောင်ဖန်ပျိုး၊ မီးကျီမိုးကိုလည်းကောင်း။

အန္ဓကာရံ–ကြည့်သော်မစွမ်း၊ စမ်းသော်မထင်၊ ကြောက်စိတ်ဝင်၍၊ အလျင်သေရန်၊ တတန်ပြုဆောင်၊ အမိုက်မှောင်ကိုလည်းကောင်း။

ဣတိ–ဤသို့။ မာရေန ဝိဿဇ္ဇေ–မာရ်နတ်မိစ္ဆာ၊ အယုတ်တမာလျှင်၊ ကြိမ်းကာဆင့်ဆင့်၊ ပစ်လွှတ်အပ်ကုန်သော။ ဣမေ နဝသဝ္ဗေ–လေ,မိုး,ကျောက်,သဲ,ညွန်,မီးခဲနှင့် ပြာမွဲ,မိုက်မှောင်၊ ပြောင်ပြောင်လက်နက်၊ ရောင်ပြိုးပြက်ဟု၊ ကိုးချက်ရန်စွယ် လက်နက်မျိုးအန္တရာယ်တို့ကို။

၂။ ဝိဇယန္တံ–မိုလ်ပါအပေါင်း၊ သောင်းကုဋေအား၊ ဆောင်နိုင်ငြားလည်း၊ ရိုက်လားပုတ်လား၊ အဖအပါးဝယ်၊ ဆိုးဝါးဟန်မူ၊ သားငယ်တူသို့၊ သီတဂူနွန်း၊ ကြည်နူးလုံးဖြင့်၊ မြေလုံးငြိမ့်အောင်၊ သက်သေဆောင်၍၊ အောင်တော်မူကြီး အောင်တော်မူထသော (ဝါ) အောင်တော်မူသောကြောင့်။ ဇိနံ–ဇိနဟူသည်၊ အမည်

တံဆိပ်၊ ဘွဲ့ပုံလိပ်ဖြင့်၊ ခပ်နိုပ်ပေါ်ထင်၊ အောင်ပွဲရှင်မြတ်စွာဘုရားကို။ နမေ-နမာမိ- ကိုယ်,နှုတ်,နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ ကန်တော့ရှိခိုးပါ၏မြတ်စွာဘုရား။

အဟမ္ပိ-စတုသမုဒ္ဒြာန်၊ ပြုလုပ်ဖန်သည့်၊ ရုပ်နာမ်ပေါင်းချုပ်၊ အကျွန်ုပ်သည်လည်း။ တေနပုညေန-လက်နက်မျိုးကို၊ ဖျက်ချိုးနှိမ်ခွး၊ ဂုဏ်ကျေးဇူးဖြင့်၊ ချီးကျူးဝန္ဒနာ၊ စေတနာပဏာမ၊ မြတ်ပုညကြောင့်၊ သဗ္ဗမာယုဓေ-သေနတ်, လေးမြား၊ လှံ,ဓား မီးပေါက်၊ အမြောက်စိန်ပုံး၊ ချေမှုန်းခွင်းဖြတ်၊ အကျဉ်းမှတ်သော်၊ လွှတ်အပ်, မလွှတ်အပ်၊ နှစ်ရပ်ကျုံးခြုံ၊ အလုံးစုံသောလက်နက်မျိုးတို့ကို။ ဝိဇေယျုံ-ယနေ့ကစ၊ နိဗ္ဗာန်ရသည့်၊ ကာလတစ်ခွင်၊ သံသာပြင်ဝယ်၊ မမြင်ရ မကြားရ၊ အဝေးကပင်၊ အောင်ရ နိုင်ရ၊ အောင်နိုင်ရသည့်ကို ဖြစ်ရပါလို၏ မြတ်စွာဘုရား။

## အောင်ဇေယျဝန္ဒနာဂါထာများဖြစ်ပေါ်လာပုံ

ဤအောင်ဇေယျဝန္ဒနာဂါထာများကား ရှေး၌ ပြုပြီးခဲ့သည့် နာညတြ ဗောဇ္ဈင်တပသာ အစချီသောဂါထာ၊ ဒိဝါတပတိ အာဒိစ္စော အစချီသောဂါထာ စသည်တို့ကဲ့သို့ ဘုရားဟောပါဠိတော်၌ ပါရှိသော ဂါထာလည်း မဟုတ်ပါ။ ပထမံ သကလက္ခဏာ မေကာပဒံ အစချီသော ဂါထာကဲ့သို့ အဋ္ဌကထာ ဋီကာတို့၌လာသော ဂါထာလည်း မဟုတ်ပါ။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ အစချီသော ဂါထာစသည်တို့ကဲ့သို့ ရှေးရှေးကျမ်းဂန်တတ်ဆရာတော်ဘုရားကြီးများစီကုံးခဲ့သော ဂါထာအမျိုးအစားဖြစ်သည်။

သို့သော် ရှေးကျမ်းဂန်တတ်ဆရာတော်ဘုရားကြီးများ စီကုံးခဲ့သော ဂါထာများမှာ ဘုရားဟောကျမ်းဂန်လာအကြောင်းအရာတို့ကို စီကုံးထားသောကြောင့် 'သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနော မတိ' ဆိုသည့် ထေရဝါဒကျမ်းဂန်လာ မဟာပဒေသကြီး လေးပါးတွင် ဘုရားဟောကျမ်းဂန်နှင့်လျော်ညီသည့် 'သုတ္တာနုလောမ' မဟာပဒေသ

တွင် အကျုံးဝင်သောကြောင့် ထေရဝါဒနှင့်ညီညွတ်သဖြင့် အလွန်ရွတ်ဆိုရှိခိုးပြီး ပတ္ထနာပြုထိုက်သည့်ဂါထာများဖြစ်သည်။

ဤအောင်ဖေယျဝန္တနာ (၂)ဂါထာကို စီကုံးရေးဖွဲ့ခဲ့သူကား သာမန်ကျမ်းဂန်တတ်ပုဂ္ဂိုလ်မျိုး မဟုတ်ပေ။ လောကီကျမ်း, လောကုတ္တရာကျမ်း အားလုံးကို တတ်မြောက်သိမြင် ပညာရှင်ကြီးဖြစ်သည်။ မတတ်သည့်အရာ မရှိသဖြင့် မအက္ခရာကျေနေအောင် တတ်သည့်အတွက် 'မကာရလောပ' (မအက္ခရာကျေ)ဆရာတော်ဟု ထင်ရှားခဲ့သည့် ဆရာတော်ဖြစ်၏။ တောင်တွင်းကြီးမြို့တွင်မွေးဖွား၍ ငယ်နာမည် 'မောင်ပျော်'ဖြစ်သောကြောင့် 'တောင်တွင်းဆရာတော် ခင်ကြီးပျော်'ဟု ထင်ရှားကျော်ကြား၏။

မောင်ဖျော်သည် သက္ကရာဇ် ၁၀၈၄–ခုနှစ်တွင် တောင်တွင်းကြီးမြို့တွင် မွေးဖွားသည်။ ၁၀–နှစ်သားအရွယ် ကျောင်းနေစဉ်တွင် သင်ရိုးသင်တန်း စာပေပိဋကများကို အလွယ်နှင့်တတ်မြောက်သဖြင့် ပညာဉာဏ်စွမ်းထက်မြက်သည်ဟုထင်ရှား၏။ရဟန်းတော်ဘွဲ့မှာ ရှင်ဉာဏဝရဖြစ်သည်။ စာပေသင်ကြားနေစဉ်မှာပင် ပုဒ်စစ်၊ ဉာသ်ကောက်၊ ယမိုက်ဂဏ္ဌိ၊ ပဌာန်းအရကောက်ကျမ်းများကို စီရင်ရေးသား၏။ ထို့ကြောင့် ဆရာတော်၏ ပညာဉာဏ်စွမ်းကိုစမ်းသပ်ရန် အလောင်းဘုရား၏ သားတော်ကြီး အိမ်ရှေ့နောင်တော်ကြီးမင်းသည် မှူးမတ်တို့ကို ဆရာတော်အား နေပြည်တော်သို့ပင့်ခိုင်း၏။

နေပြည်တော်သို့ရောက်လျှင် သုဓမ္မာဇရပ်တွင် ကျမ်းဂန်တတ်ဆရာတော်ဘုရားများအား အရှင်ဉာဏဝရကို စာပေစစ်ဆေးမေးမြန်းရန် နောင်တော်ကြီးမင်းက လျှောက်ထား၏။ သုဓမ္မာအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများက 'ပိဋကတ်တော်ကို အဘယ်မျှလောက် သင်ကြားဖူးသလဲ' ဟုမေးတော်မူရာ 'ပိဋကတ်တော်မှာ ဘုရားတပည့်တော်မသင်ကြားဖူးတဲ့ကျမ်း မရှိပါ၊ မေးလိုရာကိုသာ မေးတော်မူပါ၊ လျှောက်ထားပါမည်'ဟု ရဲရဲတောက်ပြန်လျှောက်၏။

ဆရာတော်ဘုရားကြီးများက မေးတော်မူရာ မေးသမျှကို အားလုံး ဖြေဆိုနိုင်ခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီးများက–

'ပေလေးပင်–ရှင်လေးပါး'ထွန်းကားတဲ့မြို့မှာ ယခု ပေတစ်ပင်– ရှင်တစ်ပင် ထွန်းကားပြန်လေပြီ'ဟု ချီးကျူးတော်မူကြသည်။ နောင် တော်ကြီးမင်းက ရာဇဂုရုတံဆိပ် ဆက်ကပ်၍ သာသနာပြု သာသနာ ပိုင်အရာ တင်မြှောက်ကိုးကွယ်သည်။

တစ်ခါသော် နောင်တော်ကြီးမင်းတရားက 'ဆရာတော်ဟာ အခြား ပညာရပ်တွေမှာ ကျွမ်းကျင်ပေမယ့် အတီးအမှုတ်ပညာကိုတော့ နားလည်မှာမဟုတ်'ဟုဆိုကာ ဆိုင်းသမားများကို ဆရာတော်၏ကျောင်း သို့ စေလွှတ်၍ တီးမှုတ်စေလေသည်။ ဆရာတော်က ဆိုင်းသမား များအား 'ဒီအလုံးနဲ့ ဒီအလုံးကို ပေါင်း၊ ဒီအလုံးကိုခွဲ၊ ဒီလိုတီး'ဟု ပြသပေး၏။ ဆရာတော်ပြသချက်အတိုင်းတီးရာ ရှေးရှေးက မကြားဖူး အောင် ကောင်းသောတီးရိုးကို ရရှိကြသည်။

ဤသို့ လောကီ,လောကုတ္တရာ၌ မတတ်သောပညာ၊ မသိသော အရာဟူ၍ မရှိသောကြောင့် 'တောင်တွင်းဆရာတော်သည် မ,တစ်လုံး ကျေသည်'ဟု ပြောရိုးစဉ်လာ ပြုခဲ့ကြသည်။ သက်တော် ၃၉–နှစ်၊ ဝါတော် ၁၉–ဝါအရတွင် ပျံလွန်တော်မူသော်လည်း ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ကဝေသာရကျမ်း စသည်ဖြင့် လောကီ, လောကုတ္တရာကျမ်းပေါင်း(၃၇)ကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။ ဤကဲ့သို့ လောကီလောကုတ္တရာ စွယ်စုံတတ်သည့်ဆရာတော်ဘုရားကြီး ပြုစုရေးသားတော်မူခဲ့သည့် 'အောင်တော်မူဂါထာများ'ဖြစ်သည်။

## ဂါထာတော်များ၏ တန်ခိုးစွမ်းအင် အကျိုးအာနိသင်

'မ,ကာရ လောပ' မ–တစ်လုံးကျေသည့် တောင်တွင်းဆရာတော် ၏ အကြောင်းအတ္ထုပ္ပတ်ကို ဤ၌ အကျဉ်းချုပ်ဖော်ပြသည်မှာ 'ပုဂ္ဂိုလ် ခင်မှ–တရားမင်'ဆိုသော စကားပုံအတိုင်း ပုဂ္ဂိုလ်ကိုကြည်ညိုပြီး ဂါထာ

များကို ရွတ်ဆိုရှိခိုးချင်လာအောင် တင်ပြခြင်းဖြစ်ပါသည်။ တောင်တွင်းဆရာတော်သည် ဗုဒ္ဓဝင်ကိုလေ့လာကြည့်ရှုစဉ်အခါက 'မာရ်နတ်မင်း (ဒေဝပုတ္တမာရ်)အောင်မြင်တော်မူခန်းကို သဒ္ဒါရွှမ်းစို၊ ကြည်ညိုတော်မူခဲ့ဟန်ရှိပေသည်။ ထို့ကြောင့် မိမိသူတစ်ပါး လူအများတို့ ရှိခိုးဆုပန်နိုင်ရန် 'အောင်ဇေယျဝန္ဒနာဂါထာ'နှင့် 'အောင်ဆုပန်ဂါထာတော်' တို့ကို စီကုံးဖွဲ့ခဲ့သည်ဟု ယူဆရပေသည်။

ဤဂါထာများတွင် ရှိခိုးသည့်အပိုင်းနှင့် ဆုတောင်းသည့်အပိုင်းဟု အပိုင်းနှစ်ပိုင်း ပါ၏။ ရှိခိုးသည့်အပိုင်းတွင် မာရ်နတ်မင်း၏လက်နက်ကိုးပါး အောင်မြင်ပုံ ဗုဒ္ဓဂုဏ်အာရုံပြု၍ရှိခိုးသည့်အတွက် ဗုဒ္ဓါနုဿတိ သမထဘာဝနာကုသိုလ်ဖြစ်သည်။

ထို့ကြောင့် 'ဤဗုဒ္ဓါနုဿတိဘာဝနာကို ပွားများသည့်အတွက် သင့်အား လိုအင်ဆန္ဒ၊ စိတ်ကြံစည်သမျှ ပြည့်ဝအောင်မြင်ပေမည်' (ကမ္မံ သတိံ ဘာဝဟိတွာ၊ ပူရယိဿတိ မာနသံ)ဆိုသည့် ပဒုမုတ္တရဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း နောက်ပိုင်း ဆုပန်ဂါထာအရ လက်နက်ဘေးရန်ဟူသမျှ အောင်မြင်ရမည်သာဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤနှစ်ဂါထာကို အနက်ပါကျက်မှတ်၍ နံနက်,ည ရှိခိုးဆုတောင်းသင့်ကြသည်။ အနက်မကျက်နိုင်ပါက ဂါထာချည်းကျက်၍ လက်နက်ကိုးမျိုး အောင်မြင်ပုံ ဂုဏ်ကိုအာရုံပြုကာ စွမ်းနိုင်သမျှ ရွတ်ဆိုနိုင်ရန် ကြံတိုင်းအောင် ဆောင်တိုင်းမြောက် စိတ်ကြံသလောက် ပြီးမြောက်အောင်မြင်ကြပါလိမ့်မည်။

သို့ဖြစ်၍ ယုံကြည်သောသဒ္ဓါ၊ အကြိမ်မှန်,အချိန်မှန် ပွားများသော ဘာဝနာဖြင့် ကုသိုလ်တရားကို ကြိုးစားဆည်းပူးကြရန် တိုက်တွန်းရပေသည်။

●

## အခန်း (၂၃)

## လိုသမျှရ ကြံသမျှအောင်မြင်နိုင်သော ကုဋ္ဌဂါထာ

ကုစ္ဆိဋ္ဌော သာသပ ဂဗ္ဘော၊ စက်မတိ ကုတောစိတော၊
ကုစ္ဆိဋ္ဌော လောကဓာတုမှိ၊ အတ္တဘာဝေန ဆာဒယေ။

### အနက်အဓိပ္ပာယ်

ဘဂဝါ-လောကသုံးဖော်၊ နှုန်းမပြော်သည့်၊ ရွှေဘုန်းတော်သခင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ကုစ္ဆိဋ္ဌော-သေးသေးငယ်ငယ်၊ အံ့ဩဘွယ်လျှင်၊ တကယ်မယွင်း၊ ဖန်ဆင်းတော်မူလိုသည်ရှိသော်။ သာသပဂဗ္ဘေ-ငယ်ငယ်သေးသေး၊ မုံညင်းစေ့ကလေးအတွင်း၌၊ ကုတော စိတော-ဤမှထိုမှ။ စက်မတိ-ပရိက္ခရာရှစ်သွယ်၊ အစုံလွယ်လျက်၊ အံ့ဘွယ်ရှစ်ဖြာ၊ ရောင်ခြောက်ဖြာဖြင့်၊ လူးလာတုံ့ပြန်၊ အဖန်ဖန်လျှင်၊ စကြံမားမား၊ ကြွသွားတော်မူနိုင်ပါပေ၏။ ကုစ္ဆိဋ္ဌော-ကြီးမားခန့်ထည် (ထယ်)၊ အံ့ဩဘွယ်လျှင်၊ တကယ်မယွင်း၊ ဖန်ဆင်းတော်မူလိုသည်ရှိသော်။ လောကဓာတုမှိ-စကြာဝဠာ၊ ကမ္ဘာလောကဓာတ်၊ နှံ့စပ်သိမ်းကြုံး၊ တစ်ခုလုံး၌ပင်သော်လည်း။ အတ္တဘာဝေန-ရွှေရောင်ဝင်းလျှပ်၊ ကိုယ်တော်မြတ်ဖြင့်။ ဆာဒယေ-မြင်သူအားလုံး၊ အံ့မဆုံးအောင်၊ လွှမ်းဖုံးတော်မူနိုင်ပါပေ၏။

### ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) အရှင်ဗုဒ္ဓရက္ခိတမဟာထေရ်မြတ်က မြတ်စွာဘုရား၏ဂုဏ်တော်များကို သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းများဖြင့် တန်ဆာဆင်ပြီး အဆန်းတကြယ် ဂါထာအသွယ်သွယ်တို့ဖြင့် ဖွဲ့ဆိုချီးကျူးထားသည့် 'ဇိနာလင်္ကာရစာကိုယ်ပါဠိနှင့် ဇိနာလင်္ကာရဋီကာ' ကျမ်းဟွင်ပါရှိသော ဂါထာဖြစ်သည်။

ထိုကျမ်းတွင် အခန်းပေါင်း(၂၀)၊ ဂါထာပေါင်း(၂၇၉)ဂါထာ ပါရှိ၍ ဤဂါထာသည် (၁၅၄)နံပါတ်မြောက်ဂါထာဖြစ်၏။

ဘဂဝါဂုဏ်တော်အရ က္လာသရိယ၊ ဓမ္မ၊ ယသ-စသော ဘုန်းတော် ၆-ပါးတွင် က္လာသရိယဘုန်းတော်တွင်ပါဝင်သော 'အဏိမာ' (အသေးငယ်ဆုံးဖန်ဆင်းနိုင်တဲ့) ဘုန်းတော်အကြောင်းနှင့် 'မဟိမာ' (အကြီးဆုံးဖန်ဆင်းနိုင်တဲ့) ဘုန်းတော်များအကြောင်းကို စိကုံးပူဇော်ထားသည့် ဂါထာတော်ဖြစ်သည်။

## ဂါထာရွတ်ဆိုပူဇော်ရကျိုး

ဘဂဝါဂုဏ်တော်တွင် 'အဏိမာ၊ မဟိမာ'ဟူသော က္လာသရိယ ဘုန်းတော်တို့ကို ဂါထာ၌ပါသည့်အတိုင်းရွတ်ဆိုလျှင် ရွတ်ဆိုသူအား ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်သည်။ ထိုကုသိုလ်သည် ဘာဝနာကုသိုလ်ဖြစ်၍ ဒါနကုသိုလ်၊ သီလကုသိုလ်တို့ထက် အကျိုးကြီး၏။ တန်ခိုးကြီး၏။ အစွမ်းထက်၏။ ဘုရားရှင်ဟောထားသည့်အတိုင်း 'ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်နိုင်သည့်' အကျိုးတရားများကို ကေန်ခံစားရမည်။ ဆန်းကြယ်သော တန်ခိုးတော်များကို အာရုံပြုရသောကုသိုလ်ဖြစ်၍ ဆန်းကြယ်သောအကျိုးများကိုရရှိနိုင်၏။

နေ့စဉ်ဝတ်ထား၍ မှန်မှန်ရွတ်ဆိုပူဇော်လျှင် လူမြင်သမျှ မေတ္တာသက်ဝင် ချစ်ခင်ကြ၏။ ကျက်သရေမင်္ဂလာရှိ၏။ အလိုဆန္ဒ၊ ကြံသမျှ ပြီးစီးအောင်မြင်၏။ မိမိပြောစကားကို သူတစ်ပါးတို့နားထောင်၏။ ပြိုင်ဆိုင်လာလျှင် မိမိကသာအောင်နိုင်၏။ ဘေးအန္တရာယ် ရန်အသွယ်သွယ် ကင်း၏ဟု ဗားမဲ့ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူ၏။

ပဉ္စမသံဂါယနာတင် မင်းတုန်းဘုရင်ကြီး၏နှမတော်၊ နောင်အခါ တောင်ညာစံဒေဝီ မဟေသီမိဖုရားခေါင်ကြီးဖြစ်တော်မူလတ္တံ့သော သီရိ ဘုန်းထွတ်မင်းသမီးအား ရာဇသင်္ကြံမင်းတိုင်ပင်အမတ်ကြီးသည်

ဤဂါထာပါဝင်သော 'ကာ္လစ္စန္တ ဂါထာ'များဖြင့် 'အစိန္တေယျ ကာ္လစ္စန္တိ' ခေါ် လည်ဆွဲတန်ဆာ စီရင်၍ဆက်သရာ အမြဲဆင်ယင်တော်မူခဲ့သည်။ သုံးလခန့်ကြာသည့်အခါ ရတနာဥကင် ခုံပလ္လင်ထက်တွင် စကြာကမ္ဘာ ထီးရွက်နန်းဖြင့် ပြည်သူ့မိခင်တင်မြှောက်ခြင်းခံရသည်ဟု မဟာသိဒ္ဓိ ကျမ်းရင်းကြီး၌ လေ့လာဖတ်ရှုရသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်ထူးကို ဆည်းပူးရရှိနိုင်သည့် ထိုဂါထာတော်ကို ယုံယုံကြည်ကြည် ဖြင့် နေ့စဉ် အကြိမ်မှန် အချိန်မှန် ရွတ်ဆိုပူဇော်သင့်ကြပေသည်။

## ကိုယ်တွေ့ဝတ္ထု

ကျွန်ုပ် ဆိုမည့်အကြောင်းအရာများသည် စိတ်ကူးယဉ်လုံးဝမပါ။ အမှန်တကယ်ဖြစ်ခဲ့သော အကြောင်းအရာများသာဖြစ်ကြောင်း ဝန်ခံ ပါသည်ဟု ဦးကိုကို(ခ) ဦးတော်က နိဒါန်းပျိုးလိုက်ပါသည်။ နောက် သူ့ကိုယ်တွေ့ဖြစ်ရပ်ဆန်းများကို ဤသို့ပြောပြသည်။

ကျွန်တော်သည် (၁၆)နှစ်သားအရွယ်မှစ၍ ဤဂါထာကို စွဲစွဲမြဲမြဲ ရွတ်ပွားလာခဲ့သည်။ ဤဂါထာ၏သတ္တိမှာ မိမိလုပ်ငန်းအောင်မြင်ခြင်း၊ ဩဇာကြီးမားလာခြင်း၊ လူချစ်လူခင်ပေါ်များလာခြင်း၊ ကောင်းသတင်း ကျော်ကြားခြင်း၊ အမြင်အာရုံရလာခြင်း၊ အနိဋ္ဌာရုံမြင်ကွင်းမှ ရှောင်လွဲ ခြင်း၊ ကြိုတင်နိမိတ်များရတတ်ခြင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကို တွေ့မြင်ရခြင်း၊ သိုက်တံခါးပွင့်ခြင်း၊ ဓာတ်တော်များကိုဖူးမြင်ရခြင်း၊ ပညာအချို့တတ်မြောက်ခြင်း၊ အန္တရာယ်ကင်းခြင်းတို့ဖြစ်ပါသည်။

၁၉၅၉–ခုနှစ်ဦးပိုင်းလောက်က ချောင်းဦးမြို့နယ် အောင်ချမ်းသာရွာ ပေါ်တော်မူဘုရားမှ ဤဂါထာကိုရခဲ့သည်။ ထိုအချိန်မှစ၍ ဂါထာတော်ကို ထုံခဲ့ရာ ယနေ့အထိဖြစ်သည်။၁၉၆၀–ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မိမိမျှော်လင့်ထားသလိုပါလာ၍ တစ်ကြိမ်တည်းဖြင့်တက္ကသိုလ်ရောက်ခဲ့ ပါသည်။ မန္တလေးတက္ကသိုလ်တွင် အဆင့်မြင့်အင်္ဂလိပ်စာသင်ကြား ခွင့်ကိုရခဲ့သည်။ သို့သော် ကျွန်ုပ်မှာ ဤဂါထာကြောင့်ဟု မရိပ်မိသေးပါ။

ဆရာလုပ်လို၍ လျှောက်ထားရာ လဖုံးအထိမ်းအမှတ်ကျောင်း (အထက–၁၄၊ မန္တလေး)တွင် အလယ်တန်းပြဆရာအဖြစ် ခန့်အပ်ခြင်း ခံရ၏။ ကျောင်းအုပ်ဆရာကြီးနှင့်တကွ လုပ်ဖော်ကိုင်ဖက်များ၏ချစ်ခင် လေးစားမှုကိုခံရပါသည်။ ဆရာလုပ်နေစဉ် ဆေးစားမှား၍ မျက်နှာတွင် အဖုအပိန့်တွေထွက်လာခဲ့သည်။ ဆေးကုသသော်လည်း မပျောက်ပါ။ ကြာတော့ ရှက်လာသဖြင့် ကျောင်းဆရာအဖြစ်မှ နုတ်ထွက်ခဲ့ပါသည်။ ထိုအခါ ကိုယ်ပိုင်အချိန်ပိုမိုရရှိလာ၍ နေ့စဉ် သီလဆောက်တည်ကာ ဂါထာတော်ကြီးကို အကြိမ်ပေါင်းများစွာ ရွတ်ပွားပုတီးစိပ်နေမိတော့ သည်။ မိတ်ဆွေတစ်ဦးတစ်ယောက်ကိုမှ အတွေ့မခံဘဲ အခန်းအောင်း ကာ တစ်နှစ်တိတိ အပြင်းအထန်အားထုတ်နေပါသည်။

တစ်နေ့တွင် မတ္တရာမြို့ တောစပ်တစ်နေရာရှိ ရှေးဟောင်းစေတီ ထဲတွင် ပုတီးစိပ်ပါသည်။ ဝင်ပေါက်တစ်ပေါက်တည်းရှိ၍ တဝဂူဘုရားဟု ခေါ်နိုင်ပါ၏။ စေတီထဲတွင် ဆင်းတုတော်ဘုရားမရှိဘဲ ပလ္လင်သာရှိ၏။ အချိန်ကြာကြာ ဂါထာတော်ကိုပုတီးစိပ်ပြီးနောက် အိပ်ပျော်သွားပါသည်။ အချိန်မှာ နေ့လည်ပိုင်းလောက်ဖြစ်၏။ ကျွန်ုပ်၏ခြေဖျားမှ လည်ပင်း အထိ မြေမှုန့်များ ဖုံးလွှမ်းလာပါသည်။ ထိုအခါ ကျွန်ုပ် လန့်နိုးလာ၍ ခြေလက်များ မလှုပ်ရှားနိုင်တော့ပါ။ ဖောချွေးများပြန်လာပြီး ပါးစပ်မှ ဂါထာတော်ကြီးကို ရွတ်မိလိုက်ပါသည်။ ဂါထာတော်၏တန်ခိုးကြောင့် ကျွန်ုပ်ကိုယ်ပေါ်မှမြေမှုန့်များ လည်ပင်းမှခြေဖျားအထိ လျှောဆင်းသွား တော့၏။ ထို့နောက် တော်လဲသံများကြားရ၏။ ကျွန်ုပ် ချက်ချင်းထ၍ ဂူဘုရားထဲမှ ထိတ်လန့်စွာပြေးထွက်လာခဲ့ပါသည်။

ထိုနေ့ညတွင် 'ညီမခုနစ်ဖော်သိုက်ရှိကြောင်း၊ ဂါထာကြောင့် သိုက် တံခါးပွင့်၍ မကျေနပ်သဖြင့် သိအောင်ပြခြင်းဖြစ်ကြောင်း' အိပ်မက် လာပေးပါသည်။ ဤဂါထာရွတ်လျှင် သိုက်တံခါးပွင့်ကြောင်း ကျွန်ုပ် အသိပညာရလိုက်သည်။ ထို့ကြောင့် မိကျောင်းသိုက်၊ ပတ္တမြားမျက်ရှင် သိုက် စသောသိုက်တို့ပွင့်မိပြီး သိုက်တွင်းဘုရားများကို ဖူးမြော်နိုင်

ခဲ့၏။ နွေရာသီညတစ်ညတွင် ဂါထာတော်ကိုရွတ်ပွားနေရင်း ကြက်သီး မွေးညင်းများထလာပါသည်။ ခန္ဓာကိုယ်တွင်းတွင် အပူလှိုင်းများပေါ်လာ သည်။ ထိုစဉ် သံဃာတော်တစ်ပါး ကျွန်ုပ်ရှေ့မှောက်ပေါ်ပေါက်လာပြီး မြန်မာဆေးထိုးစုတ်တံမျိုးဖြင့် ကျွန်ုပ်၏ဝဲဘက်လက်ဖျံ၌ ဆေးနှစ်ကြိမ် ပေါက်ပေးသွားသည်။ ကျွန်ုပ်လည်း အံ့ဩနေရင်း အိပ်ပျော်သွား၏။ အိပ်ရာမှနိုးလျှင်နိုးခြင်း ထိုနေရာကိုကြည့်ရှုရာ စုတ်အပ်ပေါက်ရာ နှစ်ပေါက်ကို တွေ့ရ၏။ ထို့နောက် ကျွန်ုပ်ခံစားနေရသည့် မျက်နှာတွင် ပေါက်နေသော အဖုအပိန့် အရေပြားဝေဒနာများအားလုံး လုံးဝ ပျောက်ကင်းသွားပါတော့သည်'ဟု ဂါထာတော်ကြီးတန်ခိုးအကြောင်းကို ဦးကိုကိုက ပြောကြားသွားပါသည်။

●

## အခန်း (၂၄)

## အရာခပ်သိမ်းအောင်မြင်ပြီးငြိမ်းနိုင်သော
## အောင်ရှစ်ချက်သစ္စာပန္နက်ဂါထာတော်

ဇယစက္ကော ဇယန္တော ယော ဇယိတဗ္ဗေ ဇယာသနေ၊
ဇယာပေသိ ဇယေသိနံ၊ ဇယံဒေတု ဇယုတ္တရော။

## ဂါထာအနက်

ယော ဇယစက္ကော–ပါရမီတော်ဆယ်ချက်၊ အောင်လက်နက်ပိုင်ရှင်၊ အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ–အောင်သိဒ္ဓိ ဆင်မြန်းသည့်၊ ပလ္လင်နန်းမှန်ကင်း၊ အောင်ဗောဓိပင်ရင်း၌၊ ဇယိတဗ္ဗေ– အောင်အပ်သည့်တရား၊ မာရ်ငါးပါးအပေါင်းတို့ကို၊ ဇယန္တော–အကြွင်းမဲ့ ချေမှုန်းလျက်၊ ပျက်ပြုန်းကာပယ်ရှင်း၍၊ အောင်ခြင်းကြီး အောင်တော်မူ ခဲ့လေပြီ။ ဇယေသိနံ–မြတ်နိဗ္ဗာန်အောင်နန်းနှင့်၊ အောင်ဘိသိက် ပန်းမင်္ဂလိကို၊ များထိုထိုဝင့်အတွင်းမှ၊ လွတ်ကင်းအောင်အာသာကြီးဖြင့် ရှာမှီးကာနေကြကုန်သူတို့အား။ ဇယာပေသိ–ကိုယ်တော်မြတ်နှင့်အတူ၊ အောင်ပန်းကိုဆွတ်ချူ၍၊ ထက်အငူအမြိုက်ခာတ်တို့၊ ဆိုက်ကပ်တော် မူစေ၍ အောင်စေတော်မူလေပြီ။

ဇယုတ္တရော–အောင်သူတကာတို့၏မှန်ကင်း၊ အောင်ခြင်းတကာ တို့၏ဥသျှောင်၊ ထွန်းခေါင်မြတ်သရဖူ၊ သယမ္ဘူမကိုင်ထီး၊ အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီးဖြစ်ပေထသော။ သော ဇယစက္ကော–အလုံးစုံအောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ–မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန်လက်လှမ်း၍၊ ကြိုးပမ်းကာအာသာကြီးဖြင့် ရှာမှီးသူအကျွန်ုပ်အား။ ဇယံ–အောင်ခြင်းကို(ဝါ)အောင်ပန်းဝေမြိုင်၊ အောင်ဖူးတွေ ကြိုင်လှိုင်သည့်၊ အောင်သိဒ္ဓိပန်းခိုင်ကြီးကို။ ဒေတု– ပေးသနားတော်မူပါ့အရှင်မြတ်ဘုရား။

## ဂါထာဖြစ်ပေါ်လာပုံ

ဤဂါထာကား ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းများ၌လာသည့် ဂါထာမဟုတ်။ သမ္ဗုဒ္ဓေဂါထာ-စသော ဂါထာများကဲ့သို့ ရှေးကျမ်းဂန်တတ်ပုဂ္ဂိုလ်ကြီးများ ရေးဖွဲ့စီမံခဲ့သည့် ဂါထာဖြစ်သည်။ ဆန်းဂိုဏ်းနှင့်အညီ ဖွဲ့ဆိုထားသော ပထျာဝတ္တဂါထာမျိုးဖြစ်သည်။ ဘုရားဟောကျမ်းဂန်လာ မဟုတ်သော်လည်း ဘုရားဟောထားသည့် တရားသဘောများကို စီကုံးဖွဲ့ဆို၍ အောင်ဆုတောင်းထားသော ဂါထာဖြစ်၍ မဟာပဒေသကြီးလေးပါးတွင် သုတ္တာနုလောမဂါထာမျိုးဖြစ်၍ ဘုရားဟောဂါထာတော်များနည်းတူ ရွတ်ဆိုဆုတောင်းကောင်းပါသည်။ ဆုတောင်းသဖြင့် မိမိ၏ သီလ၊ သမာဓိ ကိုယ်ခံတရားများအားလျော်စွာ အောင်မြင်ခြင်းအကျိုးတရားများကို ရရှိခံစားရနိုင်ပါသည်။

သုံးလောကထွတ်တင် ဗုဒ္ဓရှင်တော်ဘုရားသည် မဟာဗောဓိပင်အနီး အပရာဇိတအောင်ပလ္လင်ပေါ်တွင် မာရ်ငါးပါးကိုအောင်မြင်တော်မူခြင်းသည်လည်းကောင်း၊ သတ္တဝါအများတို့ကို နိဗ္ဗာန်အရောက်အောင်မြင်စေတော်မူခြင်းသည်လည်းကောင်း ဤဂါထာဝယ် မှန်ကန်သော သစ္စာစကားတော်များဖြစ်၏။ ထို့ကြောင့် ထိုဂါထာကိုရွတ်ဆိုခြင်းသည် ထိုသစ္စာစကားများကိုဆိုရာရောက်၍ 'သစ္စပန္နက်'ဂါထာဟု ဆိုထားခြင်းဖြစ်သည်။ မြန်မာလို 'အောင်မြင်ခြင်း'အဓိပ္ပာယ်ရသည့် ပါဠိလို 'ဇယ'ရစ်ကြိမ်ပါသောကြောင့် အောင်ရစ်ချက်ဟု အမည်ပေးထားခြင်းဖြစ်သည်။

## ဂါထာရွတ်ဆိုရကျိုး

ဤဂါထာကို အမြဲရွတ်ဆိုနေသူ ရန်ကုန်မြို့၊ စဋ္ဌအိုးတန်း အထက်လမ်းမှာ နေထိုင်သည့် ဦးလွန်ကဲက-'ဒီဂါထာကိုရွတ်ဆိုလျှင် ဖော်ပြပါသစ္စာအချက်နှစ်ချက်ကို နှုတ်မြွက်ပြုပြီးသားဖြစ်ပါတယ်။ သစ္စာဆိုသူဟာ အစစအရာရာအောင်မြင်ချမ်းသာနိုင်စေဖို့ အောင်တော်မူမြတ်စွာဘုရားက

မိမိအား အောင်ဆုပေးပါလို့ ပတ္ထနာအာသီသပြုခြင်းဖြစ်တယ်။ အောင်မြင်ဖို့လည်း စိတ်ညွှတ်ရပါတယ်။ အောင်မြင်မှုရစေရန် ကြိုးစားပြီး သစ္စာပြုရပါတယ်။ ဆုပန်ရပါတယ်။ မြတ်စွာဘုရားရဲ့ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်တို့ကို သိမှတ်ယုံကြည်ရပါတယ်။

ဒီဂါထာတော်ကိုသရဇ္ဈာယ်သူဟာ ဆန္ဒလည်းဦးစီးတယ်။ ဝီရိယလည်း ထက်သန်တယ်။ စိတ်ဓာတ်လည်းပြင်းပြတယ်။ ပညာအမြင်လည်း စူးရှတယ်။ ဒီဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့တစ်လုံးညွှတ်စီ ဦးစီးနေကြပါတယ်။ ဒါကြောင့် ဆန္ဒရှိရင်၊ ဝီရိယရှိရင်၊ စိတ်ရှိရင်၊ ပညာရှိရင် ဘာမဆိုပြီးစီးအောင်မြင်ရမယ်ဆိုတဲ့ တရားသဘောနဲ့လည်း အံဝင်ပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ယခုလေ့လာလိုက်စားနေတဲ့ လောကီပညာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့အရေးခပ်သိမ်းတို့မှာ အခက်အခဲမရှိ၊ ခလုတ်မထိ၊ ဆူးမငြိဘဲ ချောချောမောမော အောင်အောင်မြင်မြင်နဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်နေတာဟာ ဒီဂါထာတော်ကြောင့်ပဲဖြစ်ပါတယ်။ ရွတ်ဆိုတဲ့အခါမှာ စိတ်သန့်သန့်ရှင်းရှင်း ကြည်ကြည်လင်လင်ထားပြီးတော့ ရွတ်ဆိုပါ။ မကြာမီ အကျိုးထူးလာပါလိမ့်မယ်'ဟု အားပါးတရပြောကြားခဲ့ပေသည်။

●

## အခန်း (၂၅)

## ကျေးရှူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသံဝေဂဩဝါဒကထာများ

(၁) ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခသစ္စာမှတ်။
(၂) ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
(၃) ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံး နိဗ္ဗာန်မှတ်။
(၄) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

### မဂ်ရကြောင်း ၅–ပါး

(၁) ယုံကြည်၊
(၂) ကျန်းမာ၊
(၃) စိတ်ဖြောင့်စွာ၊
(၄) လွန်စွာအားထုတ်၊
(၅) နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊
ဤငါးအင် အမှန်ပင်မဂ်ရကြောင်း။

### မဂ်ဖိုလ်ဝေးကြောင်း ၅–ပါး

(၁) မစွန့်ကာမ၊
(၂) ဆရာမရှိ၊
(၃) ဝီရိယလျော့၊
(၄) အားအင်ပြော့ကာ၊
(၅) လွန်စွာယူမှား ဤငါးပါး တရားမဂ်ဖိုလ်ဝေးလေသတည်း။

### မဂ်ဖိုလ်ရကြောင်းတရား

(၁) သူတော်ဆည်းကပ်၊
(၂) မြတ်တရားနာ၊

(၃) လျှော်စွာအကျင့်၊
(၄) မဂ်ဖိုလ်ရခွင့်၊ ရလင့်ကေန်သာ။
(၅) ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။
(နံပါတ်-၅ ကို တစ်နေ့သုံးကြိမ်စီဆိုပါ။ ခဏခဏဆိုပါ။)

## အောက်ပါများကို နှစ်ခါစီ ဆိုရမည်။

၁။ သစ္စာလေးပါးဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။
၂။ ရခဲတဲ့ဘဝကလေးမှာ အလကားအချိန်တွေမဖြုန်းလိုက်ပါနဲ့။
၃။ နားက တရားကိုနာပါ၊ ဉာဏ်က ခန္ဓာလှည့်ပါ။
၄။ တရားနာတာသည် မိမိအရေး၊ တရားအားထုတ်တာသည် မိမိအရေး။
၅။ နားကြီးကြီးနှင့် တရားကိုနာပါ။
၆။ ဝိပဿနာအားမထုတ်ဘဲနဲ့ နေ့ရွှေ့ရက်ရွှေ့ ရွှေ့နေတာသည် ဉာဏ်ကမဦးဘဲ အသေကဦးသွားလျှင် ကိုယ့်အတွက် အလွန်နစ်နာမည်။
၇။ ဝိပဿနာအားထုတ်တဲ့အခါမှာ ကိလေသာကြားမခိုစေနဲ့။
၈။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာရှိတာမဟုတ်ဘူး၊ ခန္ဓာထဲမှာရှိတဲ့ တရား။
၉။ မိမိခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိမိဉာဏ်နှင့်ရှင်းအောင်လုပ်ပါ။
၁၀။ စာပဋိစ္စသမုပ္ပါဒ်သိတာသည် သညာသိ၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် သိတာကမှ ပညာသိ။
၁၁။ သညာသိနှင့် နိဗ္ဗာန်မရောက်နိုင်ပါ၊ ပညာသိနဲ့မှ နိဗ္ဗာန်ရောက်နိုင်သည်။
၁၂။ ရှေ့နောက်ခွဲတတ်ပါစေ၊ မိမိအရေးကို ရှေ့ကထားပါ။ သားသမီးအရေးကို နောက်ကထားပါ။

၁၃။ ဘဝကူးကောင်းအောင်မလုပ်ပါနဲ့၊ ဘဝပြတ်အောင်လုပ်ပါ။

၁၄။ ဒါနက သံသရာရှည်တာလား၊ ဒါနနောက်က အသိမလိုက်လို့ သံသရာရှည်တာလား။

၁၅။ ဒါနနောက်က အသိမလိုက်လို့ သံသရာရှည်တာပါ။

၁၆။ သစ္စာကိုသိလျှင် ခန္ဓာကိုရောင်းလှူပါ။

၁၇။ အရှိနှင့်အသိ ကိုက်အောင်လုပ်တာ ဝိပဿနာ။

၁၈။ အိုရာက နာရာမရောက်ခင် ဝိပဿနာလုပ်ပါ။

၁၉။ ရှေ့ကစိတ်ကို နောက်စိတ်နှင့်ရှုတာ ဝိပဿနာ။

၂၀။ ရှေ့နာမ်ကို နောက်ဉာဏ်နှင့်ရှုတာ ဝိပဿနာ။

၂၁။ ရှေ့အသေကို နောက်အနေနှင့်ရှုတာ ဝိပဿနာ။

၂၂။ အသေက ဖြစ်ပျက်၊ အရှင်က မဂ်၊ အပျက်နှင့်မဂ်နဲ့ ကိုက်အောင် ရှုတာ ဝိပဿနာ။

၂၃။ ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်နဲ့ ကိုက်အောင်ရှုတာ ဝိပဿနာ။

၂၄။ အသေကို အရှင်ကကြည့်တာ ဝိပဿနာ။

၂၅။ အလုပ်ကြည့်ချင်ရင် ခန္ဓာကြည့်၊ အလုပ်စဉ်ကြည့်ချင်ရင် မှတ်တမ်းကြည့်။

၂၆။ သူများစိတ် အကဲမခတ်နဲ့၊ မှားသော်ရှိ မှန်သော်ရှိ၊ ကိုယ့်စိတ်ကို ကိုယ်ကအကဲခတ်တာမှ အမှန်ရမည်။

၂၇။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိတာ အဆိုးဆုံး။

၂၈။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာဖြစ်မည်။

ဖြစ်ပျက်က......ဒုက္ခသစ္စာ၊

သိတာက......မဂ္ဂသစ္စာ၊

သေတာက......သမုဒယသစ္စာ၊

နောင်ခန္ဓာမလာတာက......နိရောဓသစ္စာ။

●



# ကျမ်းပြုပုဂ္ဂိုလ်

## ဓမ္မာစရိယဦးအေးနိုင် (ဘီ၊ အေ)

ဆရာကြီးဦးအေးနိုင်ကို ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ခနွဲကဘိုရွာတွင် ဦးဘပေ+ဒေါ်ဘော်တို့မှ ၁၂၈၄–ခု၊ ပြာသိုလဆန်း (၇)ရက် (၂၄ /၁၂ /၁၉၂၂) နေ့တွင်ဖွားမြင်ခဲ့သည်။ သာသနာဘောင်သို့ ဝင်ရောက်ခဲ့ပြီး အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏအသင်းကထာပြန်အကျော် ဓမ္မာစရိယ စသည့်ဘွဲ့ထူးများ ရရှိခဲ့သည်။ ၁၉၆၅–ခုနှစ်တွင် ဘီ၊အေ(ဝိဇ္ဇာ)ဘွဲ့ကိုရပြီး ပညာရေးဌာနတွင် အထက်တန်းပြဆရာအဖြစ်အမှုထမ်းခဲ့သည်။ သာသနာရေးဦးစီးဌာနတွင် စာတည်းအယ်ဒီတာ၊ ကျမ်းပြုဌာနစုမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်များထမ်းဆောင်၍ အငြိမ်းစားယူခဲ့သည်။ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဇောတိကဓဇ ဘွဲ့များရရှိခဲ့သည်။ ဆယ့်နှစ်လရာသီ မြန်မာ့ရိုးရာပွဲတော်များ ကျမ်းစာအုပ်အပါအဝင် ကျမ်းစာ(၁၅)အုပ် ကိုပြုစုခဲ့သည်။ ယခုသာသနာရေးဝန်ကြီးဌာန၊ ပိဋကတ်တော်အင်္ဂလိပ်ဘာသာပြန်အဖွဲ့တွင် စာတည်းပညာရှင်အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်၊

creatorkyawzay(nd) colorseperationnewdaytel201437